
www.burmeseclassic.com

ဂျူး

# ပန့်ခတ်သူ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဗျူးတာပေ)
အမှတ်- ၅၂၀(က)၊ အင်း၀ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျင်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ စော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးဝန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုပေါက် (Image Art Work)
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ဗျူးတာပေ
၀၉ ၅၀၃၀၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊
၀၁ ၈၅၀၀၆၉၆

| |
|---|
| ၈၉၅. ၈၃ |
| ချူ |
| မန်းခတ်သူ |
| ဗျူးတာပေ ၊ ၂၀၁၄။ |
| ၂၄၂ - စာ ၊ ၁၂ × ၁၈ စင်တီ။ |
| (၁) မန်းခတ်သူ |

BURMESE CLASSIC .com

## အခန်း (၁)

"မင်းရဲ့နာမည်"

"ပုရစ်ဖူးပါ"

"ပွင့်ဖြူက လာတာနော်"

"ဟုတ်ပါတယ်ရှင့်"

"ဒီအလုပ်ကငွေအများကြီးတော့ရတယ် ဒါပေမဲ့ အပြင်ကိုတော့ ထွက်ခွင့်မရှိဘူးနော်၊ လိုအပ်တာမှန်သမျှ ဒီထဲမှာ အကုန်ရနိုင်တယ်၊ မင်းကို မလှသင်းကြွယ် ဘာပြောထားတာ ရှိသေးလဲ"

"လစာကောင်းကောင်းရမယ့် အလုပ်ပြင်ဆိုင်တစ်ခုကို ခေါ်သွားပေးမယ်လို့ပဲ ပြောပါတယ်"

"ဪ မလှသင်းကြွယ်က ဒီလိုပဲပြောထားတာလား"

"ဟုတ်ကဲ့ရှင့် ပုရစ်ကို အလုပ်ခန့်မယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ပုရစ်အမေးကြောင့် သီတာသွင် ကျေနပ်စွာပြုံးလိုက်သည်။

ထိုအပြုံးသည် ရှိးသားသော အပြုံးတစ်ခုမဟုတ်ဆိုတာ ပုရစ်ဖူး မခွဲခြားတတ်။

"အေးလေ ညည်းလေးလို ရုပ်ခံ့ရှိတဲ့မိန်းကလေးတွေကို ငါတို့ပန်းသခင်က အမြဲတမ်း ဝဲလ်ကမ်းပါပဲ၊ မလှသင်းကြွယ်ကတော့ မင်းမိဘတွေကို ပြန်ပေးရမှာမို့ ကြိုတင်လစာငွေအဖြစ် သုံးလစာကြိုထုတ်သွားတယ်"

"ရှင် ဘယ်လို ပုရစ်မိဘတွေအတွက်ဟုတ်လား။ ပု ပုရစ်မှာ မိဘတွေမှ မရှိတော့တာ၊ အဲဒါ သူ ညာသွားတာ၊ ပုရစ် သူ့ကို မထုတ်ခိုင်းဘူး"

ဒါကိုတော့ ငြိမ်ခံနေ၍မဖြစ်။ ဒီမိန်းမကြီး ပုရစ်အပေါ် ကလိန်ကျသွားပြန်ပြီ၊ ရင်ထဲမှာ ဒေါသလည်းထွက် စိတ်တွေလည်းလှုပ်ရှားသွား၍ အသားတွေပင် တဆတ်ဆတ်တုန်လာသည်။

ဘာမှထောင် မလုပ်ရသေးဘူး။ ပုရစ်လုပ်အားခကို သူ ကလိမ်ကျပြီး ကြိုထုတ်သွားသတဲ့လား။

"ဒါတော့ ငါလည်းမသိဘူး၊ သူပြောပုံအရဆို မင်းမိဘတွေက တော်တော်လေးကို ဒုက္ခရောက်နေတာတဲ့၊ မင်းက မပြောရဲလို့ သူပြောပေးရတာပါလို့ပြောလို့ ငါတို့က မင်းရုပ်ကလေးကလှတော့ မငြင်းချင်တော့တာနဲ့ ပေးလိုက်ရတာ၊ ဒီမှာကြည့် သူ လက်မှတ်ထိုးပြီးထုတ်သွားတာ"

ဖိုင်တွဲတစ်ခုကိုဖြန့်ကာ ပုရစ်ကိုလှမ်းပြသည်။ မျက်ဝန်းမှာ

မျူ၊ ၁၀၇၆၀



မျက်ရည်တို့ ရစ်ဝဲနေပြီမို့ ထိုဖိုင်ထဲမှာ ညှပ်ထားသည့် စာရွက်ပေါ်မှာ ဘာတွေရေးထားသည်ဆိုတာကို သဲကွဲစွာ မမြင်ရတော့. . .။

သူ့ကိုအားကိုးပြီး လိုက်လာပါသည်ဆိုမှ သူကိုယ်တိုင်ကိုက ပုရစ်အပေါ်မှာ ခေါင်းပုံဖြတ်သွားသည်။ သို့သော် ပုရစ် ဘာကိုပြောပိုင်ခွင့်ရှိတော့မလဲ။ ပုရစ်နဲ့မဆိုင်ပါဘူးဟု ငြင်းလိုက်ချင်ပေမယ့် ပုရစ် အဲလောက်သတ္တိမရှိတာ ပုရစ်သာ အသိဆုံး။

ရန်ကုန်မြို့ကြီးက ပုရစ်ကို ခုလိုပုံစံမျိုးနှင့်ကြိုဆိုလိုက်ပြီပဲ။ ဒီတော့ ကိုယ်ကကံဆိုးလို့ဟုပဲ မှတ်ယူရတော့မှာပင်။ ရင်ထဲမှာတော့ နည်းနည်းလေးမှ မကောင်း။ ခုချိန်မှာ ဒီနေရာကနေ အငွေ့အဖြစ် ပျံထွက်ပြီး ရွာကိုပြန်ပြေးချင်စိတ်ပေါက်မိသည်။

"ကဲပါလေ မင်း အဲသလောက် စိတ်ညစ်မနေပါနဲ့၊ ဒီငွေတွေကို မင်းအလုပ်ကြေးနဲ့ပြန်ဆပ်မယ်ဆိုရင်တောင် ဘယ်လောက်မှမဆပ်ရပါဘူး"

ပုရစ်ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး နှစ်သိမ့်နေသော သီတာသွင်သည် တောင့်တောင့်ဖြောင့်ဖြောင့်ခန္ဓာကိုယ် အချိုးအစားနှင့် လှပသော ပုရစ်၏မျက်နှာလေးကို အရင်းတည်၍ ရလာမည့်အမြတ်ကို ကိန်းဂဏန်းတွေဖြင့် ပြောင်းလဲတွက်ချက်လိုက်ပြီးသား။

"ဟိုလေ ပုရစ်က ဒီမှာ ဘာလုပ်ရမှာလဲဟင်၊ ရွာမှာဆိုရင်တော့ ဘူထိပ်က အလှပြင်ဆိုင်မှာ လေးငါးခြောက်လလောက် ဝင်လုပ်ဖူးတော့ ဆံပင်ညှပ်တာ ဖြောင့်တာ ကောက်တာလောက်ကို အနည်းငယ်ကျွမ်း

မျူ၊ ၁၀၇၆၀

www.burmeseclassic.com



တတ်ထားပါတယ်''

ပုရစ်ဖူး အပြောကြောင့် သီတာသွင် မဲ့ခနဲ ရယ်လိုက်သည်။

''အင်းပါ ခုလောလောဆယ်တော့ မင်းတတ်ထားတဲ့ပညာလေးနဲ့ မင်းရဲ့ပုံစံကို အရင်ဆုံးပြုပြင်ရမယ်၊ နောက်မှ ဒီမှာလုပ်ရမယ့်လုပ်ငန်းစဉ်တွေကို အသေးစိတ်ပြောပြမယ်''

''ဟုတ်ကဲ့''

ခေါင်းတစ်ချက်ဆတ်ပြီး ပုရစ်အကြည့်တွေက အဆောက်အဦအတွင်းသို့ ဝေ့ကြည့်လိုက်သည်။ ပုရစ်ထိုင်နေသော နေရာသည် အဆောက်အဦးကြီး၏ဧည့်ခန်းဆောင်ဖြစ်ပြီး ကျန်သည့်နေရာတွေမှာ အခန်းတွေဖြင့် ဖွဲ့စည်းထားပြီး ထိုအခန်းတွေအားလုံးကို အညိုရောင်မှန်များဖြင့် ကာထားသည်။

လူနေအိမ်ပုံစံနှင့်မတူသော ထိုအဆောက်အဦးကြီးသည် အလှပြင်ဆိုင်နှင့်တူသော အပြင်အဆင် တန်ဆာပလာတွေတစ်ခုမှမတွေ့ရ။

လှုပ်ရှားသွားလာနေသော မိန်းကလေးတွေ၏ဇာကိုင်တွေကလည်း နိုင်ငံခြားမင်းသမီးတွေဟု ထင်ရလောက်အောင်ကို ခေတ်ရှေ့ပြေးလွန်းကာ လိုတာထက်ပို၍ လှပကျော့ရှင်းနေကြသည်။ မလုံတလုံ ဝတ်စားထားသော အဝတ်အစားတွေက မိန်းကလေးအချင်းချင်းပင် အံ့မြင်ရိုင်းနေသည်။

အခန်းတွေထဲ ဝင်သွားလိုက်ကြ ထွက်လာလိုက်ကြ ဝင်သူဝင်ထွက်သူထွက် ခြေရှုပ်ဗျာများနေကြသော ကောင်မလေးများ၏ အကြည့်





တွေသည် ဧည့်ခန်းထဲတွင် ခပ်ကုတ်ကုတ်လေးထိုင်နေသည့် ပုရစ်ဖူးထံသို့ စပ်စုသလို အကြည့်ဖြင့် ကြည့်လာကြသည်။

ပုရစ်ဖူး သမင်လည်ပြန်လေးလှည့်ကြည့်နေရင်းမှ ဒီနေရာဟာ ဘာလုပ်သည့်နေရာလဲဟု ပြင်းပြစွာသိချင်လာသည်။ ပုရစ်စိတ်ထဲတွင် ရှာနှင့်တခြားစီဖြစ်နေ၍ ကမ္ဘာသစ်တစ်ခုထဲကို ရောက်နေသလိုလို အတွေးမျိုးဖြစ်ကာ ရင်ထဲမှာ မွန်းကြပ်သလိုလိုကြီး ခံစားလာရသည်။

''မမ ဒါ လူသစ်လား''

မှန်လုံခန်း၏ဝင်ပေါက်တံခါးကြီးကို တွန်းဖွင့်၍ ဝင်လာသော အသက်သုံးဆယ်ကျော်ခန့် ခပ်ဖြောင့်ဖြောင့်ယောကျ်ားတစ်ဦး ပုရစ်အနားသို့ လျှောက်လာသည်။ ပုရစ်ကို ပိုင်စိုးပိုင်နင်းဆန်စွာဖြင့် ရဲတင်းစွာကြည့်ပြီး ကောင်တာတွင် ထိုင်နေသော သီတာသွင်ကိုမေးလိုက်သည်။

''ဟုတ်တယ် ဖန်လ်လုံး ဘယ်လိုလဲ ဒီမှာအသုံးဝင်မယ့်ရုပ်ကလေးမဟုတ်လား''

သီတာသွင် ဖန်လ်လုံကို ပုရစ်ဖူး မကြားအောင် ခပ်တိုးတိုးပြောသည်။

''မမသဘောလေ အဓိကကလုပ်ငန်းပေါ်မှာ စိတ်ဝင်စားမှုရှိဖို့ပဲ မဟုတ်လား။ ဒီနေရာက ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်လို့ရတဲ့နေရာမဟုတ်ဘူးဆိုတာကိုလည်း ပြောပြထားဦး''

''အေးပါ ဒါ ငါ့အလုပ်ပါ''

''ဒါနဲ့ M.K.K က ဘော့စ် ရောက်ပြီလား''



www.burmeseclassic.com

www.burmeseclassic.com



"ရောက်လို့ အခန်းထဲတောင် ဝင်သွားပြီ"

"ဘယ်အခန်းထဲမှာလဲ"

"အထူးခန်းထဲမှာပေါ့"

"အိုကေ သူပြန်ခါနီး သူနဲ့အလုပ်ကိစ္စတစ်ခု ပြောစရာရှိတယ်၊ ခုလောလောဆယ် ရေချိုးလိုက်ဦးမယ်"

ဖန်လိလုံးဆိုသည့်လူ ပြောရင်းဖြင့် ပုရစ်ဖူးကိုတစ်ချက်ငေးကြည့်ပြီး အပေါ်ထပ်သို့ လှေကားထစ်တွေကို ခပ်သွက်သွက် နင်းတက်သွား၏။

သူ တက်သွားပြီး မကြာလိုက်· ကောင်မလေးတစ်ယောက် ထိုလှေကားမှပင် ဆင်းလာသည်။

"မြတ်စုရေ ဒီတစ်ယောက်ကိုခေါ်ပြီး ထပ်ခိုးမှာ နေရာစီစဉ်ပေးလိုက်"

"ဟုတ်ကဲ့ မမကြီး"

မြတ်စုဆိုသော မိန်းကလေး ပုရစ်ကိုခေါင်းတစ်ချက်ဆတ်ပြပြီး

"လာ တို့နဲ့လိုက်ခဲ့"

ပုရစ်ဖူး ထိုင်နေရာမှ ထလိုက်ပြီး မရဲတရဲ ခြေလှမ်းတွေဖြင့် မြတ်စုနောက်ကို လိုက်လာခဲ့လိုက်သည်။

အခန်းတွေတစ်ခန်းပြီးတစ်ခန်းရှေ့ ဖြတ်လျှောက်လာခဲ့ပေမယ့် အခန်းတွေသည် စတစ်ကာမှန်တွေမို့ အထဲကို မမြင်ရ။ ရွာက ကိုသာချို ပြောတဲ့ မြို့မှာမှုး တည်းခိုခန်းတွေပေါ့ဆိုသည့်အတိုင်း ဒါဟာ တည်းခို



ခန်းများလားဟု စိတ်ထဲမှာ သို့လော သို့လော တွေးလာလိုက်သည်။

မလှသင်းကြွယ် ပြောတာကတော့

"ညည်း ဟိုရောက်ရင် အလှပြင်တဲ့ပညာတွေသင်ရမယ်၊ ကောင်းကောင်းဝတ် ကောင်းကောင်းစားရမယ်၊ လစာတွေလည်း ကောင်းကောင်းရမယ်"

ဟု ပြောသည်။

မိဘတွေ ပုရစ်ဘဝမှာမရှိမှတော့ ရွာမှာမှီတွယ်ပေကပ်ပြီး မနေချင်တော့၍ ရန်ကုန်ကိုစွန့်ပြီး ထွက်လာခြင်းဖြစ်သည်။

သို့သော် ရန်ကုန်မြေပေါ်ကြီးဆိုမှက ပုရစ်အပေါ် နိုင့်ထက်စီးနင်း ဆန်စွာ ခွေးထွေးမှုမရှိဘူးဟု ထင်သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဒီလှေကားအတိုင်း တက်သွားလိုက်၊ အဲဒီမှာ နင်အိပ်ဖို့ ကျောတစ်ခင်းစာတော့ရှိတယ်၊ ပြီးရင် ပြန်ဆင်းလာဦးနော်၊ မနက်ဖြန်က စပြီး နင်အလုပ်ဝင်ရတော့မှာဆိုတော့ လုပ်ရမယ့်လုပ်ငန်းစဉ်တွေကို ပြောပြမယ်"

မရယ်မပြုံး ခပ်တည်တည် မျက်နှာအမူအရာနှင့်ပြောနေသော မြတ်စုပုံစံက ပုရစ်ဖူးကို ဘာမှအပိုအလိုပြောချင်ပုံမပေါ်။

"ပုရစ်ကို အလုပ်ခန့်လိုက်ပြီဆိုတော့ ပုရစ်က ဒီမှာဘာလုပ် ရမှာလဲဟင်"

ထပ်ခိုးလှေကားပေါ် ခြေလှမ်းတက်ဖို့ရွယ်ပြီးကာမှ မမေးမဖြစ်သောမေးခွန်းကို အရဲစွန့်ပြီး မေးလိုက်သည်။

"နင်က ဒီကို ဘာလုပ်မယ်လို့ စိတ်ကူးပြီး ရောက်လာတာလဲ"





ပုရစ် မေးခွန်းကို မဖြေဘဲ သူကပင်ပြန်၍ မေးခွန်းထုတ်လိုက်သော မြတ်စုကို မျက်လုံးလေး ကလယ်ကလယ်ဖြင့် ပြန်ကြည့်လိုက်ပြီး

"အလှပြင်ဆိုင်မှာအလုပ်လုပ်ဖို့ပါ၊ ဟိုလေ ပုရစ်သိထားတာက အလှပြင်ဆိုင်လို့ပဲ သိထားတာ၊ ဒါပေမဲ့ အလှပြင်ဆိုင်နဲ့လည်းမတူဘူး၊ အလှပြင်တဲ့သူတွေကိုလည်း မတွေ့ရဘူး"

အူလည်လည်ဟန်နှင့် ပြောနေသော ပုရစ်ကိုကြည့်ပြီး မြတ်စု စိတ်ပျက်စွာ ဟွန့်ခနဲ ရယ်လိုက်ပြီး

"ဒါဆိုရင်တော့ နင် အညာမိသွားတာပဲ၊ ကဲပါလေ ဒီနေရာက ဘာလုပ်တဲ့နေရာဆိုတာ ငါမပြောလည်း နင် တဖြည်းဖြည်း သိလာမှာပဲ၊ ဒါပေမဲ့ နင်သိထားဖို့က ငါတို့အသက်ရှင်ရပ်တည်ဖို့အတွက် ထမင်းကျွေးနေတဲ့နေရာဆိုတာပဲ ကဲ တက်လို့ရပြီ"

မရေရာသောအဖြေနှင့် ပို၍စိတ်ရှုပ်ထွေးသွားစေသော စကားသည် ပုရစ်အတွက် အားငယ်စိတ်တွေ ပို၍ကြီးထွားလာသည်။ ဘာမှ ထပ်မေးမနေတော့ဘဲ အထုပ်ဆွဲကာ လှေကားကျဉ်းကျဉ်းလေးပေါ်သို့ နှမ်းလျစွာတက်ခဲ့လိုက်သည်။

ထပ်ခိုးဖြစ်နေ၍လားမသိ အလင်းရောင်ကောင်းစွာ မရသော ခပ်မှောင်မှောင် အခန်းဖြစ်သည်။

အဝတ်တန်းတွေမှာ အဝတ်တွေ တို့လို့တွဲလောင်းနှင့် အိပ်ရာတွေက သိမ်းပြီးတာရော မသိမ်းရသေးတာရော အားလုံး ဖရိုဖရဲရှုပ်ပွနေ၏။ မိန်းကလေးတွေနေသော အခန်းဟုပင် မထင်ရ။



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်မှိန်မှိန်အောက်တွင် ကိုယ့်အထုပ်ထားဖို့ အဆင်ပြေသောနေရာကို ဖွေပြီးရှာလိုက်သည်။

ပေနှစ်ဆယ်ခန့်သာကျယ်သော အခန်းမှာ မျက်နှာကျက်နှင့်ကပ်နေသည့် ထပ်ခိုဖြစ်နေ၍ ပုရစ် အသက်ရှုကျပ်သလို ခံစားမိသည်။

"အမလေး"

"ဟင်"

ရုတ်တရက် ခလုပ်ဝင်တိုက်မိသောကြောင့် လန့်အော်လိုက်သည်။ စောင်ခေါင်းမြီးခြုံကာ ဆန့်ဆန့်ကြီးအိပ်နေသော မိန်းကလေးတစ်ယောက်ကို ပုရစ် လုံးဝမတွေ့၍ တက်နင်းမိလိုက်ခြင်းဖြစ်သည်။

ပိန်လှီဖျော့တော့နေသော ထိုမိန်းကလေးသည် ဝေါက်ခနဲ ထလိုက်ပြီး

"ဘာလဲကွာ လူကို ဘာလို့တက်နင်းရတာလဲ၊ အား ကျွတ်ကျွတ် ကျွတ် နာလိုက်တာ အင်း ဟင်း ဟင်း"

"ကန် ကန်တော့နော် ပုရစ် မမြင်လို့ပါ၊ တောင်းပန်ပါတယ်"

ထိုမိန်းကလေးမှာ မျက်တွင်းဟောက်ပက်နှင့် ပိန်ချုံးချိနဲ့ကာနေကောင်းပုံမပေါ် လူမမာ တစ်ယောက်လို ဖြူဖျော့နေ၏။ သူမ မျက်လုံးအရောင်တွေသည် မွဲခြောက်ရီဝေနေ၏။

"မင်းက လူသစ်လား"

"ဟုတ်ပါတယ် အစ်မရယ်၊ ပုရစ်လေ မမြင်လို့ပါနော် တောင်းပန်ပါတယ်"





အားနာလွန်း၍ အကြိမ်ကြိမ်တောင်းပန်လိုက်သည်။ ထိုမိန်းကလေး ပုရစ်ကို နွမ်းလျသောအကြည့်ဖြင့် ကြည့်သည်။ ပြီးနောက် မဲ့ကာ ဟက်ခနဲ တစ်ချက်ရယ်လိုက်သည်။ သူ့ရယ်သံသည် ခြောက်ကပ်ကပ်နိုင်လွန်းသည်။

"ဒီနေရာကို ရောက်လာတာ မိုက်မဲတဲ့သူတွေမို့ပဲ"

သူ့အသံသည် တိုးဖျော့၍နေသည်။ ပုရစ် မနည်းအမိဖမ်းယူရသည်။ သူ မောကျပ်သောအသံဖြင့် ဆက်ပြော၏။

"အင်းလေ ဒီလို မိုက်မဲတဲ့ မိန်းမတွေရှိလို့လဲ၊ ဒီလိုနေရာမျိုး အဒွန့်တည်နေတာပေါ့၊ ငါလည်း မိုက်မဲခဲ့တာပဲလေ"

ထိုမိန်းကလေး ဘာကိုရည်ရွယ်ပြောနေသည်ဆိုတာကို ပုရစ်သိပ်နားမလည်။

"ဘာ ဘာဖြစ်လို့လဲဟင်၊ ဒီနေရာက ဘယ်နေရာလဲ၊ ပုရစ်သိထားတာ အဲ ပုရစ်ကို ခေါ်လာတဲ့အမျိုးသမီးက အလှပြင်ဆိုင်မှာသွင်းပေးမယ်လို့ ပြောပြီး ခေါ်လာတာပါ"

"ဒါဆိုရင် အညာခံလိုက်ရတာပဲ၊ ဒီနေရာက ပုရိသတွေကို အစာချကျွေးတဲ့နေရာ"

"ရှင်"

ခပ်ရေးရေးသဘောပေါက်စပြုလာသည်နှင့် ကိုယ့်ဖာသာကိုယ်နားလည်သလို လှည့်တွေးလိုက်သည်။

"ဒါဆိုရင် ပုရစ်တို့က သူတို့ တမြှုံမြှု ဖွဲ့ချွေစားသုံးမယ့်



www.burmeseclassic.com

www.burmeseclassic.com



အစာတွေပေါ့"

"ဟုတ်တယ် ငါတို့က သူတို့ရဲ့ဖိမ်ခံပစ္စည်းတွေပဲ၊ တနည်းအားဖြင့် စောစောကလို သူတို့ရဲ့ဆန္ဒတွေကို အာဟာရအဖြစ် ဖြည့်တင်းပေးတဲ့ အစာပေါ့"

"ဘုရားရေ ဒါ ဒါဆို ပုရစ်တို့ဘဝတွေ ဖျက်ဆီးခံရတော့မှာပေါ့"

ပုရစ် သွေးပျက်သွားသလောက် ထိုမိန်းကလေးက ထုသားပေသားကျနေသည့်ပုံစံမျိုးဖြင့် ပန်းတစ်ချက်တွန့်ကာ မဲ့လိုက်ပြီး သူ့နေရာမှာ ပြန်လှဲ၍အိပ်လိုက်သည်။

ဘာစကားမျှ ထပ်မပြောတော့၊ ပုရစ် အသားတွေတဆတ်ဆတ်တုန်ယင်လာရာက နှုတ်ခမ်းသားတွေပါ လှုပ်ခါသည့်အထိ ကြောက်ရွံ့လာသည်။

"ဟော့ အပေါ်က ဆင်းမလာသေးဘူးလား"

ခပ်ဝေါက်ဝေါက်လေသံဖြင့် လှမ်းခေါ်နေသော ထပ်ခိုးအောက်မှ ပေါ်ထွက်လာသည့် မြွတ်စု၏အသံကြောင့် ပုရစ် ရင်ထဲ ဒိန်းခနဲ ပို၍ဆောင့်ခုန်သွားသည်။

လှဲအိပ်နေသော အမျိုးသမီးကို အားကိုးတကြီး ကြည့်လိုက်တော့ သူနှင့်မဆိုင်သလို စောင်ခေါင်းမြီးခြုံကာ ငြိမ်သက်နေသည်။

ဘုရားရေ ပုရစ် ဘယ်လိုလုပ်ရပါ့မလဲ ။ ။

■ ■ ■

ဗျူး၊ ၀၁၆၀

## အခန်း (၃)

"နင် စနိုးနဲ့စကားပြောနေတာလား"

"ရှင် စနိုးဆိုတာ ဘယ်သူလဲ"

"အပေါ်က နေမကောင်းတဲ့တစ်ယောက်ကို ပြောနေတာ"

မြွတ်စုအသံက အမေးအမြန်း ပြန်ထူနေသော ပုရစ်ကို စိတ်ရှည်သည့်လေသံမျိုး။ အကြည့်တွေက အထင်သေး အနိုင်ကျင့်ချင်သော အကြည့်မျိုးတွေမို့ ပုရစ် ဘာမှထပ်မမေးတော့ဘဲ ခေါင်းခါပြလိုက်သည်။

"သတိပေးထားမယ်နော်၊ သူနဲ့လုံးဝ စကားသွားမပြောနဲ့ သူ့ခန္ဓာကိုယ်လုံးမှာ ရောဂါတွေချည်းပဲ၊ နင့်ကိုကူးကူးကူးကပ်လိမ့်မယ်၊ ကဲ လာ ခဲ့လိုက်ခဲ့၊ နင် ခုပဲ အလုပ်စဝင်ရတော့မယ်၊ ညည်းသည်ကျနေတာ ဘာမှ မရှိဘူး"

ပြောပြောဆိုဆိုနှင့်မြွတ်စုရှေ့မှ အရင်ထွက်သွား၏။ ပုရစ်

ဗျူး၊ ၀၁၃၀

www.burmeseclassic.com

www.burmeseclassic.com



နောက်ကနေ ဘုမသိဘမသိ လိုက်ခဲ့ရ၏။ အခန်းတစ်ခုထဲကို မြတ်စု ဝင်သွားသဖြင့် ပုရစ်ပါ လိုက်ဝင်ခဲ့ရသည်။

အခန်းကျယ်ကြီးတစ်ခုထဲရောက်သည်နှင့် ပုရစ် အံ့သြသွားသည်။ စတိုးဆိုင်ကြီးတစ်ခုလို မိန်းကလေးအသုံးအဆောင်ပစ္စည်းတွေ ထည့်ထားသည့် မှန်ဗီရိုတွေနှင့် ပြည့်နေသည်။

ချိတ်တွေဖြင့် ချိတ်ဆွဲထားသော အမျိုးသမီးဝတ်အင်္ကျီတွေထဲမှ ဆင်စွယ်ရောင်ဖာအနားကွပ် ဂါဝန်တိုတစ်ထည်ကို ထုတ်ယူလိုက်ပြီး ပုရစ်ကိုယ်မှာ လာကပ်ကြည့်သည်။ နောက်ထပ် စိမ်းပြာရောင်ဖန်စီကျောက်ကလေးတွေ စီထားသော အစိမ်းနုရောင် ဂါဝန်တို နောက်တစ်ထည်ကို ထပ်ယူပြီး ပုရစ်ကိုယ်မှာ ကပ်ကြည့်ပြန်သည်။

''အင်း ဒါနဲ့အဆင်ပြေတယ် ရော့ ဒါလဲဝတ်လိုက်''

''ရှင် ဒါကို ပုရစ်ဝတ်ရမယ် ဟုတ်လား၊ ဟင့်အင်း မဝတ်ရဲဘူး ဂါဝန်က အရမ်းတိုလို့''

ပုရစ်ဘဝမှာ ပေါင်လယ်ခန့်ထိတိုသော ထိုသို့ဂါဝန်မျိုးကို ဝတ်ဖူးခဲ့ခြင်းမရှိ။ ထို့ကြောင့် ခေါင်းတခါခါဖြင့် ငြင်းဆန်လိုက်ခြင်းဖြစ်သည်။

မြတ်စု အလိုမကျဟန်ဖြင့် ပုရစ် အဖြစ်သည်းနေပုံကိုကြည့်ပြီး မျက်နှာရှုံ့မဲ့သွားသည်။

''ဒီမှာ ဒီနေရာကို ရောက်လာပြီးမှ ဒီလိုအဝတ်အစားမျိုး မဝတ်ချင်ဘူးလို့ ငြင်းလို့မရဘူး၊ ဒါ အလုပ်သဘောအရဝတ်ရမှာပဲ၊ ဒီမှာ ဒူးအောက်ထိရှည်တဲ့အဝတ်အစားမျိုးဝတ်ရင် ဒဏ်ကြေးနှစ်ထောင်





ကောက်တယ်၊ ခြေဆုံးခေါင်းဆုံး လှနေအောင် နှစ်ဆယ့်လေးနာရီ အလှပြင်နေရမယ်၊ အဲ အခုဂါဝန်ကလည်း မင်းကို အလကားပေးဝတ်တာ မဟုတ်ဘူးနော်၊ ရောင်းတာ၊ မင်းလစာထဲကနေ အရစ်ကျဖြတ်မှာ၊ ဟော ဟိုမှန်ဗီရိုထဲမှာ မိတ်ကပ် လိုးရှင်း ခရင်မ် အားလုံးအပြည့်အစုံရှိတယ်၊ ကိုယ်ကြိုက်တဲ့အမျိုးအစားကိုယူနိုင်တယ်၊ ဒါတွေအားလုံးလည်း အရစ်ကျစနစ်နဲ့ရောင်းတာ''

ပုရစ် တော်တော်လေး စိတ်ပျက်နေတာ အမှန်ပင်။ ကိုယ့်ကိုကိုယ် အလှပြင်ဖို့ မိတ်ကပ် လိုးရှင်းဆိုတာတွေကိုလည်း ပုရစ် တကယ်မသိတာ။ ငယ်စဉ်ကတည်းက မိတ်ကပ်ဆိုလို့ အာချိတောင် လိမ်းခဲ့တာ မဟုတ်။ အမြဲတမ်း သနပ်ခါးပါးကွက်ကျားနှင့် နေခဲ့ရတာ။

''ဘာကြောင့်ကြည့်နေတာလဲ ကိုယ်နဲ့အဆင်ပြေမယ့် အလှပြင်ပစ္စည်းတွေ အမြန်ယူလေ၊ အချိန်မရှိဘူး''

''ဟို ပုရစ် မရွေးတတ်ဘူး၊ လိမ်းလည်း မလိမ်းဖူးဘူး''

''ဟွန်း ဒါနဲ့များ အလှပြင်ဆိုင်မှာ လုပ်ဖို့လာတာလေးဘာလေးနဲ့ လူပုံက ဂနိုင်ပုံနဲ့ နင်မရွေးတတ်ရင် ငါရွေးပေးမယ်''

အလှကုန် မှန်ဗီရိုကြီးကိုဖွင့်ပြီး များစွာသော မိတ်ကပ်အမျိုးအစားထဲမှ ပုရစ်နှင့်သင့်တော်မည့် အမျိုးအစားတွေကို ထုတ်ယူလိုက်သည်။

စိတ်မြန်လက်မြန်ရှိသော မြတ်စုသည် ရှုံးတန့်ရှန့်တန့်နှင့်စိတ်ပျက်နေသော ပုရစ်ကို သူကိုယ်တိုင်ပုံစံပြောင်းပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရောက်စတုန်းက ပုရစ်ဖူးနှင့် ယခု ပုရစ်ဖူးမှာ အပြောင်းလဲကြီးပြောင်းလဲသွားကာ ပေါင်လယ်ခန့်ဂါဝန်နှင့် သရုပ်ပျက်ဝတ်စားဆင်ယင်ထားသော ကိုယ့်ပုံကိုမှန်ထဲပြန်ကြည့်ပြီး ပုရစ် ခြေလှမ်းတွေပင် ခပ်ရဲရဲမလှမ်းရဲ။

■ ■ ■

## အခန်း (၄)

ဖန်လ်လုံး၏အကြည့်တွေသည် ရဲတင်းစူးရှစွာဖြင့် ပုရစ်၏တစ်ကိုယ်လုံးကို သိမ်းကြုံးကြည့်ပစ်လိုက်သည်။

"ကိုဖန်လ် ဘယ်လိုလဲ၊ ပုံစံပြောင်းသွားပြီမဟုတ်လား"

"အေး ငါတောင် မနည်းကြည့်နေရတယ် မဆိုးပါဘူး၊ မင်းလှသွားပဲ၊ နာမည်က"

"ပုရစ်ဖူးပါ"

"ဩော် နာမည်နဲ့လူနဲ့ လိုက်ပါတယ်"

ကိုယ့်အလှကို ပေါ်ပေါ်တင်တင် လှည့်ပတ်ကြည့်ပြီး ချီးမွမ်းခန်းဖွင့်နေသောကြောင့် ပုရစ် စိတ်ထဲမှာ မွန်းကြပ်နေသည်။ နဖူးပေါ်ဝဲကျနေသော ပုရစ်၏ဆံနွယ်ခွေခွေတို့ တို့ထိပြီး လက်မောင်းသားကိုဆိတ်တထိ လာရောက်ပွတ်သပ်လျက်ရှိသော ဖန်လ်လုံး၏အပြုအမူကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ပုရစ် ဒေါသထွက်သွားကာ အံတစ်ချက်ကြိတ်လိုက်ပြီး

"ပုရစ်ကို အဲလို မပြုံးပြပါနဲ့၊ ပုရစ် မကြိုက်ဘူး"

မျက်နှာခပ်တင်းတင်းနှင့် အလိုမကျစွာ ငြင်းလိုက်သဖြင့် ဖန်လဲလုံးထံမှ ဟက်ခနဲ ရယ်သံထွက်လာသည်။

"ငြိုငြင်တယ်ပေါ့ ဟုတ်လား"

ဆတ်ဆတ်ထိမခံဖြစ်နေသော ပုရစ်ကို မြတ်စု ရန်လိုစွာကြည့်လိုက်ပြီး မျက်နှာလိုမျက်နှာရဖြင့်

"သိပ်ပြီးလည်း အဖြစ်သည်းမနေနဲ့ ပုရစ်၊ ဖန်လဲလုံးကို ငြင်းတယ်ဆိုတာ ဖန်လဲလုံး ရာဇဝင်မှာရှိခဲ့တာမဟုတ်ဘူး၊ အဲဒီအတွက်နင် တစ်ခုခုတော့ ပြန်ပေးဆပ်ရလိမ့်မယ်"

မြတ်စုကို ဖန်လဲလုံး လက်ကာပြီး ဟန့်လိုက်သည်။

"မလိုအပ်တာတွေ မပြောနဲ့ မြတ်စု နင် ဒီုးတော့ ရှုပြီ၊ ညည်တွေကို ဘယ်လိုပြုစုရမယ်ဆိုတာကို ငါပဲ လက်တွေ့ပြလိုက်တော့မှာမို့ ပုရစ်ကို ငါ့ဆီမှာ ထားခဲ့"

"ဟုတ်ကဲ့ ကိုဖန်လဲ"

မြတ်စု၏အကြည့်တွေသည် ပုရစ်ထံသို့ မနာလိုစွာကျလာပြီးချာခနဲ လှည့်ထွက်သွား၏။

ပုရစ်မှာသာ ဖန်လဲလုံးဆိုသော လက်ရဲဇက်ရဲနိုင်သူနှင့် ကျန်ခဲ့၍ ငါ့ကိုဘာများ လုပ်မလဲဟူသော စိုးရိမ်စိတ်က တထင့်ထင့်။

■ ■ ■

ရ



## အခန်း (၃)

"ဖန်လဲလုံး မင်း ပုရစ်ဖူးကို ဘယ်လိုပုံစံပေးလိုက်လို့လဲ၊ ဒီအလုပ်ကို မလုပ်တော့ဘူး ရွာပြန်မယ်ချည်းပဲပြောပြီး ငိုနေတယ်"

သီတာသွင့်စကားကြောင့် ဖန်လဲလုံး ပခုံးတစ်ချက်ကို ဆတ်ခနဲတွန့်လိုက်ပြီး ရယ်လိုက်သည်။

"ပုံမှန်ပါပဲ ကောင်မလေးက တော်တော်အရှက်ကြီးနေတာ၊ ဒါတောင် တအားမတင်းကြပ်ဘဲ ခပ်ပါးပါးလေးလောက်ပဲ သင်ပေးလိုက်တာ၊ ကောင်မလေးက တကယ့်အစင်လေး၊ နှမြောတောင် နှမြောတယ်"

ထူးထူးဆန်းဆန်း စကားတွေပြောနေသော ဖန်လဲလုံးကို သီတာသွင် တအံ့တသြ ကြည့်လိုက်သည်။

"မင်း ဘာဖြစ်နေတာလဲ ဖန်လဲလုံး၊ အဓိပ္ပာယ်မရှိတာတွေလျှောက်လုပ်မနေနဲ့နော်၊ ကိုယ့်အိမ်ကကြက် ကိုယ်ပြန်ရိုက်ချက်စားတဲ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တော့ မလုပ်နဲ့၊ ဒါ စီးပွားရေးလုပ်နေတာ၊ ကောင်မလေးက တော်တော်လှလို့ မင်းစိတ်ယိုင်သွားတယ်ဆိုတာလောက်ပဲ နားလည်ပေးလို့ရတယ်၊ ဒီထက်ပိုလာရင်တော့ မမ လုံးဝလက်မခံဘူး''

ပုရစ်ဖူးကို လုပ်ငန်းထဲထည့်သုံးလျှင် ရလာမည့် အကျိုးကို သီတာသွင် သိနေ၍ ဖန်လဲလုံး စိတ်ထဲကို အရောက်မခံနိုင်။ အမှန်ဆို ပုရစ်ဖူးဟာ ကိုယ့်လုပ်ငန်းအတွက် ကုန်ပစ္စည်းတစ်ခုပဲ။

သို့သော် ကောင်မလေးက ခေါင်းမာနေ၍ ခုချိန်ထိ သူ့ကို အသုံးမချရသေး။ ကိုယ့်ဘက်က ပွဲမစခင်ကတည်းက ပွဲစားလုသင်းကြွယ်နှင့် ဂွင်ရိုက်ပြီး သုံးလစာကြိုထုတ်ပေးလိုက်သည့်အတွက်ကြောင့် ယခုထိုလစာနှင့် သူ့ကိုပြန်၍ ချည်ထားလိုက်သည်။

သုံးလစာ ပြန်မပေးနိုင်လျှင် ရဲတိုင်မည်ဟု ခြိမ်းခြောက်ထား၍ ကောင်မလေးမှာ ငိုနေရုံကလွဲပြီး ကလန်ကဆန် ထပ်မလုပ်ရဲတော့။

ယခု ကောင်မလေးကို ထပ်ခိုးပေါ်ကနေ မဆင်းနိုင်းဘဲ စဉ်းစားဖို့ သုံးရက်အချိန်ပေးထားသည်။

ဒီနေရာကို ရောက်လာသည့် မိန်းကလေးတိုင်း အခြေအနေတစ်ခုစီကြောင့် မလွဲမသွေ ရောက်လာကြရသဖြင့် နောက်ဆုံးမှာ ခေါင်းမမာနိုင်ကြဘဲ ပန်းသခင်၏မာဆတ်ခန်းထဲမှာပဲ သူတို့ဘဝတွေကို ဆုံးဆုံးမြုပ်နှံပစ်လိုက်ကြတော့တာပင်။

ပုရစ်ဖူး ဆိုတဲ့ကောင်မလေးကရော ဘာမို့လို့လဲ၊ သူလည်း ဒီမှာ မဖြစ်မနေ သောင်တင်ရဦးမှာပဲလေ။





''သိပ်လည်း မတင်းကြပ်ပါနဲ့ မမရာ၊ ဒီလိုအလုပ်မျိုးဆိုတာ ကာယကံရှင်စိတ်ပါမှ နိုင်းတာကောင်းတယ်၊ ကိုယ့်ဘက်က အတင်းအကျပ် အဓမ္မခိုင်းရင် ဥပဒေနဲ့ငြိပြီး အပြစ်ပိုကြီးသွားနိုင်တယ်၊ ဒါဟာ လိုင်စင်နဲ့လုပ်တယ်ဆိုပေမယ့် ဘောင်ကျော်နေတဲ့အတွက် သတိထားရလိမ့်မယ်''

မိကျောင်းမင်း ရေခင်းပြကာ သတိတွေပေးနေသော ဖန်လဲလုံး စကားကြောင့် သီတာသွင် ဒေါသဖြစ်သွားသည်။

''မင်း ဆရာလာမလုပ်နဲ့ ဖန်လဲလုံး၊ ငါက မင်းအစ်မ မင်းထက်ဒီလုပ်ငန်းကို ပိုပြီးနားလည်လို့ ပန်းသခင်ကို အသက်သွင်းပျိုးထောင်လာတာ၊ ဒီနေ့အချိန်ထိပဲမဟုတ်လား၊ ခုချိန်မှာ တရားဝင်တာတွေ တရားမဝင်တာတွေ လာရှုတ်ပြမနေနဲ့ ငါ ဘာမှမမှုဘူး၊ လောကမှာ ငွေသာရှိရင် အရာရာကိုဖြေရှင်းလို့ရတယ်၊ အရာရာကို ကိုယ်လိုသလို ပုံစံသွင်းယူလို့ရတယ် နားလည်လား၊ ဘာမဟုတ်တဲ့မိန်းမတစ်ယောက်အတွက် ငါ မှန်တယ်ထင်လို့ လုပ်နေတဲ့အလုပ်တွေကို အမှားဖြစ်အောင် ဝေဖန်နေတဲ့မင်းကို သိပ်အံ့ဩတယ်''

မကျေမနပ်ဖြင့် ပြောပြီး ဖန်လဲလုံးရှေ့မှ ချာခနဲ လှည့်ထွက်သွားတော့ အစ်မဖြစ်သူ၏နောက်ကျောကိုကြည့်ပြီး ဖန်လဲလုံး နှုတ်ခမ်းမဲ့ ပခုံးတွန့်ပြီး ကျန်ခဲ့၏။

တစ်ခါမှ မခံစားဖူးတဲ့ ခံစားမှုငြိမ့်ငြိမ့်လေးကြောင့် အမှန်တရားတစ်ခုကို ထုတ်ဖော်ပြောမိတာ အပြစ်တဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



မမက လောကမှာငွေကိုပဲမြင်နေတာကို၊ ဖန်လ်လုံးဆိုတဲ့ကောင်က ငွေဆိုတာထက် စိတ်ရဲ့လွတ်လပ်ပျော်ရွှင်မှုနဲ့ ခံစားချက်ကို ဦးစားပေးတတ်တဲ့သူဆိုတော့ . . ။

မောင်နှမနှစ်ယောက် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့တာ သိပ်တော့ မဆန်းပါဘူးလေ။ တကယ်တော့ ဖန်လ်လုံး ရင်ထဲကို မထင်မှတ်တဲ့ ပုရစ်ဖူး တိုးဝင်လာတာကို ဖန်လ်လုံးလည်း ဘယ်တတ်နိုင်မလဲ။

ဒီကောင်မလေး ချစ်ဖို့ကောင်းလို့ ရုတ်တရက် ချစ်ချင်တဲ့စိတ်ဖြစ်သွားတာ ဖန်လ်လုံးအပြစ်မှ မဟုတ်တာ။

အချစ်ဆိုတာ လူသားတိုင်းရဲ့ရင်ဘတ်ထဲကို ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်ခွင့်ရှိတဲ့ လောကရဲ့ရတနာတစ်ပါးပဲ မဟုတ်လား။

ဖန်လ်လုံး ပုရစ်ဖူးကို ချစ်မိသွားတာတော့ အတိအလင်းပါပဲ။ ကိုယ့်ကိုကိုယ်လည်း အခါခါ ပြန်မေးပြီး အကြောင်းကြောင်း ဖြစ်မိတာ အံ့ဩလောက်ပါရဲ့။

ကိုယ်က အချစ်ကို ဂျင်ကစားသလို ကစားခဲ့တဲ့သူဆိုတော့လေ . ။

■ ■ ■



## အခန်း (၆)

"ဘာဖြစ်လို့ ဒီလောက်ထိ ငိုနေရတာလဲ အဟွတ် အဟွတ် အဟွတ်"

တအင့်အင့်နှင့် ငိုရှိုက်နေသော ပုရစ်ကိုကြည့်ပြီး စနိုး ဝေဒနာတွေကြားထဲမှ ဖျော့တော့သော လေသံသဲ့သဲ့ဖြင့် လှမ်းမေး၏။ ကိုယ့်သောကတွေကြားထဲမှ ဝေဒနာကို နေမထိထိုင်မထိ ခံစားနေရသော စနိုး၏ ရင်ဘတ်ကို ခပ်သာသာဖိပေးပြီး နံဘေးမှ ထွေးခံလေးကို စနိုး နှုတ်ခမ်းဝမှာ အလိုက်သင့် တော့ပေးလိုက်သည်။

သွေးစတို့ အနည်းငယ်ပါသော တံတွေးကို ထွေးခံထဲ ထွေးထည့်ပြီး ကျေးဇူးတင်သောအကြည့်ဖြင့် ပုရစ်ကို မော့ကြည့်သော စနိုး၏ အကြည့်တွေသည် ညှိအစ်မလိုခံစားမှုမျိုးဖြင့် ပုရစ် ရင်ထဲနွေးထွေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"စန်း နေသာရဲ့လားဟင်၊ ပုရစ် ဘာလုပ်ပေးရမလဲ"

မျက်ရည်စတွေနှင့်သောကကို ဘေးချိတ်ကာ စိုးရိမ်တကြီး မေးလာသော ပုရစ်အမေးကို စန်း လက်ကာပြသည်။

"ဟင့်အင်း ရတယ်၊ ဒီလိုပဲ ဖြစ်နေကြမို့ ရိုးနေပါပြီ"

စန်းအသံသည် အင်အားမပါ။ မျက်နှာမှာ သွေးမရှိတော့သလို ဖြူဖျော့နေ၏။

"နင် ဘာဖြစ်လို့ တစ်ညလုံး တစ်နေ့လုံး ငိုချည်းပဲနေတာလဲ၊ ပြဿနာတစ်ခုက ငိုနေရုံနဲ့ ပြေလည်သွားမှာမို့လား ပုရစ်ရယ်"

"ပုရစ် ဒီအလုပ်ကို မလုပ်ချင်ဘူး စန်းရယ်၊ ပုရစ်ကို ကယ်ပါဦး၊ ဒီနေရာကနေ ထွက်ပြေးလို့ရတဲ့ နည်းလမ်းရှိရင် ပြောပါ၊ ပုရစ် ကြောက်တယ် ပုရစ်ကိုကယ်ပါ"

စန်း၏ ပိန်လှီသေးငယ်သော လက်မောင်းသားကို အားကိုးတကြီးကိုင်လှုပ်ကာ ကူကယ်ရာမဲ့သူလို အကူအညီတောင်းလိုက်သည်။

စန်း ခပ်ဖျော့ဖျော့ပြုံးသည်။ သက်မကို ခပ်မှျင်းမှျင်းချကာ

"ဒါဆိုရင် ဖန်လ်လုံးနဲ့ အလိုက်အထိုက် နေလိုက်ပါ၊ သူက သူ့အစ်မလောက် မဆိုးဝါးဘူး၊ ဒီကထွက်ချင်ရင် ဖန်လ်လုံး မျက်နှာသာပေးခံရအောင်လုပ်၊ ဒါဆို အခွင့်အရေးက သူ့အလိုလို ပေါ်လာလိမ့်မယ်၊ ဖန်လ်လုံးနဲ့ အဆင်ပြေအောင်နေရင် သေချာတာတစ်ခုတော့ရှိတယ်"

"ဘာလဲဟင်"

"နင် အနှိပ်ခန်းမဝင်ရဘူးပေါ့၊ ဒါဆို ယောကျ်ားတွေအများ





ကြီးနဲ့ ပတ်သက်စရာမလိုတော့ဘူး"

စန်းပြောတာ ဟုတ်သလိုလို ရှိနေ၍ ပုရစ် တွေဝေသွားသည်။ အနှိပ်ခန်းမဝင်ရတာ ပုရစ်အတွက် ကောင်းပေမယ့် ဖန်လ်လုံးနဲ့အလိုက်အထိုက်နေရမှာတော့ ပုရစ် ကြောက်သည်။

ဟိုနေ့က သူကိုယ်တိုင် အနှိပ်ပညာကို သင်ပေးမယ်ဆိုပြီး ပုရစ်ကို အခန်းတစ်ခုထဲရှိ ရေမြှုပ်မွေ့ယာပေါ်မှာ အိပ်စေပြီး သူကိုယ်တိုင် ပုရစ်ကို လက်တွေ့နှိပ်ပြသည့် အထိအတွေ့တွေကတော့ ပုရစ် မျက်နှာပူကာ ရှက်လောက်သည့်အထိ ကြမ်းလွန်းသည်။ လင်မယားမဟုတ် ချစ်သူမဟုတ်ဘဲနှင့် ရေမြှုပ်မွေ့ယာတစ်ခုပေါ်မှာ မထိတထိ နှိပ်နယ်ပေးကာ စိတ်တွေကို မှန်တိုင်းထန်လာစေသော အထိအတွေ့တွေကို ကိုယ်ကပေးရမှာတဲ့လား။

ဒါဟာ ယောကျ်ားတွေရှေ့ ဒူးထောက်ပြီး ကျွန်မတို့အသွေးအသားတွေကို လိုသလို ဖွဲ့ယူစားသောက် ပျော်ပွဲဆင်ပါဟု ပြောလိုက်တာနှင့် အတူတူပင်မဟုတ်ပါလား။

အဲဒီနေ့က ပုရစ် လက်တွေ့ပဲလေ။ သူ ကိုယ့်ကို နမူနာ နှိပ်ပြသဖြင့် ကိုယ့်မှာ အရှက်တရားတွေ လူးလိမ့်ကာ ကမ်းကုန်အောင် အနေခက်ရုံနှင့်မပြီးသေး။ သူ သင်ပြသည့်အတိုင်း သူ့ကိုပြန်နှိပ်နယ်ပေးရသည့်အခါမှာတော့. . .။

အသက်ရှူသံတွေ ပြင်းထန်လာသော ဖန်လ်လုံး၏အပြုအမူတွေသည် ပုရစ် မျက်နှာပေါ်အနှံ့ လည်တိုင် ရင်အစုံထိပါ အနမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ခြွေချခဲ့ခြင်း ခံရသည်။

ရုတ်တရက် အငိုက်မိသွား၍ ပုရစ် ရှောင်ရှားချိန်မရလိုက်။ ပုရစ် ငိုယိုပြီး အသနားခံတောင်းပန်တော့မှ ရှေ့ဆက်မတိုးတော့ဘဲ ပုရစ်ကို အကြာကြီးစိုက်ကြည့်သည်။

"မင်း ငါ့မိန်းကလေးပဲ ဖြစ်ရမယ်" တဲ့။

ဒါဟာ ဘာကိုရည်ရွယ်ပြီးပြောသလဲဆိုတာ ပုရစ် ထုပူနေ၍ ရှည်လျားစွာ မတွေးမိ။

အဲဒီနေ့က သူ့ရဲ့အပြုအမူတွေကြောင့် ပုရစ် ရင်မခုန်ဘဲ စိတ်တွေလှုပ်ရှားလွန်း၍ အသက်ရှူမှားမတတ်။ ယခု စနီးကပါ ပုရစ်ကို ဖန်လိလုံးနှင့် အလိုက်အထိုက်နေဖို့ ထပ်ပြောလာသည်။ ပုရစ် ဘာလုပ်ရမှာလဲ။ ခုချိန်မှာ ပုရစ်ဟာ ပြေးပေါက်ပိတ်နေသော သမင်ပျိုမတစ်ကောင်လို ကိုယ့်အသွေးအသားကို အာသာငမ်းငမ်း ဝါးမျိုမည့် ငရဲခွေးတွေအလယ်ကို ရောက်နေရသလိုပါပဲ။

လောကကြီးက ပုရစ်တို့လို အားကိုးရာမဲ့ မိန်းကလေးတွေအတွက် ဒီလိုနေရာမျိုးကို တွန်းပို့ရက်သလား။ ဒါဟာ တရားပါသလား။

မျှော်လင့်ချက်တွေ ဆိတ်သုဉ်း အနာဂတ်ပျောက်ရသူက ပုရစ်တို့လို မိန်းကလေးမျိုးတွေပါ။ လောကကြီးထဲမှာ ဒီလိုနေရာမျိုးတွေ မရှိသင့်။ ရှိနေလျှင် ကံကြမ္မာနံ့နည်း၍ အရှင်လတ်လတ် ငရဲခွေးအစားခံနေရသည့် မိန်းကလေးတွေ ဘယ်လောက်တောင် ရှိနေလိမ့်မလဲ။

တွေးရင်းဖြင့် ရင်ထဲမှာ ဝမ်းနည်းကြေကွဲလာပြန်သည်။

■ ■ ■



## အခန်း (၇)

စဉ်းစားဖို့ အချိန်သုံးရက်ပေးထားတာ ပြည့်သောနေ့ဖြစ်သည်။ အခန်းထဲအောင်းကာ တငိုငို တရိုရို လုပ်ရလွန်း၍ ပုရစ်ခန္ဓာကိုယ်တစ်ခုလုံး နုံးခွေချိနဲ့နေ၏။

ရေချိုးလိုက်လျှင် လန်းသွားမည်ဖို့ ရေချိုးခန်းရှိရာသို့ ဘယ်သူမှ မမြင်အောင် ခပ်တိတ်တိတ်လေး ဆင်းလာလိုက်သည်။

အောက်ဘက်ရှိ ရေချိုးခန်းတွင် တစ်ယောက်မှ ရှိမနေ၍ ပုရစ် ရေချိုးခန်းတံခါးကို ကပျာကယာ ဖွင့်လိုက်သည်။

"ဟင် အမေ့"

ရုတ်တရက် ရေချိုးခန်းထဲကို အတင်းတွန်းထည့်ခံလိုက်ရ၍ ခန္ဓာကိုယ် ဖရိုဖရဲဖြစ်ကာ လှည့်ကြည့်လိုက်သည်။

"ဟင် ဖန်လိလုံး ရှင် ရှင် ဒါဘာလုပ်တာလဲ"



www.burmeseclassic.com

တအံ့တသြ မေ့နေချိန်မှာ ဖန်လ်လုံးပါ ရေချိုးခန်းအတွင်း ရောက်နေပြီး ရေချိုးခန်းတံခါးကို ဂျက်ချလိုက်သည်။ ခိုးကြောင်ခိုးဝှက် ဆန်လွန်းသော ဖန်လ်လုံး အပြုအမူကြောင့် ပုရစ် လန့်သွားသည်။

"ရှူး တိုး တိုး မင်းလုပ်တာနဲ့ လူတွေသိကုန်တော့မှာပဲ"

အသံခပ်အုပ်အုပ်ဖြင့် အသိပေးတော့မှ ပုရစ် ကြောက်အား လန့်အားနှင့် အသံကိုနှိမ့်ကာ

"ရှင် ဒါဘာလုပ်တာလဲ၊ ပုရစ်ကို ရေချိုးခန်းထဲမှာ **မတော်** မတရားလုပ်ဖို့တော့ စိတ်မကူးနဲ့နော်၊ ပုရစ် အသက်ချင်းလဲပစ်လိုက်**မယ်**"

"စိတ်ချ မင်းကို ဘာမှမလုပ်ဘူး၊ အေး လုပ်မှာက ငါ့ရဲ့**အစ်မ** ဒီနေ့ မင်းကိုအချိန်ပေးတာ သုံးရက်ပြည့်တဲ့နေ့လေ၊ မင်းဘယ်လိုဆုံး ဖြတ်ထားလဲ၊ မင်း ငြင်းလိုက်မယ်ဆိုရင်တော့ မင်းကို လိမ်လည်ပြီး ငွေယူမှုနဲ့ ရဲတိုင်လိမ့်မယ်၊ အေး တကယ်လို့ မင်းက ခေါင်းညိတ်ပြီး ဒီမှာ အလုပ်လုပ်မယ်ဆိုရင် မင်း လုံးဝမလုပ်ချင်တဲ့အလုပ် လုပ်ရလိမ့် မယ်"

နံရံမှာကျောမှီကပ်နေသော ပုရစ်နှင့် မျက်နှာချင်းထိလုမတတ် ဖြစ်နေသော ဖန်လ်လုံးကို ရှိသမျှ အင်အားနှင့်တွန်းလွှတ်ကာ ကြောက် စိတ်တွေကို ဟန်ဆောင်ဖုံးကွယ်ရင်း

"ဟင့်အင်း ရှင့်အစ်မခိုင်းတဲ့အလုပ်ကို ပုရစ် မလုပ်နိုင်ဘူး၊ ပုရစ် ရွာကိုပြန်မယ်"

"ကျွတ် မင်းတော်တော် ပြောရခက်ပါလား၊ ငါ အခုပြောနေ





တာတွေက မင်းအတွက်၊ စေတနာနဲ့ပြောနေတာ၊ အဲဒီလိုစေတနာမျိုး ကို ငါ ဘယ်မိန်းကလေးကိုမှ မပေးဖူးဘူး၊ အရှင်းဆုံးပြောရရင် မင်းကို အနိုင်သမ မလုပ်စေချင်ဘူးဆိုတာ ဘယ်ယောကျ်ားနဲ့မှ ထိတွေ့ခွင့် မပေးနိုင်လို့ပဲ"

"ဒါဆိုရင် အစ်ကို ရွာကို ပြန်ခွင့်ပေးလိုက်ပါလား၊ ပုရစ် တောင်းပန်ပါတယ် နော်"

ရလိုရငြားဆိုသော မျှော်လင့်ချက်ဖြင့် အသနားခံကာ တောင်း ဆိုလိုက်သည်။

"ဟင့်အင်း ဒါတော့ မဖြစ်ဘူး၊ ငါက ငါ့ဘေးမှာ မင်းကို ခေါ်ထားချင်တာ၊ ဒါဆိုရင် မင်းကို ဘယ်သူမှ လက်ဖျားနဲ့ထိစရာမလို တော့ဘူး၊ ငါ့အနားမှာ မင်းကို ရှိနေစေချင်တယ်၊ ဒါ ငါ့ရဲ့ခုလတ်တလော စိတ်ထဲမှာ ဖြစ်ပေါ်နေတဲ့ ဆန္ဒတစ်ခုပဲ"

လက်ရဲဖက်ရဲနိုင်သော ဖန်လ်လုံးမှာ ပုရစ်၏ကိုယ်လေးကို သူ့ ရင်ခွင်ထဲ ဆွဲသွင်းကာ အငမ်းမရသော အနမ်းတွေ မျက်နှာနှင့်လည်တိုင် အနှံ့ကို ချွေချလိုက်ပြန်သည်။

"ဖန်လ်လုံး ရှင် ရှင် မယုတ်မာနဲ့နော်"

ပုရစ် အတင်းရုန်းသည်။ ယောကျ်ားအားနှင့်မိန်းမအားမို့ အင် အားချင်းကမမျှ။

"ငါချစ်တာကို ကြည်ကြည်ဖြူဖြူ လက်ခံပြီး မင်းအချစ်တွေ ငါ့ကိုမတွန့်တိုတဲ့ ပြန်ပေးလိုက်စမ်းပါ ပုရစ်ရာ၊ ခုချိန်မှာ မင်းအခြေအနေ

www.burmeseclassic.com



က ကျားသနားမှ နွားချမ်းသာမယ့်အခြေအနေမျိုး ဖြစ်နေပြီ၊ ဒါကြောင့် မထင်မှတ်ဘဲ မင်းကိုချစ်မိသွားတဲ့ငါ့ကို မင်းကတောင်ပြန်ပြီး ဒူးထောက် ခစားရမှာမဟုတ်ဘူးလား''

ဖန်လိလုံးမှာ ပြောလည်းပြော ပုရစ်၏ကိုယ်လေးကို သူ့ရင်ခွင် ထဲဆွဲသွင်းကာ လွတ်ထွက်မတတ် တင်းကြပ်စွာ ဖက်ထား၏။

မှောင်နေသော အခန်းကျဉ်းလေးထဲမှာမို့ ပုရစ် စိတ်ရှိတိုင်း လက်တုန့်ပြန်ချင်ပေမယ့် အပြင်ကလူတွေ ကြားသွားလျှင် ပြဿနာ ပို၍ရှုပ်သွားမှာမို့ ပုရစ် ခပ်တိုးတိုး ငြင်းဆန်ရုံမှလွဲ၍ အော်ဟစ်အကူအညီ မတောင်းရဲ။

"ပုရစ် ရှင့်ကိုမချစ်ဘူး ဘယ်တော့မှလည်း ချစ်လာမှာမဟုတ်ဘူး"

ရှိန်းမြမြ ဘီယာရနံ့နှင့် အတင်းအဓမ္မဆန်သော အနမ်းနွေး နွေးတွေသည် တခြားမိန်းကလေးတွေဆိုလျှင် ရင်ခုန်မိန်းမောသွားစေ နိုင်ပေမယ့် အရက်တရားနှင့် အကြောက်တရားတို့ စိုးမိုးခံထားရသော ပုရစ်အတွက်တော့ အော်ဂလီဆန်စရာ အထိအတွေ့တွေဟုပဲ မြင်မိ၏။

ထို့ကြောင့် နှုတ်ခမ်းချင်း ထိကပ် နမ်းရှိုက်ဖို့ အတင်းကြိုးစား နေသော ဖန်လိလုံး၏မျက်နှာကို ကြောက်အားလန့်အားနှင့် အားကုန်လွှဲ ရိုက်ပစ်လိုက်သည်။

အားခနဲ အော်သံတစ်ချက် ခပ်တိုးတိုး ပေါ်ထွက်လာပြီး ဖန်လိ လုံး တက်တစ်ချက် ခေါက်လိုက်သည်။

''မင်းက ငါ့ကို ငြင်းတယ်ပေါ့ ဟုတ်လား၊ အိုကေ ကောင်းပြီ





လေ၊ ငါ့ဘဝမှာ မိန်းမတစ်ယောက် အငြင်းခံရတာ ဒါပထမဆုံးပဲ၊ ခံရ တော့ နည်းနည်းခက်တယ်၊ ဒါပေမဲ့ ဘာတတ်နိုင်မှာလဲလေ၊ မင်းဘဝကို ငါကယ်တင်နေတယ်လို့ မထင်ဘဲ မင်းကိုအပိုင်သိမ်းမယ်လို့ထင်ထားတာ ကိုး၊ ဒီတော့ မင်းထိုက်နဲ့မင်းကံပဲ၊ သိပ်မကြာခင်မှာ မင်း အနှိပ်သည်မ မဖြစ်မနေလုပ်ရတော့မှာ၊ အဲဒီအတွက် မင်းမှာငြင်းဆန်ခွင့်မရှိသလို ဒီကနေလည်း ထွက်ပြေးခွင့်မရှိဘူး။ ထွက်ပြေးတာနဲ့ မင်းဘဝ သုံးစား လို့မရအောင် တစ်ဘဝလုံး စုတ်ပြတ်သတ်သွားအောင် အလုပ်ခံရလိမ့် မယ်၊ သီတာသွင်ဆိုတဲ့မိန်းမက ရုပ်လှသလောက် သိပ်ပြီးရက်စက်တဲ့ မိန်းမမျိုးဆိုတာ မင်းသိပ်မကြာခင် သိလာရလိမ့်မယ်၊ အဟက် ပွဲက တော့ ကြည့်ကောင်းပြီ ဇာတ်လိုက်မင်းသားမလုပ်ရတော့လည်း ပွဲကြည့် ပရိသတ်လုပ်ရလည်း တန်ပါတယ် အိုကေ ဘိုင့်ဘိုင်''

မထိတထိ ပုံစံဖြင့် ခပ်ထေ့ထေ့ ပြောကာ ရေချိုးခန်းတံခါးဖွင့် ပြီး ထွက်သွားသော ဖန်လိလုံး၏အပြုအမူတွေသည် ပွင့်လင်းသလိုလို ကောက်ကျစ်သလိုလိုနှင့် ပုရစ် စိတ်ထဲကို ပို၍ရှုပ်ထွေးသွားစေ၏။

သူပြောခဲ့သလို သီတာသွင် ဆိုသည့်မိန်းမက သူနိုင်းတာ မလုပ် လျှင် ပုရစ်ကို ဘယ်လိုတုံ့ပြန်မှာတဲ့လဲ။ တွေးရင်းဖြင့် ကြောက်စိတ်က ဖြိုးဖြိုးဖျဉ်းဖျဉ်းနှင့်ကူကယ်ရာမဲ့သွားပြန်သည်။

ပုရစ် ကြောက်လိုက်တာ၊ ရှေ့ဆက်ပြီး ပုရစ် ဘာတွေဖြစ်လာ ဦးမှာတဲ့လဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဟင့်အင်း ဟင့်အင်း ပုရစ် တောင်းပန်ပါတယ် မမရယ်၊ အနှိပ်သမ မလုပ်ပါရစေနဲ့၊ အဲဒီအလုပ်ကလွဲပြီး ပုရစ်ကို သန့်ရှင်းရေး ထမင်းချက် အကုန်နိုင်းလို့ရပါတယ်၊ ပုရစ်အကြွေးကြေတဲ့အထိ လုပ်ပေးပါ့မယ်၊ ရှိကြီးခိုးပါတယ်"

ရိုးအလွန်းသော ပုရစ်သည် သီတာသွင့်အား လက်အုပ်ကလေးချီကာ မျက်ရည်တွေနှင့်တုန်လှုပ် တောင်းပန်တိုးလျှိုးနေမိ၏။ သီတာသွင့်မျက်နှာပေါ်မှာ ကရုဏာသနားစိတ် အရိပ်အယောင် တစိုးတစိမျှမတွေ့ရ

အနိုင်ယူမှုနှင့် လောဘတွေသာ တရှိန်ရှိန် တောက်နေ၏။

"ဒီမှာပုရစ် ဒီလုပ်ငန်းကို လုပ်ဖို့ ဒီနေရာအထိ မင်းစိတ်မင်းသဘောနဲ့ ရောက်လာပြီးမှ မင်းရဲ့အကြောင်းပြချက်တွေ တောင်းပန်





တိုးလျှိုးတာတွေကို ငါ လက်မခံဘူး၊ ညည်း ခေါင်းမမာစမ်းပါနဲ့အေ၊ ညည်းရုပ် ညည်းရေလေးနဲ့ ဒီနေရာမှာ လုပ်စားတတ်ရင် ညည်းအတွက် တော့ရွှေပဲ၊ လစာအပြင် ဖောက်မစ်ရှင်ခက တစ်နာရီလောက်နဲ့ မြိုးမြိုးမြက်မြက်ရရင် တစ်နေ့ကို နာရီပေါင်း ဆယ်နာရီလောက်သာ အချိန်ပိုင်းဝင်ရင် ညည်း ငွေတွေအများကြီးရမှာ၊ ငါရော ညည်းရော အကျိုးရှိမယ့် အခွင့်အရေးကို ဘာလို့ငြင်းဆန်နေရတာလဲ"

မက်လုံးတွေပေးပြီး သိမ်းသွင်းနေသော သီတာသွင်မှာ သူ့အကြံကို မရရအောင် အကောင်အထည်ဖော်မည့်ပုံစံ။ နည်းနည်းလေးမှ ပုရစ်အတွက် ထည့်သွင်း စဉ်းစားပေးမည်မဟုတ်။

"ဟင့်အင်း ဟင့်အင်း ပုရစ် အဲဒါတွေ မမက်ဘူး၊ ငွေလည်း မလိုချင်ဘူး"

ခေါင်းမာစွာ ငြင်းဆန်နေသော ပုရစ်ကို သီတာသွင် သိပ်စိတ်ရှည်ချင်တော့၊ ပြုံးနေသောမျက်နှာမှာ တဖြည်းဖြည်းချင်း တင်းမာခက်ထန်လာသည်။ မနှစ်မြို့သောအကြည့်တွေဖြင့် ပုရစ်ကို ခပ်စူးစူးကြည့်ကာ

"ဒီမှာ ချော့ပြောနေလို့ ကန်းတက်နေတာလား ပုရစ်ပူး၊ ငါက သိပ်စိတ်ရှည်တတ်တဲ့သူမဟုတ်ဘူးနော်၊ ငါ့ဆန္ဒကို လွန်ဆန်တဲ့ကောင်မတွေ ငါ့လက်ချက်နဲ့ ဘယ်လိုစခန်းသွားရတယ်ဆိုတာ ညည်းသိအောင် သက်စွမ်းမပြစေချင်ရင် ခုချက်ချင်း အနှိပ်ခန်းထဲဝင်ပါ"

တင်းမာပြတ်သားသောအမိန့်သံက စူးရှနေ၏။

"ဟဲ့ မြတ်စု အိအိ လာကြစမ်း၊ ဒီလောက် ခေါင်းမာနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်မကို အခန်းငါးက ညွှသည်ဆီ လူချိန်းပေးလိုက်၊ မလိုက်ရင် အတင်းဆွဲခေါ်၊ ဒရွတ်တိုက်ခေါ်ချင်ခေါ်ရပစေ ဆွဲခေါ် ပါးရိုက်သင့်ရင် ပါးရိုက်လိုက်''

မြတ်စုနှင့်အိအိ ခပ်လှမ်းလှမ်းမှာ ရပ်စောင့်နေရင်းမှ သီတာသွင် တစ်ချက်လွှတ်အမိန့်ကြောင့် ပုရစ်နားသို့ ဝှေ့ခနဲ ရောက်လာကြသည်။

''တောင်းပန်ပါတယ် ပုရစ် မလုပ်ပါရစေနဲ့''

သူတို့နှစ်ယောက် ပုရစ်ကို လုံးဝအရေးမစိုက်ကြဘဲ ပုရစ်လက်မောင်းကို တစ်ဖက်စီဆောင့်ဆွဲပြီး ခေါ်ကြသည်။ ပုရစ် ဘယ်လိုမှ ရုန်း၍မရ။

ပုရစ်ကိုဆွဲခေါ်လာရာ လူသွားလမ်း စင်္ကြံထိပ်တွင် အခန်းနံရံကိုမှီ၍ လက်ပိုက်ရပ်ကြည့်နေသော ဖန်လ်လုံးကို မျက်ရည်တွေကြားမှ တွေ့လိုက်ရသည်။

ဖန်လ်လုံး၏အပြုံးတွေသည် ကဲ ဘယ့်နှယ်ရှိစဆိုသည့် ရိသဲ့သဲ့ အကြည့်မျိုး။ ရင်နာစရာကောင်းလိုက်တာ။ မိန်းမတစ်ယောက်၏တန်ဖိုးကို တစ်ဖဲ့ချင်း ခြွေချဖို့ ကြိုးစားနေတဲ့သူတို့ကို ပုရစ် အရမ်းမုန်းသည်။ သေလောက်အောင် မုန်းသည်။ ပုရစ်ပါးပေါ်မှ စီးကျနေသော မျက်ရည်စတို့သည် သွေးစက်တွေအလား နာကျင်လိုက်တာမှ ရင်ထဲမှာတဆစ်ဆစ်။

■ ■ ■



## အခန်း (၉)

အခန်းထဲ တွန်းထည့်ခံလိုက်ရသဖြင့် ပုရစ် ခန္ဓာကိုယ်မှာ အရှိန်မထိန်းနိုင်ဘဲ ဟပ်ထိုးလဲကျသွားသည်။

အသားနာတာထက် ရင်ထဲက နာကျင်မှုက ပိုတာမို့ ပါးပေါ်မှ မျက်ရည်တို့ကို ဆွဲသုတ်လိုက်ပြီး မွေ့ယာထက်တွင် အနိုပ်ခံဖို့အဆင်သင့်စောင့်နေသော ညွှသည်လူကြီးကို ခပ်စိမ်းစိမ်းကြည့်လိုက်သည်။

အသက်အရွယ်အားဖြင့် သုံးဆယ်ကျော် လေးဆယ်ပတ်ဝန်းကျင်မို့ ပုရစ် ဦးလေးအရွယ်လောက်ရှိသည်။ ထို့ကြောင့် အသနားခံကြည့်လျှင် ရနိုင်သည်ဟူသော မျှော်လင့်ချက်တစ်ခုက အတွေးထဲကို ခပ်ရေးရေးတိုးဝင်လာသည်။

ထို့ကြောင့် လဲကျနေရာမှ ကပျာကယာ ဒူးထောက်ထိုင်လိုက်ပြီး အသနားခံသောအမူအရာဖြင့် လက်အုပ်ချီလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



''ဦးလေး ပုရစ်ကို သနားပါ၊ ပုရစ် အနှိပ်သည်အလုပ်ကို မလုပ်တတ်ပါဘူး၊ သူတို့ပုရစ်ကို အတင်းအဓမ္မခိုင်းလို့ လုပ်ရတာပါ''

မျက်ရည်တွေနှင့် သွေးဂူးသွေးတန်း တောင်းပန်နေသော ပုရစ်ကို ထိုလူကြီး အံ့ဩစွာကြည့်လိုက်ပြီး ဘာပြန်ပြောရမှန်းမသိအောင်ကို နှုတ်ဆွံ့အနေ၏။

''ပုရစ်က မိန်းမကောင်းပါ၊ ရန်ကုန်ကို ခုမှရောက်ဖူးတာပါ၊ အလုပြင်ဆိုင်မှာအလုပ်ရမယ်ဆိုပြီး ညာခေါ်ခံရတာ''

အရှက်တရားနှင့်ဂုဏ်သိက္ခာကို ထိန်းသိမ်းဖို့အတွက် ပုရစ်ဒီလောက်တော့ မရှက်မကြောက် အသနားခံစွန့်စားသင့်ပါသည်။

''ဟုတ်ပါပြီ မင်းပုံစံကြည့်ရတာ တော်တော်လေးကို ကြောက်နေပုံပဲ စိတ်ချပါ မင်းကိုငါ လက်ဖျားနဲ့တောင် မတို့ပါဘူး၊ ငါ့ကိုမကြောက်ပါနဲ့''

ကရုဏာသက်စွာ နှစ်သိမ့်ပေးခြင်းခံရသောကြောင့် ပုရစ်အနည်းငယ် စိတ်အေးသွားရသည်။

ပါးပေါ်မှ မျက်ရည်စတွေကို သုတ်လိုက်ပြီး ကျေးဇူးတင်သောအကြည့်ဖြင့် ကြည့်ပြီး ခေါင်းညိတ်လိုက်သည်။ လူသူတော်ကောင်းနှင့်လာတွေ့၍သာ ပုရစ် ကံကောင်းခြင်းဖြစ်သည်။

ရင်ထဲမှာ ဘယ်လိုကျေးဇူးတင်ရမှန်းပင်မသိတော့။

''ဒီနေရာက မကောင်းတဲ့နေရာမှန်းသိရင် မင်း ဒီမှာဆက်မနေနဲ့တော့လေ၊ ကိုယ့်ဒေသကို ကိုယ်ပြန်ပေါ့''





''ပြန်ချင်တာပေါ့၊ ဒါပေမဲ့ ပုရစ် ခြိမ်းခြောက်ခံနေရတယ်''

ပွဲစား လှသင်းကြွယ် သုံးလစာလိမ်ထုတ်သွားသည့်ကိစ္စနှင့် သီတာသွင်၏အဓမ္မအကျုံးကိုင်သော ကိစ္စများကို ယုံကြည်စွာဖြင့် မချွင်းမချန် ပြောပြလိုက်သည်။

ထိုလူကြီး သက်ပြင်းခပ်ငွေ့ငွေ့ ချလိုက်သည်။ ကူညီချင်ပေမယ့် ဒီလိုကိစ္စမျိုးဆိုတာ အထောက်အထား မခိုင်လုံတဲ့ တစ်ယောက်ထဲ ဟီးရိုး လုပ်၍မရနိုင်။

''အေးပေါ့လေ ဒီကြားထဲမှာ အလိုက်အထိုက်လေးနေလိုက်ပါ၊ အပြင်ထွက်ခွင့်ရဖို့ အခြေအနေကို အမြဲမပြတ် စောင့်ကြည့်ပါ၊ မင်းလိုရိုးသားတဲ့မိန်းကလေးအတွက် ထွက်ပေါက်တစ်ခုတော့ မလွဲမသွေ တွေ့ရမှာပါ၊ ငါလည်း သားသမီးချင်း စာနာပါတယ်''

ထိုနေ့က ထိုလူကြီးသည် သူ့ကိုယ်သူ မင်းခွေဟု မိတ်ဆက်ပြီး အနှိပ်လုံးဝမခံဘဲနှင့်တစ်နာရီစာကို ရှင်းသွားလေ၏။

သီတာသွင့် စိတ်ထဲမှာတော့ ပုရစ် အလုပ်ကို တာဝန်ကျေကျေလုပ်သားပဲဟု ထင်သွားပုံရသည်။ ပုရစ်ကို တင်းတင်းမာမာ မဆက်ဆံဘဲ အမူအရာပြောင်းပြီး ဆက်ဆံ၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဘယ်လိုလဲ၊ အနှိပ်သမလုပ်ရတာ စိတ်ကျေနပ်မှုရှိရဲ့လား"

ဘယ်တုန်းကတည်းက ထပ်နိုးလှေကားမှာ ရောက်နေသည်မသိသည့် ဖန်လိပ်လုံး၏ရိုသဲ့သဲ့အမေးကြောင့် လှေကားပေါ်တက်မည့် ခြေလှမ်းတွေ တုံ့သွားသည်။

နားထဲမှာ ဦးမင်းဆွေ ပြောခဲ့သောစကားကို ပြန်ကြားယောင်လာပြီး ဖန်လိပ်လုံးနှင့်ဆန့်ကျင်ကာ မလိုလားဟန်ပြသော စကားတွေ မပြောတော့ဟု ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် တင်းသွားသော မျက်နှာကို အနည်းငယ်ဖြေလျှော့၍

"ကိုယ် မလုပ်ချင်တဲ့အလုပ်ကို လုပ်ရလို့ပျော်နေတဲ့သူကို ရှင်မြင်ဖူးလို့လား"

ဗျူး၁၁၄ပ



ပုရစ်၏တုန့်ပြန်စကားကို ဖန်လိပ်လုံး ကျေနပ်အားရစွာဖြင့် တဟားဟား ရယ်၏။

"မင်းက ငါ့အနားမှာမှ မနေချင်တာကိုးကွ၊ ဒီလောက်တော့ရှိမှာပေါ့၊ ပြောစမ်းပါဦး အဲဒီလူကို နှိပ်ပေးရုံတင်ပဲလား၊ မင်းဆီက ဘာအခွင့်အရေးမှ မတောင်းဆိုဘူးလား အဟက် မလွှဲမရှောင်သာ ပေးခဲ့ရမှာပေါ့"

ဖန်လိပ်လုံး အမေးကြောင့် ပုရစ် မျက်နှာရဲခနဲ ဖြစ်သွားသည်။ နှမချင်းမစာနာစွာ မေးရက်လေခြင်းဟု စိတ်ထဲမှာ ချဉ်သွားမိသည်။

"အဲဒါ ရှင်သိဖို့ လိုလို့လား"

"ဟ လိုတာပေါ့၊ ငါချစ်မိသွားတဲ့ ကောင်မလေးတစ်ယောက်ကို ဘယ်ယောက်ျားနဲ့မှ ပတ်သက်စေချင်တာမဟုတ်ဘူးကွ၊ မင်းက တော်တော်ခေါင်းမာလွန်းလို့ အကြောင်းသိအောင် လွှတ်လိုက်တာ၊ အဲဒီအတွက် ငါ့ရင်ထဲမှာ မနာလိုစိတ်တွေ ဝန်တိုစိတ်တွေနဲ့ မခံမရပ်နိုင်ဖြစ်နေရတယ်၊ ဒါကို မင်းသိရဲ့လား"

"သိစရာမလိုပါဘူး၊ ပုရစ် ဘဝမှာ ဒီလိုအခြေအနေဆိုးမျိုးတွေကို အော်ဂလီဆန်စရာကောင်းလောက်အောင် ကြုံတွေ့နေရတာတွေဟာ အတိတ်ကံအကျိုးပေး မကောင်းလို့လို့ပဲ မှတ်ယူထားတယ်၊ လောက်ဖြစ်မှတော့ မစင်ကိုကြောက်နေလို့ ရတော့မလား"

"ဒါဆိုရင် ငါ့ကို မစင်တစ်တုံးလို သဘောထားပြီး ချစ်ပေးပါ သား၊ ငါမင်းကို အရမ်းချစ်မိသွားပြီ၊ ငါ့ရင်ထဲက အချစ်တွေကို မင်း

ဗျူး၁၃၄ပ

www.burmeseclassic.com



[illegible] ငါ ဆိုမှုန်းပြောပြမယ်ဆိုရင် နေဝင်တာတောင်ပြီးမှာ [illegible] အဲဒါကို ယုံ''

''ရှင့်အချစ်ကို ယုံတာနဲ့ ပုရစ် ဒီဘဝက လွတ်မြောက်မှာတဲ့လား''

''ဟာ ဒါပေါ့ လွတ်မြောက်ရမှာပေါ့၊ မင်းသာ ငါ့ချစ်သူအဖြစ် တစ်နာရီ တစ်မိနစ် တစ်စက္ကန့် နေကြည့်၊ မင်းကို ထိပါးလာသူမှန်သမျှ ငါ ရင်ဆိုင်မယ်''

ပုရစ် မဲ့လိုက်သည်။ ဘယ်သူမှ ထိစရာမလိုဘူး၊ ငါပဲ ထိမည် ဆိုသည့်လူစားမျိုးထဲမှာ ဖန်လ်လုံးလည်းပါနေသည်မို့ ပုရစ်ဘဝအတွက် ဒီလောက်တော့ မရက်ရောနိုင်ပါ။

''ရှင် ပုရစ်ကို တကယ်ချစ်တာလား''

''အင်း ချစ်တယ်၊ ဘယ်သူ့ကိုမှ မခံစားဖူးတဲ့ ခံစားမှုမျိုးနဲ့ ချစ်တာ''

''အဲဒီအချစ်တွေထဲမှာ သွေးသားဆန္ဒတွေပါနေတယ်ဆိုတာရော ရှင် ဝန်ခံလိုက်လေ''

''ဟင်''

ဖန်လ်လုံး နှုတ်ခမ်းဟသွားသည်။ ပြီးမှ ဟက်ခနဲ ရယ်ပြီး

''မင်းက ငါ့ကို နှာဘူးကောင်လို့ ထင်နေတာလား''

''ရှင် ပုရစ်ကိုချစ်တာ ရယူပိုင်ဆိုင်လိုစိတ်နဲ့ပဲမဟုတ်လား၊ ရှင့်အချစ်တွေက ရယူပိုင်ဆိုင်စော်ကားလိုစိတ်မပါဘဲ သန့်သန့်လေး ချစ်





တာပါလို့ ရှင့်ကိုယ်ရှင် အာမခံနိုင်သလား''

ဖန်လ်လုံး တွေသွားသည်။ သူ ပုရစ်ကိုချစ်တာ အရောင်စုံ အချစ်နဲ့ချစ်တာ ရင်ထဲက ခံစားမှုတွေ လှိုင်းထန်လာတာကို အချစ်ဟု သမုတ်၍ရမည်ဆိုလျှင် သေချာသည် ဒါဟာ ပုရစ်ကို သူ တကယ်ချစ် သွားတာ။ ဒါပေမဲ့ ရယူပိုင်ဆိုင်လိုစိတ်မပါဘူးဟုတော့ အာမမခံနိုင်။

ကိုယ်ချစ်တဲ့မိန်းကလေးဆီက သူ့ရဲ့ပေးဆပ်မှုနဲ့အချစ်တွေကို ဖန်လ်လုံးမှမဟုတ်ပါဘူး ယောကျ်ားတိုင်း မျှော်လင့်မက်မောကြတာပဲလေ။

ဒါပေမဲ့ အမှန်အတိုင်း ဝန်ခံလိုက်၍လည်း မဖြစ်သေးပြန်။ ပုရစ်၏မျက်လုံးအရိပ်တွေမှာ ဖန်လ်လုံးဟာ အချစ်သမားတစ်ယောက် မဟုတ်။ ဗီလိန်တစ်ကောင် ဖြစ်ကောင်းဖြစ်နေလိမ့်မည်။

''ကိုယ် မင်းကိုချစ်တယ်၊ မင်းအချစ်တွေကို အာသာငမ်းငမ်း တပ်မက်နေမိတဲ့ယောကျ်ားတစ်ယောက်ဆိုတာ ဝန်ခံတယ်၊ ဒါပေမဲ့ နှစ် ယောက်စလုံးရဲ့ရင်ဘတ်တွေ ပူးကပ်ပြီး အချစ်တွေကို သွေးသားဆန္ဒ အလျှောက် ဖလှယ်ဖို့ဆိုရင်တော့ မင်းကြည်ဖြူမှ ဖြစ်တာလေ၊ မင်းဆန္ဒ မပါဘဲ လက်ဖျားနဲ့ မတို့ပါနဲ့ဆိုရင်တောင် ငါ မတို့ဘူး''

တကယ်ပြောနေတာလားဟူသည့် အဓိပ္ပာယ်ပါသော အကြည့် ဖြင့် ဖန်လ်လုံးကို မယုံကြည်နိုင်စွာဖြင့် ကြည့်လိုက်သည်။

''ဒါဆို ပုရစ် ရှင့်ဘေးမှာနေရင် ရှင် ပုရစ်ကို သန့်သန့်လေး ချစ်မှာလား''

''ငါပြောပြီးပြီလေ၊ မင်းဆန္ဒမပါဘဲနဲ့ မင်းကို လက်ဖျားနဲ့တောင်



www.burmeseclassic.com

www.burmeseclassic.com



မတို့ပါဘူးလို့၊ မင်းလည်း အနှိပ်ခန်းဝင်စရာ မလိုတော့ဘူး၊ ငါချစ်တဲ့ မိန်းကလေးကို ဘယ်ယောကျ်ားနဲ့မှ မပတ်သက်ခိုင်းဘူး''

''ဒါဆို ရှင့်အစ်မကို ရှင် ဘယ်လိုရင်ဆိုင်မလဲ''

''မင်းသာ ငါ့ကိုခေါင်းတစ်ချက်ညိတ်လိုက် မမကို ငါ ရင်ဆိုင်ရဲသွားလိမ့်မယ်၊ အမိကက မင်း ငါ့ရဲ့လက်ကို ရဲရဲဝံ့ဝံ့ ဆုပ်ကိုင်ဖို့ပဲ''

''အင်းလေ ဒါဆိုရင် ပုရစ် စဉ်းစားမယ်''

''မင်းမှာ စဉ်းစားဖို့ အခွင့်အရေးရှိလို့လား ပုရစ်၊ အဲဒီစဉ်းစားနေတဲ့အချိန်ကာလတစ်ခုအတွင်းမှာ မင်းကို မမက ဒီအတိုင်းထားမှာတဲ့လား''

သူပြောတာလည်း ဟုတ်နေ၍ အချိန်ဆွဲ၍မရမှန်း ပုရစ်စဉ်းစားမိသွားသည်။ ထို့နောက် ပုရစ်ထံမှ အဖြေကို အားမလိုအားမရ စောင့်ဆိုင်းနေရှာသော ဖန်လ်လုံးကို တမင်ပင် ခပ်ညုညုကြည့်လိုက်ပြီး

''ပုရစ် ခုချက်ချင်း အဖြေပေးလိုက်ရင် မိန်းမဈေးကျမှာပေါ့လို့ ဒါဟာ တစ်ဘဝလုံးနဲ့ဆိုင်တဲ့ကိစ္စကြီးလေ၊ ဒါပေမဲ့လည်း ရှင့်ဘေးမှာ ချစ်သူအဖြစ် နေကြည့်ပါ့မယ်၊ ဒါပေမဲ့ ဘောင်မကျော်ဘူး၊ အချစ်နယ်မကျွံဘူး၊ ယုတ်စွအဆုံး ရှင့်ရဲ့အတင်းအဓမ္မ နမ်းတဲ့အနမ်းမျိုးကိုတောင် ပုရစ် မလိုလားဘူး''

အကြံရှိသူပီပီ ဖန်လ်လုံးကို မချစ်ပေမယ့်လည်း အခြေအနေအရတော့ ချစ်သူအဖြစ် တဒင်္ဂ ပတ်သက်ရမှာပင်။ ဒီနေရာ ဒီလောင်းရိပ်အောက်က ထွက်သွားသည်နှင့် ပုရစ်ဟာ ဖန်လ်လုံးနှင့် ဘာမှမပတ်





သက်တော့။

ဖန်လ်လုံးသည်လည်း ပုရစ်ကို ချစ်တာမှန်ပေမယ့် အချစ်နယ်မကျွံရလျှင်တော့ ထိုအချစ်တွေဟာ ကန္တာရထဲရောက်နေသလို ပျင်းရိငြီးငွေ့ဖွယ်ကောင်းတော့မှာပါ။ ပုရစ်၏အသွေးအသားတွေကို တောင့်တမိသော ကိုယ့်ဆန္ဒတွေကို ပုရစ်ထံမှ အချစ်တွေရပြီဆိုမှ အလျှဉ်းသင့်သလို ဖဲ့ခြွေစားသုံးလိုက်ရုံပေါ့။

ခုလောလောဆယ်မှာတော့ ပုရစ်၏ယုံကြည်မှုနှင့်အချစ်ကို ရဖို့က အဓိကမို့ ပုရစ် စိတ်တိုင်းကျ ကတိတွေ အထပ်ထပ်ပေးလိုက်ရုံပင်။

''စိတ်ချ ပုရစ် ဆန္ဒမပါဘဲ ဘာမှမကျူးလွန်ဘူး ကတိပေးတယ်၊ အကြိမ်ကြိမ် ကတိပေးတယ်''

ကတိတွေ လွယ်လွယ်ပေးနေသော ဖန်လ်လုံးကို ကြည့်ပြီး သံသယ မျက်လုံးတွေဖြင့် ခပ်မဲ့မဲ့ပြုံးလိုက်သည်။

ပုရစ်အပြုံးကို ဖန်လ်လုံး လုံးဝ မမြင်လိုက်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ဒါ ဘာလဲ စနိုး ဒီအရုပ်လေးကို ပုရစ် ဘာလုပ်ရမလဲ"

လက်တဝါးသာသာရှိသော မွေးပွကြောင်ရုပ်ကလေးကိုကြည့်ပြီး ပုရစ် နားမလည်စွာ မေးလိုက်သည်။

"ဒီအရုပ်လေးကို ဆက်ပြီးထိန်းသိမ်းပေးပါ"

စနိုးအသံသည် ခါတိုင်းနေ့တွေထက်ပို၍ တိုးဖျော့ကာ အသံသိပ်မရှိတော့။ မျက်နှာသည် သွေးမရှိသလို ဖြူဖွေးဆုပ်နေသည်မှာ ကြည့်ရက်စရာမရှိ။

ဖုတ်လိုက်ဖုတ်လိုက် ဖြစ်နေသော ရင်ဘတ်သည် အသက်ကို ခက်ခက်ခဲခဲ ရှူနေပုံရသည်။ စနိုး၏မသက်မသာ ဝေဒနာခံစားနေရမှု ကိုကြည့်ပြီး ပုရစ် ရင်ထဲ ဝမ်းနည်းလှိုက်ဖိုလာသည်။ စနိုးရှေ့မှာ မျက်

ဗျူး ၁၁၉၀



မိအောင် မနည်းထိန်းထားရပေမယ့် အသံကတော့ ငိုသံအနည်းငယ်ပါ၍ အက်တက်တက်ဖြစ်နေသည်ဆိုတာ ကိုယ့်ကိုကိုယ် သိသည်။

ပုရစ် သတိထားမိနေသည်မှာ စနိုးအား နေမကောင်းဖြစ်နေပါလျက်နှင့် ဘယ်ဆရာဝန်ဆီမှ ခေါ်မသွားသလို ဘယ်ဆရာဝန်ကမှ သည်း လာပြီး ဆေးဝါးကုသမှုမပေးကြ။

ပန်းသခင် အဘေးခန်းဧည့်ရိပ်သာဟု ဟာန်ပြအမည်တပ်ထားသော ထိုနေရာမှာရှိသည့် လူတွေအားလုံးသည် ကိုယ်ချင်းစာနာစိတ်တွေ သုံးဝမရှိသော အကြင်နာတရားခေါင်းပါးလွန်းသော လူ့အဖွဲ့တွေလား။ သူတို့စိတ်ထဲမှာ စနိုးကို ရှိတယ်လို့တောင် ထင်ထားကြပုံမပေါ်။

ဒီလောက် ရက်စက်သည့်နေရာမျိုးကို ပုရစ် ဘယ်မှာမှ မတွေ့ဘူး။ အစာတောင် မဝင်တော့သည့် စနိုးကို ဆေးတစ်ခွက် ရေတစ်မှုတ် ဆိုက်ပြီး အားပေးစကား နှစ်သိမ့်စကား မပြောချင်ကြလောက်အောင် နေ့ကို လူ့လောကကြီးထဲက ထွက်သွားစေချင်ကြပြီလား။ ယုတ်မာလိုက်ကြတာ။

"ငါ ငါနေရတော့မယ် မထင်ဘူး၊ ဒါကြောင့် ငါ့ရဲ့ကိုယ်ပိုင် ည်းလေးကို နင့်ဆီမှာ အပ်ခဲ့ချင်တယ်၊ ဒီ ဒီအရုပ်ထဲမှာ ငါပိုင်တဲ့ ည်းတချို့ ရှိတယ်၊ နင် လိုသလိုသုံးပါ"

ပြောရင်းနှင့် စနိုး အသက်ကို ခပ်ပြင်းပြင်း ရှူလိုက်သည်။

"စနိုး နင် တော်တော်ခံရခက်နေပြီလား၊ ငါ ငါ မသိတာသွင် သွားပြောလိုက်မယ်လေ၊ သူတို့ နင့်ကို ဆေးခန်းပို့ပေးကြမှာပါ"

ဗျူး ၁၁၉၀

www.burmeseclassic.com

www.burmeseclassic.com



ငိုမဲ့မဲ့ ပြောနေသော ပုရစ်စကားကို စနိုး အားမရှိသောလက် တစ်ဖက်ဖြင့် လှုပ်ရမ်းပြသည်။

"မခေါ်နဲ့ သူတို့ငါ့ကို ဒီနေရာကနေ ခေါ်သွားကြတော့မှာ ငါ သိနေတယ်၊ ငါ့ကို ဒီနေရာမှာ ပေးသေကြမှာ မဟုတ်ဘူး"

စနိုး စကားကြောင့် ပုရစ် မျက်ရည်တို့ ထိန်းမရတော့။ စနိုး ခပ်ဖျော့ဖျော့ ပြုံးသည်။ ဝေဒနာကြောင့် ထင်သည် စနိုး၏အပြုံးသည် သိပ်တောင် မပီပြင်တော့။

"ငါလေ နင့်ကို ငါ့အကြောင်းကို ပြောပြချင်တယ်"

"ပြော ပြောလေ ပုရစ် နားထောင်ပေးပါ့မယ်"

"ဒီနေရာကို ငါ ရောက်လာတာဟာ ငါ့ရဲ့မိုက်မဲမှုတစ်ခုကြောင့်ပါ၊ အဲဒါဟာ အချစ်ပေါ့၊ အချစ်ကြောင့် ငါ့စိတ်တွေ ဒဏ်ရာအကြီးကြီး ဖြစ်ပြီး ဘဝကို ရေစုန်မျှောပစ်လိုက်လို့ ငါ ခုလိုအပြစ်ဒဏ်ခံရတာ"

"စနိုးရယ်"

ပုရစ် ရင်ထဲမှာ ဝမ်းနည်းခြင်းတွေသည် ဒီရေတက်သလ တဖြည်းဖြည်း တက်လာ၏။

"ငါလေ ယောကျ်ားတစ်ယောက်ကို နင့်နင့်သီးသီး ချစ်ခဲ့ တယ်၊ ဒါပေမဲ့ သူက ငါ့ကိုမချစ်ဘူး၊ ငါ့အစ်မကို ချစ်တာလေ၊ ငါ သူ အချစ်ကိုရဖို့ ကုန္ဒြေတွေ သိက္ခာတွေ ခဝါချပြီး ကြိုးစားနေချိန်မှာ သူက ငါ့အစ်မနဲ့ ဗြုန်းစားကြီး လက်ထပ်လိုက်တယ်၊ ငါ့ဘဝကြီး အ အချိန်ကစပြီး အရမ်းကို အထီးကျန်ပြီး အဓိပ္ပာယ်မဲ့ခဲ့တယ်၊ ငါ့ဘဝ





ငါမကျေနပ်ဘူး၊ အရှုံးတိုက်ချင်စိတ်တွေ ပေါက်လာတယ်"

"ဩော် ငါ စိတ်မကောင်းလိုက်တာ စနိုးရယ်"

"အဲဒါကြောင့် ငါ နေတဲ့မြို့လေးကနေ ငါ့အစ်မနဲ့သူ့ကို ကျော ခိုင်းပြီး ငါ့ဘဝကို ငါ ရေစုန်မျှောပစ်လိုက်မိတယ်၊ အရှုံးတိုက်လိုက်တာဆို ရင် ပိုမှန်လိမ့်မယ်"

ဘဝကို အလေးအနက် တန်ဖိုးမထားရက်လေခြင်းဟုတောင် ပုရစ် မဝေဖန်ရက်တော့ပါ။

မိန်းမတွေဟာ ယောကျ်ားတွေထက် အချစ်ကို ပိုတန်ဖိုးထား ပိုပြီးကိုးကွယ်တတ်ကြတာ ကမ္ဘာဦးအစကတည်းကပင် မဟုတ်လား။ ဒီတော့ အချစ်ကိုမှမရလျှင် ဘဝဆိုတာဟာလည်း ရှိမလာတော့ဘူးဆို သည့် မိုက်ရူးရဲအတွေးတွေ ဝင်မိသွားသော စနိုး၏ ကြေကွဲစရာဖြတ် လမ်းလေးကိုသာ သနားစိတ်ဝင်မိတော့၏။

"ခုတော့ ငါလေ မမကို အရမ်းတွေ့ချင်တယ်၊ ငါ့ရင်ထဲမှာ ပြောစရာတွေ အများကြီးရှိတယ်၊ နောက်ပြီး ငါ သူ့ကိုနောက်ဆုံးအနေနဲ့ တစ်ခါလောက် တွေ့သွားချင်တယ်၊ ငါ သူ့ကိုဘယ်လောက်ချစ်ခဲ့သလဲ ဆိုတာကို သူ သိအောင်ပြောခဲ့ချင်တယ်၊ ဒါပေမဲ့ ဒါတွေဟာ မဖြစ်နိုင် တော့ပါဘူး"

"စနိုးရယ် နင် နေပြန်ကောင်းလာရင် တွေ့ရမှာပါ၊ ငါလေ နင့်လိပ်စာကို သွားပြောကြည့်မယ်လေ၊ သူက ငါ့ကိုချစ်နေတဲ့သူဆို ငါ့ စကားကို သူနားထောင်ရင် နားထောင်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ပိန်လှီဖြူဖျော့နေသော စန်း၏လက်ကို ခပ်ဖွဖွ ဆုပ်ကိုင်ပြီး အားပေးနှစ်သိမ့်လိုက်သည်။

''ဟင့်အင်း မပြောနဲ့တော့ ဒီအချိန်မှာ သူတို့ငါ့ကို ဆေးရုံတင်မယ်ဆိုရင်တောင် ဆရာဝန်တွေ လက်လျှော့သွားမယ့် အခြေအနေမျိုးမို့ နှင်သွားပြောလည်း သူတို့ ဘာမှလုပ်ပေးမှာမဟုတ်ဘူး။ အရာအားလုံးကို ငါ့ရဲ့ဆိုးရွားတဲ့ကံလို့ပဲ မှတ်ယူပါတယ်၊ တကယ်တော့ ငါ ငါ့ရောဂါက HIV ရောဂါလေ''

''ဟင်''

မျက်ဝန်းအစုံ ပြူးကျယ်ဝိုင်းစက်သွားရလောက်အောင်ကို စန်းအတွက် မျှော်လင့်ချက်တွေနှင့် နှစ်သိမ့်မှုတွေ မပေးနိုင်တော့။

''သူတို့ ငါ့ကို ဒီနေ့ပဲ လာခေါ်သွားတော့မှာ ငါသိနေတယ်၊ အရင့်အရင် အနှိပ်သမတွေ ငါ့လိုဝေဒနာမျိုးဖြစ်ရင် ဒီပန်းသခင်မှာ အသက်ထွက်မခံဘူး၊ လူမသိသူမသိနေရာမှာ ခက်ခက်ခဲခဲ အသက်ထွက်နိုင်းတယ်''

''တောက် ယုတ်မာလိုက်ကြတာဟယ်၊ ခင်းတို့လို လူယုတ်မာတွေအတွက် ဥပဒေဆိုတာ မရှိတော့ဘူးလား''

ရင်မှာ စန်းအတွက် ခံပြင်းလိုက်သည်မှာ ပြောဖွယ်ရာမရှိတော့

''ထားလိုက်ပါတော့ ပုရစ်ရယ်၊ ငါ့ကြောင့် ဒေါသထွက်မနေပါနဲ့တော့ နင်သာ ဒီနေရာကနေ လွတ်အောင်လုပ်၊ ငါလည်း ဒီဝေဒနာဆိုးကြီးက လွတ်မြောက်ဖို့အတွက် သေခြင်းတရားကို မြန်မြန်ရင်ဆိုင်ခွင့်



နေပါပြီ၊ အကယ်၍ ကြုံကြိုက်ခဲ့လို့ ငါ့အစ်မကို တွေ့ခဲ့ရင် ငါ့အဖြစ်ဆိုးကြီးကို မပြောပြပါနဲ့နော်''

''အေးပါ အေးပါ သူငယ်ချင်းရယ်''

ပုရစ် စိတ်တင်းမထားနိုင်တော့။ စန်းအတွက် ဝမ်းနည်းလွန်း၍ တသိမ့်သိမ့် ငိုရှိုက်လိုက်သည်။

သူ့အတွက် ငိုပေးမယ့်သူ ရှိပါသေးလားဆိုသည့် အသိကြောင့် စန်း သေပျော်နေပါပြီ။

သိပ်မကြာခင် စန်းဟာ ဒီလောကကြီးကို ကျောခိုင်းပြီး အမှောင်ကမ္ဘာထဲကို သွားရတော့မှာ။

ဒါပေမဲ့ စန်း ဝမ်းမနည်းပါဘူး။ ချစ်သောသူနဲ့ကွေကွင်းရမှတော့ အသက်ရှင်နေလည်း ဘာထူးတော့မှာလဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ဟင် စနိုး စနိုးရော"

စနိုး ဘေးမှာ အားပေးနှစ်သိမ့်စကားတွေ အဖော်ပြုပေးရင်း အတော်လေးညဉ့်နက်မှ မေ့ခနဲ အိပ်ပျော်သွားသော ပုရစ်မှာ တစ်စုံတစ်ယောက်က ပုတ်နှိုးလိုက်သလို မျက်လုံးတို့ ဖျတ်ခနဲ ပွင့်လာသည်။

စနိုး ဘယ်လိုနေလဲဆိုသည့် အသိစိတ်ဖြင့် စနိုးအိပ်ရာဘက်သို့ ငဲ့စောင်းကြည့်လိုက်သည်။ စနိုး မရှိတော့။ အိပ်ရာနေရာသည် လျှာထိုးကြမ်းခင်းသာ ရှိတော့၏။

ဒိန်းခနဲ ဆောင့်ခုန်သွားသော စိတ်ခံစားမှုနှင့်အတူ အိပ်နေရာမှ အတင်းကုန်းထလိုက်ပြီး နှုတ်မှ စနိုးရောဟု တစ်ကိုယ်တည်း ရွတ်မေးလိုက်သည်။





မေ့ခနဲ အိပ်ပျော်သွားသည့်အခိုက်မှာ စနိုး ဘယ်ရောက်သွားပြီလဲ၊ စနိုး သေသွားတာလား။ မဖြစ်နိုင် သေသွားတယ်ဆိုရင်လည်း ရှပ်ကလာပ်ဘော်ဒီကြီးကို ညတွင်းချင်းတော့ ရေခဲတိုက်မပို့နိုင်။

ဒါဆိုလျှင် စနိုးပြောသလို သူ့ကိုတစ်နေရာရာကို ခေါ်သွားကြတာလား။ လူမသိသူမသိ နေရာမှာ စနိုးကို ဘဝဇာတ်သိမ်းခိုင်းမှာလား။

စိုးရိမ်ပူပန်စိတ် အတွေးများနှင့်အတူ ထပ်ခိုးလှေကားထစ်တွေပေါ်မှ ဒရောသောပါးနှင်း၍ ဆင်းလာခဲ့လိုက်သည်။ သူငယ်ချင်းဖြစ်သည့်အချိန်က ရက်ပိုင်းလောက်သာရှိသေးပေမယ့် ပုရစ်ရင်ထဲမှာစနိုးကိုအကယ် ညီအစ်မတွေအလား သံယောဇဉ်ကြီးသွားတာ ပုရစ်သာလျှင်အသိဆုံး။

မိုးပင် ကောင်းကောင်းလင်းပုံမရသေးသော ဝေလီဝေလင်းအချိန်မို့ အောက်ထပ်အခန်းတွေမှာ အနိုပ်သမများ ငြိမ်သက်စွာ အိပ်မောကျနေဆဲ။

ပုရစ် ဘယ်သူ့ကိုမေးရမှန်းမသိ။

ထို့ကြောင့် အပေါ်ထပ်ရှိ သီတာသွင့်အခန်းဆီသို့ တက်လာခဲ့လိုက်သည်။ လှေကားထိပ်အရောက်တွင် ဖုန်းပြောနေသော သီတာသွင့်ကို ဝရန်တာတွင် တွေ့လိုက်၍ တစ်ခုခုတော့ တစ်ခုခုပဲဆိုသည့်အသိဖြင့် ...ပြီး နားစွင့်လိုက်သည်။

"အေးပါ အသက်ငွေ့ငွေ့ပဲ ရှိတော့တယ်ဆိုရင်လည်း ကိုတိုး ...ာင်နဲ့ ထားခဲ့လိုက်၊ အသက်ထွက်သွားရင် သူ့ညီမတစ်ယောက် ...နဲ



www.burmeseclassic.com

www.burmeseclassic.com



မကောင်းရင်းဆုံးသွားတယ်ဆိုပြီး နာရေးကူညီမှုအသင်းကို အကူအညီတောင်းလိမ့်မယ်၊ မင်းက အသက်ထွက်တဲ့အထိစောင့်ပြီး ဘာလုပ်မလို့လဲ၊ ခုချက်ချင်းပြန်လာခဲ့ ကြားလား''

ဒါဟာ စနီးကိုပြောနေတာ ကျိန်းသေသည်မို့ ပုရစ် အောက်နှုတ်ခမ်းကို သွေးထွက်မတတ် ဖိကိုက်ပြီး ဝမ်းနည်းခြင်းတွေက ရင်ထဲမှာ လှိုက်တက်လာသည်။ သနားစရာကောင်းလိုက်တဲ့ စနီး။

မငိုမိအောင် တင်းခံထားပေမယ့် ရှိုက်သံတစ်ချက်က လူခြေတိတ်ချိန်မှာ ပီပီသသပေါ်ထွက်သွားသဖြင့် ဖုန်းပြောနေသော သီတာသွင်မှာ အနောက်ကို ချာခနဲ လှည့်ကြည့်သည်။

ညအိပ်ဂါဝန်ဖားဖားကြီးနှင့် မဖြီးမလိမ်း မပြင်မဆင်ထားသည့်အချိန်မို့ သီတာသွင့်မျက်နှာသည် လှပမနေဘဲ ကောက်ကျစ်စဉ်းလဲသော မြေခွေးမတစ်ကောင်လို အကျည်းတန်လှသည်ဟု ပုရစ် ထင်သည်။

ပုရစ်ကိုမြင်တော့ သူ့မျက်နှာသည် ဖရိုဖရဲ ပျက်ယွင်းသွားသည်။

''မင်း ဘာလာလုပ်တာလဲ''

ခပ်တင်းတင်း မေးလာသော သီတာသွင့်အမေးကို ပုရစ် မဖြေ သီတာသွင့်ရှေ့သို့သာ တစ်လှမ်းချင်း လျှောက်လာ၏။

သီတာသွင် ဖုန်းကိုပိတ်လိုက်ပြီး နောက်ကို နှစ်လှမ်းစာလောက် ဆုတ်လိုက်သည်။

''ဟေ့ မေးနေတယ်လေ၊ ဒီအပေါ်ထပ်ကို မင်း တက်လာစရာ





အကြောင်းမရှိဘူး သွား ခုချက်ချင်း ပြန်ဆင်းစမ်း ကောင်မ''

ရင့်သီးသောစကားလုံးကို သီတာသွင်ကစပြီး သုံးနှုန်းလိုက်သည်။

''နင်က လူယုတ်မာမ မြေခွေးမ''

မထူးတော့ပြီမို့ ပုရစ် ရင်ထဲက ဒေါသတွေကို အပြင်သို့ ဆွဲထုတ်လိုက်သည်။ သီတာသွင် သူ့ကို ပုရစ်က နှစ်နှစ်နာနာပြန်ပြောလိုက်၍ ဆွေ့ဆွေ့ခုန်မတတ် ဒေါသထွက်သွား၏။

''ဘာပြောတယ် နင် နင် လူပါးဝလှချည်လား၊ နင်က ဘာမို့ ငါ့ကိုခံပြောရတာလဲ၊ ဒီမှာ ဘယ်သူမှ ငါ့ကိုမော်ကြည့်ရဲတာမဟုတ်ဘူး''

''ငါက· မိန်းမကောင်းမို့ နင့်ကိုခုလိုပြန်ပြောတာပေါ့၊ ဒီမှာ နင့်ကို ဘယ်သူမှမော်မကြည့်ရဲပေမယ့် အခု ငါကြည့်တယ်၊ မော်ပြီးကြည့်တာမဟုတ်ဘူး ငုံ့ပြီးကြည့်တာ''

''တောက် ကောင်မ လူပါးဝလို့''

သီတာသွင့် လက်တစ်ဖက် လေထဲမြှောက်တက်လာ အရှိန်ဖြင့် ပုရစ်ပါးပေါ်သို့အကျ ပုရစ် ဖျတ်ခနဲ လှမ်းဆုတ်လိုက်သည်။

''မရဘူး မရတော့ဘူး ခေါင်းငုံ့တယ်ဆိုတာ အတိုင်းအတာတစ်ခုအထိပဲရှိတယ်၊ ဒီကိုရောက်စက နင့်ကို အလုပ်ရှင်ပဲဆိုပြီး ကြောက်ခဲ့ပေမယ့် ခုတော့ လုံးဝမကြောက်ဘူး၊ နင်တို့အားလုံး စနီးကိုသတ်တာ''

''ဘာ စနီးကို ငါတို့သတ်တယ် ဟုတ်လား''

ပျက်ယွင်းနေသော မျက်နှာကို ဟန်ဆောင်ပန်ဆောင် မှုပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး ခပ်ထေ့ထေ့ ပြန်မေးတော့။

"ဟုတ်တယ် စန်း ငါ့ကို အကုန်ပြောပြီးသွားပြီ၊ ဒီမှာရှိနေတဲ့ မိန်းကလေးတွေကို နင်တို့အကျိုးစီးပွားအတွက် ခိုင်းစားတယ်၊ ရောဂါဖြစ်လာရင် လုံးဝ မကုဘဲထားတယ်၊ အသက်ရှင်ဖို့လမ်း လုံးဝမမြင်တော့ရင် လူမသိသူမသိနေရာမှာ ဘဝနိဂုံးသွားချုပ်ခိုင်းတယ်၊ အခု စန်းကိုလည်း နင်တို့ ဒီလို လူမဆန်တဲ့လုပ်ရပ်မျိုးနဲ့ ခေါ်ထုတ်သွားကြပြီမဟုတ်လား"

သတ္တိတွေကို ကြိုတင်မွေးမြူထားခြင်း မရှိပါဘဲနှင့် ကိုယ့်နှုတ်မှ တရစပ်ထောက်ပြနေသော အမှားတွေသည် သီတာသွင့်ကို တုန်လှုပ်သွားစေမှာတော့ အမှန်။

ဒီအချိန်မှာ စန်းအတွက် မခံမရပ်နိုင်ဖြစ်နေသော ဒေါသနှင့် မခံချင်စိတ်ကလွဲပြီး ကြောက်စိတ်တွေ တစိုးတစိမျှ ရှိမနေ။

စန်းပေးခဲ့သည့် အင်အားတွေ ပုရစ်ဆီမှာ ရှိနေပြီ။

"နင့်ပါးစပ်ကို ပိတ်လိုက်တော့၊ ဘာမှထပ်မပြောနဲ့တော့ ပုရစ်ဖူး။ ငါ့မောင်က စိတ်ဝင်စားတယ်ဆိုတာနဲ့ပဲ နင်က ဟုတ်လှပြီထင်ပြီး ငါ့ကိုပါ အာခံရဲနေပြီပေါ့ ဟုတ်လား၊ နင့်လို တောကြိုအုံကြားက ကလေကချေတစ်ယောက်က ငါ့ကိုစော်ကားရဲတယ် ကဲဟာ"

"ဖြန်း ဖြန်း"

ပုရစ် ပါးနှစ်ဖက် ပူဆင်းသွားသည်။

"ဖြန်း ဖြန်း"





"ဟင် နင် နင်က ငါ့ကိုရိုက်တယ်"

ပုရစ်ကလည်း ပြန်ရိုက်လိုက်သည်။ ထင်မှတ်မထားသော တုန့်ပြန်မှုကြောင့် သီတာသွင် ပုရစ်ကို မျက်လုံး မီးဝင်းဝင်းတောက်မတတ် ကြည့်ပြီး အနီးရှိ ကြွေပန်းအိုးနှင့် ပစ်ပေါက်လိုက်သည်။ ပုရစ် အရှောင်မြန်၍သာ တော်တော့သည်။

"ချလွင်"

"နင် ဒီနေ့ သေစေရမယ် နင့်ကိုသတ်မယ်"

သူ ပစ်လိုက်သော ပန်းအိုး ပုရစ်ကို မထိလိုက်၍ သီတာသွင် ပုရစ်ဆီသို့ ပြေးဝင်လာသည်။ လှေကားထိပ်နှင့် ပုရစ်ရပ်နေသောနေရာ ဝေး၍ ပုရစ် ခြေလှမ်းတွေ လှေကားထိပ်ဆီသို့ လှမ်းလိုက်သည်၊ နှစ်ယောက်သား လုံးထွေးကြလျှင် လှေကားပေါ်မှ ပြုတ်ကျနိုင်သည်၊ သူပြုတ်ကျလျှင် သူ့ခံ ပုရစ်ပြုတ်ကျလျှင်လည်း ပုရစ် ကုသိုလ်ကံပင်။ လူဆိုတာ သေတစ်နေ့ မွေးတစ်နေ့မို့ ဘာကိုဖက်တွယ် မက်မောနေရမှာလဲ။

သီတာသွင် ပုရစ်လှေကားထိပ်သို့ အပြေးရောက်လာသည့်တက်ကို သူ့ပစ်မှတ်အဖြစ် သဘောထားလိုက်ပြီး ပုရစ်ကို ဝင်လုံးရန် ကြိုးစားသည်။

သို့သော် ကံဆိုးစွာဖြင့်ပင် အရှိန်မထိန်းနိုင်ဘဲ လှေကားထစ်တွေပေါ်မှ အောက်သို့ ဒလိမ့်ခေါက်ကွေး ပြုတ်ကျလေ၏။

"ဒုန်း ဒုန်း"

"အား"



www.burmeseclassic.com

www.burmeseclassic.com



တမင်ရည်ရွယ်ပြီး တွန်းလိုက်တာမဟုတ်၍ ပုရစ် အပြစ်မဟုတ်။ သို့သော် သီတာသွင့်အခြေအနေကတော့ မြင်မကောင်း။ ခေါင်းမှစီးကျလာသော သွေးတွေက မျက်နှာပေါ်မှာ ရဲရဲနီနေ၏။

မသေများသွားပြီလားဟူသော စိုးရိမ်စိတ်ဖြင့် ခေါ်ကြည့်သည်။

"မသီတာသွင် မသီတာသွင် အမလေး ဘုရားရေ ငါ ငါတော့ လူသတ်မှုဖြစ်ပြီထင်ပါရဲ့"

ကိုယ် တရားခံဟူသောစိတ်ကြီးက ပုရစ်၏တစ်ကိုယ်လုံးကို နတ်ဝင်သည်တစ်ယောက်လို တုန်ခိုက်လာစေ၏။ မလုံလဲသောအကြည့်တွေဖြင့် အရှေ့အနောက် ဘေးဘီဝဲယာတွေကို လှမ်းကြည့်လိုက်သည်။ တစ်ယောက်မှ ရှိမနေ။

ကြောက်စိတ်ကို အသိတရားတစ်ခုဖြင့် ထိန်းချုပ်ကာ လတ်တလော အခြေအနေကို အလျင်မြန်ဆုံး အသုံးချလိုက်လျှင် ပုရစ်ဒီက လွတ်မြောက်နိုင်သည်။

ထို့ကြောင့် အသက်မဲ့နေပြီလား၊ သတိမေ့နေတာလား သေချာတာကတော့ အသက်မဲ့နေပြီဟု ထင်၏။ သီတာသွင် မလှုပ်မယှက်ကိုယ်လုံးကြီးကိုကျော်ကာ သီတာသွင့်အခန်းဆီသို့ ဒုန်းဆိုင်းပြီး တက်ခဲ့လိုက်သည်။

ပန်းသခင်မှာရှိရှိသမျှသော အခန်းသော့တံခါးသော့ ခြံသော့တွေအားလုံး သီတာသွင်ဆီမှာရှိသည်။ အထူးသဖြင့် အိမ်မကြီးသော့နှင့် ခြံဝင်းသော့ကို ခြံစောင့်ကြီး သီတာသွင့်ကို ပေးတာ မြင်ဖူးနေသည်။





ထိုသော့သာ သီတာသွင် အခန်းထဲမှာရှိနေလျှင် ဒီကထွက်ဖို့လွယ်သွားပြီ။

အခန်းထဲရောက်တော့ သော့ကို နေရာအနှံ့ရှာသည်။ မတွေ့။ ပုရစ် ချွေးပြန်စပြုလာပြီမို့ ဒီအခန်းထဲမှာလည်း ကြာကြာမနေရဲတာနှင့် သော့တွဲကို ဆက်ရှာမနေတော့ဘဲ အောက်ထပ်ရှိ ပုရစ်နေသော ထပ်နိုးဆီသို့ သီတာသွင်အလောင်းကို ကျော်ခွပြီး ပြန်ဆင်းခဲ့လိုက်သည်။

ယူစရာရှိတာယူပြီး ဒီအိမ်ကြီးထဲက ရသည့်နည်းနှင့်ထွက်ရမည်။ ဒီအတွက် ပုရစ် သတ္တိတွေမွေးမှဖြစ်မည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ကိုယ်နှင့်မဆိုင်သော ဘာပစ္စည်းကိုမှမယူတဲ့ ကိုယ့်အဝတ်အိတ်နှင့်စနိုးပေးခဲ့သည့် မွေးပွဲအရုပ်ကလေးကိုယူကာ ထပ်ခိုးပေါ်မှ ဝရန်းသုန်းကား ပြန်ဆင်းခဲ့လိုက်သည်။

အခြေအနေနှင့်အချိန်အခါသည် ပုရစ်ကို အခွင့်အရေးတွေ ဒလဟောပေးနေသလားပင်။ ပုရစ် နေ့ညခန်းထဲရောက်သည့်အချိန်အထိ ဘယ်သူမှ မနိုးကြသေး။

တံခါးမကြီးသော့ မရှိပေမယ့် ပြတင်းပေါက်မှ ကျော်ထွက်မည်ဆိုသောအကြံသည် အချိန်မီပင် ပုရစ်အာရုံထဲ တိုးဝင်လာသည်။ ထို့ကြောင့် လျှောတိုက်မှန်တံခါးသော့ကို ဆွဲဖွင့်ပြီး အဝတ်အိတ်ကို အရင်ဆုံးချကာ တံခါးဘောင်မှ ခုန်ဆင်းလိုက်သည်။





"ဘုတ်"

"အာ့"

အကျမတော်၍ ပုရစ်ထံမှ နာကျင်သောအသံ ထွက်လာသည်။ ခြေထောက်ခေါက်သွား၍ နာကျင်သွားပေမယ့် လူးလဲထလိုက်သည်။

အဝတ်အိတ်နှင့် မွေးပွဲအရုပ်ကို ကောက်ယူကာ ခြံတံခါးဆီသို့ ထော့နင်းထော့နင်းဖြင့် အပြေးလျှောက်လာလိုက်သည်။

လူတစ်ရပ်ကျော်ကျော်မြင့်သော ခြံတံခါးနှင့် အုတ်တံတိုင်းကို ပုရစ် ဘယ်လိုမှ မကျော်နိုင်။ စိတ်တွေက လောကြီးစွာဖြင့် ထူပူပျားပန်းခတ်နေ၏။

ထိုစဉ် ကားမီးရောင်နှင့်အတူ ကားစက်သံ ငြိမ့်ငြိမ့်ကိုကြားလိုက်ရသည်။ ထို့ကြောင့် ကားမီးရောင်နှင့်လွတ်သည့် ဒန်း၏နောက်နားမှာ ဝင်ပုန်းနေလိုက်၏။

ဒါဟာ ဖန်လ်လုံး၏ကားဖြစ်သည်။ ဖန်လ်လုံး ပုရစ်ကိုမြင်သွား၍ မဖြစ်။ ပုရစ် ကြောက်စိတ်ကြောင့် စိတ်တွေ ကူကယ်ရာမဲ့ကာ တံတွေးတွေ ခဏခဏမျိုချကာ အသက်ပင်ခပ်ပြင်းပြင်း မရှူရဲ။

ဖန်လ်လုံး ကားပေါ်မှဆင်းကာ ခြံတံခါးကို သူ့ဖာသာသူ ဆင်းဖွင့်သည်။ ခြံတံခါးဖွင့်ပြီး ခြံရှေ့တွင်ရပ်ထားသော ကားပေါ်ကို ပြန်တက်ပြီး ခြံထဲကို ကားမောင်းဝင်ရန် ဘီးစအလှိမ့် ခြံထဲမှ ရိပ်ခနဲ ပြေးထွက်လာသော လူရိပ်ကြောင့် ကားကိုတုံ့ခနဲ ရပ်လိုက်သည်။

"ဟေ့ ဟေ့ ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



အမေနှင့်အတူ ကားပေါ်မှ ကပျာကယာ ပြန့်ဆင်းလိုက်သည်။ ပြေးထွက်သွားသော လူရိပ်နောက်မှ ပြေးလိုက်သည်။

ပုရစ် ခြေထောက်နာနေ၍ ကြာကြာမပြေးနိုင်။ စိတ်လှုပ်ရှား လွန်း၍လားမသိ လူတစ်ကိုယ်လုံး တုန်ခါမောဟိုက်နေသည်။ ဖန်လိပ်လုံး နောက်မှပြေးလိုက်လာနေ၍သာ စိတ်ကိုတင်းပြီး လမ်းပေါ်ပြေးနေပေမယ့် ဝန်စည်စလည်တွေနှင့်မို့ မြန်နှုန်းမြှင့်၍ မပြေးနိုင်။

မနက်ဝေလီဝေလင်းအချိန်မို့ ဘယ်သူဘယ်ဝါမှန်း မသိပေမယ့် ဖန်လိပ်လုံး စိတ်ထဲ မိန်းကလေးတစ်ယောက်ဟုတော့ ခန့်မှန်းနိုင်သည်။

"ဟေ့ မပြေးနဲ့ ရပ်စမ်း၊ ရပ်လိုက်လို့ ပြောနေတယ်နော်"

လိုက်လည်းလိုက် နှုတ်ကလည်း အသံနှင့်လှမ်း၍ ခြိမ်းခြောက်လိုက်သည်။

ပုရစ် အသက်ရှူမှားမတတ် မောဟိုက်လာသဖြင့် လက်ထဲမှ အဝတ်အိတ်ကိုပင် မသယ်နိုင်တော့။ တိုက်ပျက်ကြီးတစ်ခုရှေ့ရောက်တော့ ဆက်မပြေးတော့ဘဲ ထိုတိုက်ပျက်ကြီးထဲကို ဝင်လိုက်သည်။ လူခြေတိတ်ပြီး ရှင်းလင်းနေသော လမ်းမရှည်ကြီးမှာ ပြေးနေမည့်အစား တိုက်ပျက်ကြီးထဲ ဝင်ပုန်းလိုက်တာဟာ ပုရစ်အတွက် ခဏအမောဖြေဖို့အခွင့်အရေး တော့ ရဦးမည်။

မီးအလင်းရောင်မရှိ မှောင်မည်းနေသော တိုက်ပျက်ကြီးထဲသို့ စမ်းတဝါးဝါးနှင့် ဝင်ခဲ့လိုက်သည်။

"ဟေ့ မင်းဘယ်သူလဲ ဒီထဲမှာ ပုန်းမနေနဲ့ ထွက်ခဲ့စမ်း၊ ငါ

ဗျူး၁၀၁၆ပ



မိလိုက်တော့ လူပြည်မှာ မင်းကိုအရှင်မထားဘူးနော် ထွက်ခဲ့ ထွက်ခဲ့"

ပုရစ် သစ်သားပုံကြီးဘေးမှာ ကိုယ်ကိုကျုံ့နိုင်သမျှကျုံ့ကာ ဝပ်နေလိုက်သည်။ တိတ်ဆိတ်နေသော အချိန်မို့လားမသိ ဖန်လိပ်လုံး၏ ခြေသံက စိတ္တဇဆန်ကာ ချောက်ချားစရာကောင်းလွန်းသည်။

ထိုစဉ် ပုရစ်ခြေကောက်ပေါ်သို့ ဖျတ်ခနဲ ခုန်ဝင်လာသော ကြွက်ဟု ထင်ရသော တိရစ္ဆာန် တစ်ကောင်ကြောင့်

"အား အမလေး"

သွားပြီ ပုရစ်ကို ဖန်လိပ်လုံး ရှာတွေ့သွားပြီ၊ ပုရစ်ပုန်းနေသော နေရာသို့ ဖန်လိပ်လုံး အပြေးရောက်လာသည်။ ခုန်ဆွ ခုန်ဆွနှင့် ကြောက် အားလန့်အား အော်ဟစ်လိုက်သော ပုရစ်ကို အမှောင်ထဲမှာ ဝိုးတဝါး မြင်လိုက်ရ၏။

"ဟင် ပုရစ် ပုရစ်လား"

ဖန်လိပ်လုံးအသံမှာ ဒေါသသံမပေါက်တော့။ ပုရစ်လားဟူသော အသံက နူးညံ့သွားသည်။ သူ့လက်တစ်ဖက်က ပုရစ် ပခုံးကိုလှမ်း၍ ဆုပ်ကိုင်လိုက်ပြီး ကျောပေးအနေအထားဖြစ်နေသော ပုရစ်ကို သူ့ဘက် ဆွဲလှည့်လိုက်သည်။

"ပုရစ် ပုရစ်မဟုတ်လား"

သူ့ဘောင်းဘီအိတ်ထဲမှ ဖုန်းကိုထုတ်ကာ ဖုန်းအလင်းရောင်ဖြင့် ပုရစ်မျက်နှာကို သေချာကြည့်သည်။

"ဟာ ပုရစ် ပုရစ်ရယ် ဘာလို့ ထွက်ပြေးရတာလဲကွာ၊ တော်

www.burmeseclassic.com

www.burmeseclassic.com



သေးတာပေါ့ကွာ ငါ မင်းကိုပြန်တွေ့လို့''

ဖန်လ်လုံး ပုရစ်ကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။

''ပုရစ်ကို လွှတ်ပေးပါ၊ ပုရစ် တောင်းပန်ပါတယ်၊ ဖန်လ်လုံး ရယ် ဒီလိုနေရာမျိုးမှာ ပုရစ် ဘဝကို အဆုံးမသတ်ပါရစေနဲ့၊ စနီးလိုအဖြစ် မျိုး ပုရစ် မဖြစ်ပါရစေနဲ့''

မိန်းမတို့လက်နက်သည် မျက်ရည်ဆိုသကဲ့သို့ ပုရစ် ဖန်လ်လုံး ကို မျက်ရည်တို့ဖြင့် တောင်းပန်လိုက်သည်။

''စိတ်ချ မင်းဘဝကို စနီးလို အဆုံးမသတ်စေရဘူး၊ ငါ့ဘေးမှာ မင်းနေမှာပဲ ငါ မင်းကိုကာကွယ်ရမှာပေါ့၊ လာ ငါတို့ပြန်ကြရအောင်''

သီတာသွင့်ကို သတ်ခဲ့သည်ဆိုတာ မသိ၍ ဖန်လ်လုံး ပုရစ်ကို နှစ်သိမ့်နေခြင်းဖြစ်သည်။ ပုရစ်ကြောင့် သီတာသွင် သေသွားပြီဆိုတာ သာ သိကြည့် ပုရစ်ကို အလွှတ်ပေးမှာမဟုတ်။

ဒီတော့ ပုရစ် သူ့ချွေးသိပ်မှုတွေကို အချိန်ဆွဲပြီး နားထောင်နေ ၍ မဖြစ်။ ဖုန်းဝင်လာပြီး သီတာသွင် သေပြီဆိုတာသိတာနှင့် တရားခံ ဟာ ပုရစ်ပါလို့ ဝန်ခံစရာမလိုအောင်ကို ဖန်လ်လုံး တန်းသိသွားနိုင်သည်။

ဒီတော့ ပုရစ် အံကိုတင်းခနဲနေအောင် ကြိတ်လိုက်ပြီး အနီး သစ်သားချောင်းတစ်ချောင်း ဖန်လ်လုံး မမြင်အောင် လက်နောက်ပြန် လှမ်းယူလိုက်သည်။

အမှားကျူးလွန်ခဲ့ပြီးသူဟာ နောက်အမှားတစ်ခုကို ကျူးလွန်ဖို့ ဝန်မလေးတော့ဆိုသည့်စကားသည် ယခု ပုရစ်လက်တွေ့ပင်။





ဘယ်လောက်ပင် အကြောက်တရားတွေရှိနေပါစေ ကိုယ့် အသက်ဘေးနှင့်ကြုံလာလျှင်တော့ ခုခံကာကွယ်စိတ်တွေဟာ အလိုလို ပေါ်ထွက်လာစမြဲမို့ ပုရစ် ကိုယ့်ကိုကိုယ် လူမိုက်ဟုလည်း မယူဆမိတော့။

''အင်းလေ ဒါဆိုရင်လည်း ပြန်လိုက်ပါမယ်''

''အိုကေ့ ဒီလိုမှပေါ့''

ဖန်လ်လုံး ကျေနပ်စွာ ပြုံးလိုက်ပြီး ပုရစ်၏အဝတ်အိတ်ကို လှမ်းအယူ

''ခွပ်''

''အား''

''ခွပ်''

''အ''

နှစ်ချက်ဆက်တိုက် သစ်သားချောင်းစာကျွေးလိုက်သဖြင့် ဖန်လ် လုံး သမံတလင်းပေါ် ဒူးညွှတ်ခွေကျသွားသည်။

''ပုရစ် အား ဒါ ဒါ ဘယ်လိုလုပ်လိုက်တာလဲ''

ခေါင်းမှာ ပူခနဲ ဖြစ်သွားပြီး မျက်လုံးတွေ ပြာဝေလာသော ဖန်လ်လုံးသည် ထိုမျှသာ ပြောနိုင်တော့သည်။

ပုရစ်တွေပြီး ရပ်ကြည့်နေရာမှ သတိပြန်ဝင်လာပြီး စနီး၏ အမွှေးပွရုပ်ကလေးကို ကောက်ယူလိုက်သည်။ အဝတ်အိတ်ကတော့ ယူ၍ မဖြစ်နိုင်တော့။ ဖန်လ်လုံး နားတွင်ရှိနေ၍ လှမ်းယူလိုက်လျှင် နောက်



www.burmeseclassic.com

www.burmeseclassic.com



ဆက်တွဲ အကျိုးဆက်က မကောင်းနိုင်။

ထို့ကြောင့် ဒီအချိန်မှာ ဘာကိုမှ မက်မောနေ၍မရတော့။ ဖန်လ်လုံးနားမှ ပြေးထွက်ခဲ့လိုက်သည်။

တိုက်ပျက်ကြီးအပြင်ရောက်တော့ ဝေလီဝေလင်း အလင်းရောင်ပင် ခပ်ဖျော့ဖျော့ သမ်းနေလေပြီ။

နံနက်ခင်း လေပြည်သည် ငြိမ်းအေးလတ်ဆတ်သော်လည်း ပုရစ် ရင်ထဲက ကြောက်စိတ်နှင့်အားငယ်စိတ်ကိုတော့ မငြိမ်းအေးစေနိုင်။

ကိုယ့်အဖြစ်က ကြိုးတန်းပေါ်လျှောက်နေရတဲ့ မျက်မမြင် မိန်းကလေးတစ်ယောက်လို ဖြစ်နေရသည့် အဖြစ်မျိုး။

■ ■ ■

## အခန်း (၁၄)

"ကျွီ"

"အား အမလေး"

ကံကောင်း၍ ပုရစ် ကားတိုက်မခံရခြင်းဖြစ်သည်။

"ဟေ့ ကောင်မလေး ကားလာနေတာကို ဘာလို့ အတင်းဖြတ်ပြေးရတာလဲ၊ မနက်စောစောစီးစီး ငါ့ကိုဒုက္ခပေးမလို့လား"

ကားပေါ်မှ လူတစ်ဦး လှမ်းပြောသဖြင့် ပုရစ် ရင်တုန်မပျယ်သော အကြည့်ဖြင့် တောင်းပန်လိုက်သည်။

"စိတ်မရှိပါနဲ့နော်"

"အဲ နေဦး ဟေ့ ငါ-မင်းကိုရင်းရင်းနှီးနှီး မြင်ဖူးနေတယ်"

ထိုလူကြီး ထိုသို့ပြောမှ ပုရစ်လည်း အသေအချာ ပြန်ကြည့်လိုက်သည်။ အရုပ်ပိုက်ထားသော ပုရစ်ကိုလည်း ထိုလူကြီး မျက်မှောင်

www.burmeseclassic.com



ကျွဲ့ကာ ပြန်ကြည့်ပြီး

"ဩော် ဟော် ဟော် သိပြီ သိပြီ၊ မင်း ပန်းသခင်ကကောင်မလေးမဟုတ်လား၊ ပုရစ်ဖူး ပုရစ်ဖူး ဟုတ်တယ်မဟုတ်လား"

လက်ညှိုးတထိုးထိုးလုပ်ကာ ဝမ်းသာအားရ မေးသည်။ ပုရစ်လည်း ပြန်ပြီး မှတ်မိသွားတာမို့ အားကိုးရာတစ်ခုတွေ့ပြီဟူသော မျှော်လင့်ချက်ဖြင့် ဝမ်းသာသွားသည်။

"ဟုတ်တယ် ပုရစ်ပါ ဦးမင်းဆွေ၊ တော်ပါသေးရဲ့ ဦးလေးပုရစ်ကို မှတ်မိလို့"

"အေး ဟေး ဟေး တွေ့မှတွေ့တတ်ပလေတယ်ကွာ၊ ကဲတက် တက် ဘယ်သွားမှာလဲ၊ ငါ လိုက်ပို့ပေးမယ်"

ဦးမင်းဆွေသည် ရိုးသားသော လူကြီးတစ်ဦးမို့ ပုရစ်သံသယလုံးဝကင်းကာ အဆင်သင့် ဖွင့်ပေးသော ကားရှေ့ခန်းထဲသို့ ဝင်ထိုင်လိုက်သည်။

အရေးကြီးဆုံးက ဒီနယ်မြေက လွတ်ဖို့ပဲမဟုတ်လား။ ကားပေါ်ရောက်မှ ရင်ထဲကအပူသောကအချို့ အနည်းငယ် အရှိန်ပျော့ကျသွားသလို စိတ်လက်ပေါ့ပါးသွားသည်။

"အခု ညည်းလေးက ဘယ်လဲ ဦးလေး ဘယ်ကိုလိုက်ပို့ရမလဲ"

"ပုရစ် ဘယ်ကိုသွားရမှန်းမသိသေးပါဘူး ဦးလေးရယ်၊ နယ်ကိုလည်း ခုချက်ချင်း ပြန်လို့မဖြစ်သေးဘူး"

ပုရစ် စကားကြောင့် ဦးမင်းဆွေ ကားမောင်းနေရင်းမှ အံ့အား





သင့်သွားကာ မွေးပွအရုပ်ကလေးကို တယုတယ ပိုက်ထားသည့် ပုရစ်ကိုလှမ်းအကဲခတ်လိုက်သည်။

"ဘယ်လိုပြဿနာတွေ ဖြစ်လာလို့လဲ"

အမှန်အတိုင်းပြော၍ မဖြစ်သဖြင့် ထိန်ချန်သင့်တာကို ထိန်ချန်မှဖြစ်တော့မည်မို့

"ပုရစ် အဲဒီမှာမလုပ်ချင်လို့ ထွက်ပြေးလာတာ"

"ဟေ ဟုတ်လား ကောင်းတယ် ကောင်းတယ်၊ ညည်းလိုမိန်းမကောင်းလေးတွေ နေတဲ့နေရာမဟုတ်တဲ့အတွက် ခုလိုလုပ်လာတာကောင်းတယ်၊ ကဲ ပြော ညည်းကို ငါ ဘာအကူအညီပေးရမလဲ"

ဦးမင်းဆွေဘက်က လိုလိုချင်ချင် ကူညီဖို့ပြောလာ၍ ပုရစ်အားတက်သွားသည်။ သို့သော် လိုနေတာကအများကြီးမို့ ဘယ်ကစပြီးအကူအညီတောင်းရမှန်းမသိအောင် ဖြစ်နေရသည်။

"ဟိုလေ ဘယ် ဘယ်ကစပြီး အကူအညီတောင်းရမှန်းတောင်မသိတော့ပါဘူး ဦးလေးရယ်"

"အားမနာပါနဲ့ ညည်းအခြေအနေကို ညည်းမပြောလည်း ငါသိပြီးသားပဲဟာ ကဲ ခုလောလောဆယ် ညည်း ပိုက်ဆံနေလောက်ရောပေါ့"

ဦးမင်းဆွေ သတိပေးမှပင် ပုရစ် ပိုက်ဆံ တပြားမှ ပါမလာမှန်းသိလာသည်။

ညက စနိုးအနားမှာနေရင်းနှင့် အိပ်ပျော်သွားခဲ့တာ။ ...မင်း



www.burmeseclassic.com

www.burmeseclassic.com



တောင် မစားဖြစ်။

ထွေးရင်းနှင့် အာရုံထဲ စနိုးပုံရိပ်က ဖျတ်ခနဲ တိုးဝင်လာပြန်သည်။

သနားစရာကောင်းလိုက်တဲ့ စနိုးရယ်။

■ ■ ■

## အခန်း (၁၅)

"ကဲ အဝတ်အစားလေးငါးစုံလောက် ဝယ်ပေးပြီးပြီဆိုတော့ ဒတ်ဖိုက မပူရတော့ဘူး။ ခုလောလောဆယ် ဒီရန်ကုန်မြို့တွင်းမှာ အလုပ်တစ်ခုခုရှာပေးရမှာပေါ့"

"ပုရစ် ရန်ကုန်ထဲမှာနေလို့ မဖြစ်သေးဘူးထင်တယ် ဦးလေး"

"ဘာဖြစ်လို့လဲ"

"ဖန်လ်လုံးက ပုရစ်ကို အလွတ်ပေးမှာမဟုတ်ဘူး၊ သူ ပုရစ်ကိုမြေလှန်ရှာမှာ"

မညာသင့်မှန်းသိပေမယ့် အဖြစ်မှန်ကိုဖုံးပြီး ညာလိုက်ရခြင်းသာ ပုရစ်ကိုယ့်ကိုကိုယ် လုံခြုံမှုရှိအောင် ကာကွယ်တာပဲဖြစ်သည်။

ဦးမင်းခေ့ စတိုးဆိုင်ထဲမှထွက်လာပြီး ကားပေါ်တက်ထိုင်သော

www.burmeseclassic.com

www.burmeseclassic.com



ပုရစ်ကို ဘယ်လိုစီစဉ်ပေးရင် ကောင်းမလဲဟူသောအတွေးဖြင့် မျက်မှောင်ကျုံ့ကာ စဉ်းစားနေ၏။

ကူညီလက်စနှင့် အစအဆုံး ကူညီပေးနေသော ဦးမင်းဆွေကို ကိုယ့်ဦးလေးတစ်ယောက်လို အားကိုးစိတ်နှင့် ကျေးဇူးတွေထပ်ခါထပ်ခါ တင်နေမိသည်။

"ငါ့ဆီမှာ ခြံတစ်ခြံတော့ရှိတယ်"

"ရှင် ဘာခြံလဲဟင်"

"ခြံပါဆိုမှ လူနေတဲ့ခြံပေါ့၊ ဟိုးဘက်မြို့စွန်မှာ ရန်ကုန်နဲ့တော့ အလှမ်းဝေးတယ်၊ တော်တော်လေး ဆိတ်ငြိမ်တဲ့နေရာလည်းဖြစ်၊ လူဦးရေနည်းတဲ့နေရာလည်းဖြစ်တယ်၊ အဲဒီမှာ နေရဲလား"

"နေရဲပါတယ်"

ရန်ကုန်မြို့မှာနေရတာထက်စာလျှင် လူသူမနီးတဲ့နေရာမှာနေရတာဟာ ပုရစ်အတွက် ပို၍လုံခြုံစိတ်ချရသည်မို့ မနေရဲလည်း နေရမှာပင်။

"နေရဲပါတယ် ဦးလေး၊ ပုရစ် အဲဒီမှာနေပါရစေ"

"အေးလေ ကောင်းပြီ၊ ငါ အဲဒီခြံကို လိုက်ပို့ပေးမယ်၊ ညည်း အဲဒီမှာနေ၊ ဘယ်သူမေးမေး ငါ့တူမလို့သာပြော ကြားလား"

"ဟုတ်ကဲ့ပါ ဦးလေး"

ဦးမင်းဆွေကားလေးကို မြို့ပြင်ဘက်သို့ ဦးတည်မောင်းလိုက်သည်။

■ ■ ■

သရက်ပင်တွေ အုံ့ဆိုင်းမှိုင်းညို့နေသော ခြံကြီးကိုကြည့်ပြီး





တစ်ယောက်ထဲနေရမည့်အရေးကိုတွေးပြီး နည်းနည်းတော့ စိတ်ချောက်ချားမိသည်။

"ကဲ ဘယ်လိုလဲ ညည်းနေရမှာ ဒီခြံကြီးပဲ၊ ဒီလမ်းလေးအတိုင်း လျှောက်ဝင်သွားရင် အိမ်လေးတစ်အိမ်ရှိတယ်၊ ညည်းတစ်ယောက်ကတော့ ကောင်းကောင်းနေလို့လောက်တယ်၊ အဲဒီမှာ အရင်က အဘိုးကြီးအဘွားကြီးနှစ်ယောက်နေတယ်၊ ခု သူတို့လင်မယားနှစ်ယောက်စလုံး ရက်ရှည်တရားစခန်းဝင်နေကြတယ်၊ သူတို့ပြန်လာရင်တော့ ညည်းအဖော်ရမှာပါ"

"ဟုတ်ကဲ့ ပုရစ် ဦးလေးကိုကျေးဇူးတင်ပါတယ်၊ အဲဒီကျေးဇူးကို အခွင့်အရေးရတာနဲ့ ပုရစ် ပြန်ဆပ်ပါ့မယ်"

ရင်ထဲမှ လှိုက်လှိုက်လှဲလှဲ ခံစားပြီး ပြောလိုက်ခြင်းဖြစ်သည်။

"ရော့ လောလောဆယ်တော့ ညည်းငွေလိုမှာပေါ့၊ ငါ့မှာပါတဲ့ ပိုက်ဆံအကုန်သာယူထားလိုက်၊ နောက်ဆယ်ရက် ဆယ့်ငါးရက်လောက်ကြာရင် ငါ တစ်ခေါက်ပြန်လာခဲ့မယ်"

လယ်သာဖစ်ဆွဲအိတ်ကြီးထဲကို ဖြိခနဲဆွဲဖွင့်ပြီး တစ်သောင်းတန်ငါးရွက်နှင့် ငါးထောင်တန် လေးရွက် ထုတ်ပေးသည်။

အမှန်ဆို ပုရစ် ဦးမင်းဆွေပေးသောပိုက်ဆံကို မယူချင်ပါ။ သူ့ဖို့အတွက် တော်တော်လေး အားနာစိုးရွံ့နေမိတာ အမှန်ပါ။

သို့သော် ပုရစ်မှာ ငြင်းဆန်ဖို့အင်အားမှမရှိတာ။

"ကျေးဇူးတွေ အရမ်းများနေပြီ ဦးလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ကျေးဇူးတွေ တင်မနေနဲ့၊ ငါကလည်း ညည်းလေးဘဝကို စာနာပြီး သနားလွန်းလို့ ခုလောက်ထိ လိုက်ကူညီပေးနေတာ၊ ဒါဟာ ငါနဲ့ညည်းလေးရဲ့ အတိတ်ကအကြောင်းတရားတွေကြောင့်လည်း ဖြစ်မှာပေါ့၊ အဲ ဒီနေရာမှာ ညည်းမဟုတ်ဘဲ တခြားလူငယ်လေးတစ်ယောက်ဆိုရင်လည်း ခုလို လိုက်ကူညီပေးမှာပါ"

ပုရစ် စိတ်ထဲ တစ်မျိုးတစ်မည် အထင်လွဲသွားမည်စိုး၍ ဦးမင်းဆွေ ရှည်ရှည်ဝေးဝေး ရှင်းပြနေခြင်းဖြစ်သည်၊ ထို့ကြောင့်လည်း ကိုယ့်ကိုကိုယ် ငါဟာ အိမ်ထောင်မရှိသေးတဲ့လူပျိုကြီးတစ်ယောက်ပါဟု ယောင်လို့ပင် စကားမဟာဖြစ်။

ကိုယ့်စေတနာ သီးသန့်ကို တစ်ဖက်လူ လိုရာဆွဲတွေးလိုက်မှာကို မလိုလား။

စေတနာကို အရောင်မဆိုးချင်တာ ဦးမင်းဆွေ၏စိတ်ရင်းအမှန်ပင်။

ဦးမင်းဆွေ၏ရာဇဝင်မှာ ဒုက္ခရောက်နေသူကို ကိုယ့်ကြောင့် ဘယ်တော့မှ ဒုက္ခထပ်မရောက်စေရ။ ပုရစ်အပြင် ဟိုးအရင်ရှေးရှေးက ကူညီခဲ့သူတွေလည်း အများကြီးပင်။

အပျော်အပါးနှင့်မိန်းကလေးတွေကို သဘောကျပေမယ့် ပုရစ်ကိုတော့ သူ သနားစိတ်ကလွဲပြီး တခြားမရိုးမသားစိတ်တွေ မွေး၍မရ။

ဒီကောင်မလေး အခက်အခဲတွေကို ဖြေရှင်းပေးနေရတာကိုက ဦးမင်းဆွေ အကျေနပ်ကြီး ကျေနပ်နေမိတာပါပဲ။

■ ■ ■

ဗျူ၊ ၁၁၃၆ပ



လေတိုးသံပင် မကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေသော အိမ်လေးထဲမှာ ပုရစ်တစ်ယောက်ထဲ အတွေးတွေ ယောက်ယက်ခတ်နေသည်။

တစ်ခြိနှင့်တစ်ခြံ တော်တော်လေးလှမ်းသဖြင့် တစ်စုံတစ်ခုဖြစ်လျှင် အကူအညီတောင်းဖို့ မလွယ်။ ပုရစ် အိပ်၍မပျော်၍ အိမ်ရှေ့ပြတင်းပေါက်လေးမှာထိုင်ပြီး သရက်ပင်တွေကြားထဲမှ ထိုးဆင်းကျနေသော လရောင်ကို အဓိပ္ပာယ်မဲ့ငေးနေလိုက်၏။

ခုချိန်ဆို ဖန်လိလုံး ဘယ်လိုနေမလဲ၊ အရှိန်ဖြင့် ရိုက်လိုက်သဖြင့် သူတော်တော်လေးအထိနာသွားမှာ။ ဒါတင်မကသေး သူ့အစ်မကိုပါ ပုရစ်သတ်တယ်ဆိုပြီး စခန်းမှာ ပုရစ်ကိုလူသတ်မှုနှင့်အမှု ဖွင့်နေလောက်မှာသေချာသည်။

ပုရစ်ကိုယ်တိုင် ကိုယ်ထိလက်ရောက် ကျူးလွန်လိုက်တာမဟုတ်ပေမယ့် ပုရစ် ပယောဂမကင်းတာကြောင့် လူသူကင်းဝေးသည့် ဒီလိုနေရာမျိုးမှာနေရတာ အနည်းငယ် စိတ်ချောက်ချားလာသည်။

"ဒုန်း ဒုန်း ဒုန်း"

အိမ်ခေါင်မိုးပေါ်မှ တဒုန်းဒုန်းအသံတွေ ကြားရသည့်အတွက် သူက ပြတင်းပေါက်မှာပင် ဆက်မထိုင်ရဲတော့၍ ပြတင်းတံခါးကို ခပ်မြန်မြန်ပိတ်ကာ အိပ်ရာစောစောဝင်ခဲ့လိုက်သည်။

အိပ်မပျော်ပေမယ့်လည်း မျက်စိကိုစုံမှိတ်ပြီး စိတ်ထဲမှာ ဘုရားဂုဏ်တော်တွေကိုသာ ထပ်ခါထပ်ခါ ပွားများနေလိုက်၏။

မိုးရယ် မြန်မြန်လင်းပါတော့။

■ ■ ■

ဗျူ၊ ၁၁၃၆ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

နှင်းတို့တဖြောက်ဖြောက် ကျဆင်းနေသော နံနက်ခင်းမှာ ပုရစ် အိပ်ရာမှ နိုးလာပြီး မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး အနီးအနားရှိ ပတ်ဝန်းကျင်တွင် ဈေးဆိုင်လေး ဘာလေးရှိလိုရှိငြား ရှာဖို့ထွက်ခဲ့လိုက် သည်။

အိမ်အပြင်ရောက်မှ ခြံကြီးထဲတွင် သရက်သီးအကင်းတွေ ဖွေး နေအောင် ကြွေကျနေသည်ကိုတွေ့ရ၍ သရက်ပင်တွေကို မော့ကြည့်လိုက် သည်။

သက်တမ်းရင့်ပင်ကြီးတွေလား အုပ်အုပ်ဆိုင်းဆိုင်း သရက်ပင် ကြီးတွေသည် အိမ်ခေါင်မိုးပေါ်သို့ပင် ကိုင်းကျနေကြသည်။

ညက ခေါင်မိုးပေါ် တဒုန်းဒုန်းကျသော အသံသည် သရက်သီး





ကြွေကျတာပဲ ဖြစ်မည်ဟု ဆက်စပ်တွေးလိုက်ပြီး သရဲသောကြောင်သော ကိုယ့်ကိုကိုယ် ပြန်ပြီးသဘောကျမိသည်။

ပတ်ဝန်းကျင်သည် သူ့ခြံကလေးတွေနှင့်သူ တသီးတသန့်လေး ဖြစ်ကာ ကျေးငှက်သရကာတို့၏အသံနှင့် လမ်းမပေါ် ထိုးဆင်းဖြာကျ နေသော နေရောင်တောက်တောက်ကြောင့် သဘာဝရှုခင်းပန်းချီကားတစ် ခုကို ကြည့်နေရသလို အနုပညာဆန်ကာ စိတ်ထဲမှာ ကြည်နူးသွားသလို ခံစားလိုက်ရသည်။

လတ်ဆတ်သော လေပြည်ခပ်သုတ်သုတ် တိုက်လိုက်သဖြင့် စိမ့်ခနဲ အေးသွားသလို ခံစားရကာ လက်နှစ်ဖက်ကို ယှက်ကာ ပိုက်လိုက် ပြီး လမ်းမရှည်ကြီးမှာ တစ်ယောက်ထဲ အတွေးနယ်ချဲ့ပြီး လျှောက်လာ လိုက်သည်။

တော်တော်လေး လျှောက်ပြီးသည်အထိ ဈေးဆိုင်ဆိုတာ မတွေ့ ရသေး။ စိုက်ပျိုးရေးခြံတွေ ဒူးရင်းခြံတွေ သရက်ခြံတွေသာတွေ့သည်။

ထော်လာဂျီတွေ တစ်စီးပြီးတစ်စီး ဖြတ်သွားပေမယ့် ပုရစ် မေးဖို့အခွင့်အရေးမရ။ ဟိုကြည့် ဒီကြည့်ဖြင့် လျှောက်လာစဉ် အနောက်မှ ခြေသံကြောင့် တစ်စုံတစ်ဦး မိမိနောက်က လျှောက်လာသည်ဟု ထင်ပြီး အနောက်ဘက်ကို စောင်းငဲ့ကြည့်လိုက်သည်။

ပုရစ်ထက် နှစ်နှစ်သုံးနှစ်ခန့်ကြီးသော ခပ်ချောချော အမျိုး သမီးတစ်ယောက်။ အဆင်ပြေလိုက်တာဟု ကိုယ့်ကိုကိုယ် ကျေနပ်မှာ တွေးရင်း



www.burmeseclassic.com

www.burmeseclassic.com



"မမ ဒီအနီးအနားမှာ ဈေးဖြစ်ဖြစ် စတိုးဆိုင်ဖြစ်ဖြစ် ရှိလား ဟင်၊ ရှိရင် ပုရစ်ကို ဘယ်မှာရှိတယ်ဆိုတာ ညွှန်ပေးပါလားဟင်"

သဘောကောင်းပုံရသော အမျိုးသမီးသည် ပုရစ်အမေးကိုပြုံး၍ ခေါင်းညိတ်ပြသည်။

"ဈေးကတော့ ဒီနဲ့တော်တော်ဝေးဝေး လျှောက်ရဦးမယ်ကွဲ့၊ စတိုးဆိုင်လိုမျိုး မီနီမားကတ်လေးတစ်ခုတော့ ဟိုးတစ်ပြလောက်မှာရှိတယ်၊ အဲဒီကလည်း ဈေးအသေးစားလေးလို တော်တော်စုံပါတယ်"

"ဒီလမ်းမပေါ်မှာပဲလား မမ"

"ဟုတ်တယ် ညီမလေးရဲ့"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် မမ"

"ညီမလေးက ဒီမြို့လေးက မဟုတ်လောက်ဘူးထင်တယ်"

ထိုအမျိုးသမီး၏ရင်းနှီးဖော်ရွေသော အပြုံးနှင့်အမေးကြောင့် ပုရစ်စိတ်ထဲနှစ်ပြီး ခင်မင်စိတ်ဖြစ်သွားကာ

"ဟုတ်ကဲ့ မမ ပုရစ်က မနေ့ကမှ ဒီကိုရောက်လာတာပါ"

"သြော် ဟုတ်လား ဒါကြောင့် မမ မမြင်ဖူးတာကိုး"

"ဟုတ်ကဲ့ ပုရစ်ကို ကူညီတာ ကျေးဇူးတင်ပါတယ်"

"ရပါတယ်၊ ကျေးဇူးတင်ဖို့ မလိုပါဘူးကွယ်၊ နောက်တစ်ခါ လမ်းတွေ့ရင်လည်း ခေါ်ပေါ့ကွယ်၊ မမက ဒီမြို့မှာအနေကြာနေပြီဆိုတော့ အိမ်ရှင်ဖြစ်နေပြီမို့ အကူအညီလိုရင် အချိန်မရွေးတောင်းနိုင်ပါတယ်ကွယ်၊ မမက မှိုစိုက်ပျိုးရေးခြံဘေးက အိမ်ကြီးမှာ နေတယ်၊ အကြောင်းကိစ္စ ရှိရင် မမ အဲဒီအိမ်မှာ အမြဲရှိနေတယ်"



အသိမိတ်ဆွေတစ်ယောက် မထင်မှတ်ဘဲ ရလိုက်၍ ပုရစ် အားတက်သွားမိသည်။ ဒီမှာ ရက်တော်တော်ကြာနေပြီးလျှင်တော့ ဒီ အနီးအနားပတ်ဝန်းကျင်မှ လူတွေနှင့် မျက်မှန်းတန်းမိသွားမှာပါဟု တွေး ပြီး စိတ်ထဲမှာ အနည်းငယ်တော့အားတက်သွားမိသည်။

ဦးမင်းဆွေကို ပုရစ် ရင်ထဲ ကျေးဇူးတင်ပြီးရင်း တင်နေမိတာ အခါခါပါပဲ၊ အက်ဆစ်လို အဆိပ်ပြင်းသော ကြောက်ရွံ့အားငယ်ခြင်းတွေ ပုရစ်ထံမှာ တဖြည်းဖြည်း လျော့ပါးလာခြင်းကြောင့်ဖြစ်သည်။

ထို့နောက် စတိုးဆိုင်ရှိရာသို့ ထိုအမျိုးသမီးနှင့်အတူတူ စကား တပြောပြောနှင့် လျှောက်လာလိုက်သည်။

နံနက်ခင်းလေပြည်သည် ဒီနေ့မှာ ခါတိုင်းနေ့တွေထက်များ ပို၍လတ်ဆတ်နေသလားပင်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ဘာအလိုရှိပါသလဲ အန်တီ"

'အချစ်ရိပ်' ဟု နာမည်ခပ်ဆန်းဆန်းပေးထားသော မိနီမားကတ်လေးထဲ ဝင်လိုက်သည်နှင့် အေးစိမ့်သောခံစားမှုနှင့် ချိုလွင်သော ကလေးအသံကြည်ကြည်လေးက ဆီးကြို၏။

ထော်လာကိုတွေ စက်ဘီး ဆိုက်ကားတွေ အစီးများသော ချောင်ကျကျ မြို့ကလေးနှင့်မလိုက်ဖက်အောင် မိနီမားကတ်လေးက ရှိမန့်ဆန်လွန်းနေတာကို ပုရစ် သတိထားမိလိုက်သည်။

ခုချိန်ထိ အသံချိုလွင်လွင်လေးကိုသာ ကြားရပြီး အသံရှင်ကို မတွေ့ရ၍ ဆိုင်ထောင့်ရှိကောင်တာကို လှမ်းကြည့်လိုက်သည်။ ဘယ်သူမှ ရှိမနေ။



ချစ်စရာကောင်းသော ကလေးလေးအသံက ဘယ်ကထွက်ပေါ်လာပါလိမ့်ဟူသော အတွေးဖြင့် ဆိုင်ထဲကို ဝေ့ကြည့်လိုက်သည်။

"အန်တီ ဘာအလိုရှိပါသလဲ ဂျူးတို့ဆိုင်မှာ လိုချင်တာအကုန်ရှိပါတယ်၊ အန်တီ့စိတ်တိုင်းကျ ဝန်ဆောင်မှုပေးပါတယ်"

တွေ့ပြီ ကောင်တာစားပွဲ၏နောက်တွင် ထိုင်နေသော ကလေး။ ကောင်တာစားပွဲပေါ်တွင် တင်ထားသော ငွေတွက်စက်နှင့် ကွယ်နေ၍ ခေါင်းလေးသာပေါ်နေသော ကလေးငယ်ကို မတွေ့ခြင်းဖြစ်သည်။

အရွယ်အားဖြင့် ငါးနှစ်ခန့်သာရှိသေးသော ကောင်မလေးသည် အရွယ်နှင့်မလိုက်အောင်ကို သွက်လက်ချက်ချာလွန်းသဖြင့် ပုရစ် ချစ်သွားသည်။

အညိုရောင်ဆံပင် လိမ်လိမ်ခွေခွေလေးတွေနှင့် အပြာရောင်ခပ်သန်းသန်း မျက်ဝန်းအရောင်က လူတကာ၏ချစ်ခင်ခြင်းကို ခံရမည့် ဟန်ပန်အပြည့်။

"ခေါက်ဆွဲခြောက်တို့ ကော်ဖီမစ်တို့ လိုချင်လို့ သမီးရဲ့"

"ဩော် ဒါဆိုရင် ဟိုဘက်မှာပါ အန်တီ၊ နို့ဆီ သကြား နို့မှုန့် သည်း အစုံရှိတယ်၊ ဟိုဘက် အတန်းမှာက ကွတ်ကီးမျိုးစုံရှိတယ်၊ ဒီဘက်က အလှကုန်တွေလေ"

သူ့ဆိုင်မှာရှိသမျှထဲမှ အချို့ကို ညွှန်ပြောလေးပြောနေသော ကလေးမလေး၏ ဆက်ဆံရေးပြေပြစ်ပုံက အရွယ်နှင့်ပင်မလိုက်။

ကော်ဖီမစ်ထုပ်နှင့် ခေါက်ဆွဲခြောက်အချို့ကိုယူပြီး ကောင်တာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တင်လိုက်သည်။

"လူကြီးရော မရှိဘူးလား သမီး"

"ဖေဖေလား ရှိတယ်၊ အိမ်ထဲမှာ ဖုန်းလာနေလို့ ဖုန်းသွားပြောနေပါတယ်၊ ဂျူးကို ငွေရှင်းခဲ့ရင်လည်း ဖြစ်ပါတယ် အန်တီ"

"နာမည်လေးက ဂျူးတဲ့လား"

"ဂျူး နာမည်အပြည့်အစုံက ဂျူးဂျူးသံသာပါ အန်တီ"

"ချစ်စရာကောင်းလိုက်တာကွယ်၊ ဂျူးလေးတောင် ချစ်စရာအရမ်းကောင်းပြီး လှနေရင် ဂျူးလေး မေမေကလည်း လှမှာပေါ့နော်"

ဘာရယ်မဟုတ် စကားရှာ၍ပြောလိုက်သော ပုရစ်စကားကြောင့် ဂျူး မျက်နှာလေး ညှိုးသွားသည်။

"သူ့အမေက သုံးနှစ်သမီးအရွယ်မှာ ဆုံးသွားပါတယ်"

ဆိုင်၏အတွင်းခန်းထဲမှ ထွက်လာသော ရုပ်ရည်သန့်သန့် အမျိုးသားတစ်ယောက်က ဂျူးလေးအစား ဝင်ပြောကာ ဆိုင်ထဲဝင်လာသည်။

"ဩော် စိတ်မကောင်းဖြစ်အောင် မေးမိလိုက်တယ်၊ စိတ်မရှိပါနဲ့နော်"

"ရပါတယ် ကိစ္စမရှိပါဘူး"

"ဖေဖေ ဒီအန်တီကို ငွေတွက်ပေးလိုက်ပါဦး"

"အိုကေ ဂျူးလေး ဖေဖေ တွက်ပေးလိုက်မယ်၊ သမီးအိမ်စာတွေ သွားလုပ်တော့ ရပြီ"

"ဟုတ်ကဲ့"



ထိုင်ခုံအရှည်ကြီးပေါ်မှ ဆင်းပြီး ပုရစ်ကို မျက်ဝန်းတောက်တောက်လေးဖြင့် လက်ခနဲ လှမ်းကြည့်ပြီး

"အန်တီ နောက်လည်း ဂျူးတို့ဆိုင်ကို လာအားပေးပါဦးနော်"

အပြုံးကလေးနှင့် ချစ်စဖွယ်ဆိုပြီး အိမ်ထဲကို လှစ်ခနဲ ဝင်ပြေးသွားသော ကောင်မလေးကို ပုရစ် ပြုံးကာ ခေါင်းညိတ်ပြလိုက်သည်။

"သမီးက အရွယ်နဲ့မလိုက်အောင် စကားကြွယ်တယ်ဗျာ၊ ဒီက ဈေးဝယ်ရင်း အနှောင့်အယှက်များ ဖြစ်သွားလား"

"ဩော် မဖြစ်ပါဘူးရှင်၊ သမီးလေးက ပုရစ် တွေ့ဖူးသမျှ ကလေးတွေထဲမှာ အထူးခြားဆုံးနဲ့ ချစ်စရာအကောင်းဆုံးပါပဲ၊ မျက်နှာလေးက ဘိုမရုပ်ကလေးလိုပဲ ဖွေးနှစ်နေတာပဲ"

သူ့သမီးကို ချစ်စရာကောင်းကြောင်း အမွှန်းတွေတင်နေသဖြင့် သဘောကျစွာရယ်ရင်း ပုရစ်ကို ပြန်၍ မိတ်ဖွဲ့နေ၏။

"နာမည်က ပုရစ်တဲ့လား"

"ပုရစ်ဖူးပါ"

"ဧည့်သည်ထင်တယ်နော်"

"ဟုတ်ပါတယ် မနေ့ကမှ ဒီမြို့လေးကို ရောက်တာပါ"

"ဩော်"

"ဒီမှာ ဒါလေးတွေ တွက်ပေးပါဦး"

"အိုကေ အဲ ကျွန်တော့်နာမည် တေဇညိုပါ၊ နောက်လည်း ဆိုင်အမြဲလာဝယ်နိုင်ပါစေ၊ လိုချင်တာရှိလည်း မှာထားရင် ဝယ်ပေးထား

www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ကျွန်တော့်ဆိုင်လေးကို ဒီမြို့လေးကလူတွေအတွက် လိုအပ်ချက် မရှိအောင် ပစ္စည်းအစုံ တင်ထားတယ်၊ ဟိုဘက်မှာက အိမ်ဆောက် ပစ္စည်းအစုံမျိုးစုံရတယ်၊ ဒီအခန်းက စားသောက်ကုန်နဲ့အလှကုန် ပြီး တော့ အမျိုးသမီး အမျိုးသား အဝတ်အထည် အပျင်းပြေ ဂိမ်းဆော ချင်ရင် ဆော့လို့လည်းရတယ်၊ ညာဘက်အခန်းလေးက အင်တာနက်နဲ့ ဂိမ်း တွဲဖွင့်ထားတာလေ''

ရင်းနှီးဖော်ရွေစွာဖြင့် သူ့ဆိုင်၏လုပ်ငန်းအကြောင်းကို စိတ် ရှည်လက်ရှည် ရှင်းပြနေသော တေဇညီသည် ပုရစ်အတွက် ခင်စရာ ကောင်းသော မိတ်ဆွေတစ်ဦးတိုးခြင်းပင် ဖြစ်သည်။

''စိတ်ချပါ ပုရစ် ဘာပဲလိုလို ဒီဆိုင်လေးကိုပဲ ရောက်အောင် လာရမှာ၊ ဒါနဲ့ ဘယ်လောက် ကျသလဲဟင်''

ပိုက်ဆံအိတ်သေးသေးလေးထဲမှ ငါးထောင်တန်တစ်ရွက်ကို ကောင်တာပေါ်တင်ရင်း ကျသင့်ငွေကို မေးလိုက်သည်။

''ကော်ဖီမစ် ဆယ်ထုပ်က ကိုးရာ့ငါးဆယ်ပဲပေး၊ ခေါက်ဆွဲ ခြောက်က ဆယ်ထုပ် ထောင့်သုံးရာ့ငါးဆယ်ဆိုတော့ နှစ်ထောင့်သုံးရာ ကျတယ်''

တေဇညီ နှစ်ထောင့်ခုနစ်ရာ ပြန်အမ်းသည်ကို လှမ်းယူကာ အပြုံးနှင့် နှုတ်ဆက်ပြီး ဆိုင်ထဲမှ ထွက်ခဲ့လိုက်သည်။

ဆိုင်၏အတွင်းခန်းထဲမှ ဂျူးလေး၏ စာကျက်သံလွင်လွင်က လေးက လမ်းမထက်သို့ ပျံ့လွင့်လာသည်။



ပုရစ် ပြုံးလိုက်သည်၊ ချစ်ဖို့ကောင်းလိုက်သည့် ကလေး။ ဒီလို ကလေးမျိုးလေးသာ ပုရစ်ကို အဖော်လာလုပ်ပေးရင် ပုရစ်အတွက် စိတ်အပန်းပြေသွားမလားပင်။

အပြန်လမ်းတစ်လျှောက် မျက်ဝန်းပြာပြာလဲ့လဲ့လေးက အာရုံ ထဲမှာ တော်တော်နှင့်မပျောက်။

ပုရစ်၏စိတ်တွေသည် မနေ့ကထက် ပို၍ လန်းဆန်းလာသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ဘယ်လိုလဲ နေရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ် ဦးလေး။ ရောက်ခါစကတော့ ခေါင်မိုးပေါ် သရက်သီးကြွေကျလည်းကြောက်၊ ခွေးအူလည်းကြောက်နဲ့ နေရတာ အထီးကျန်သလိုပဲ ခုတော့ နေသားကျသွားပါပြီ"

လက်ဆွဲအိတ်ကြီးချကာ ကြမ်းခင်းမှာ ထိုင်ချလိုက်သော ဦးမင်းဆွေအား ရေအိုးထဲမှ ရေအေးအေးလေး တစ်ခွက်အရင်တိုက်လိုက်သည်။

"ဦးလေး အမောပြေ ရေလေးသောက်ပါဦး"

အလိုက်တသိဖြင့် လှမ်းပေးသောရေဖန်ခွက်ကို ဦးမင်းဆွေ လှမ်းယူရင်း တစ်ကျိုက် မော့လိုက်သည်။



"ဒီနေ့ နေပိုပြင်းသလိုပဲ၊ မနက်ကတည်းက မောင်းလာတာ နေပူလို့ ခရီးမတွင်ဘူး ဖြစ်နေတယ်"

"ဒီအိတ်က ဘာလဲဟင် ဦးလေး"

ဦးမင်းဆွေ ဘေးတွင်ချထားသော သားရေလက်ဆွဲအိတ်ကို ကြည့်ပြီး မေးလိုက်သည်။

"ဟေ ဒီအိတ်လား အင်း အဲဒီအိတ်ထဲမှာ အဝတ်တွေပါတယ် ဒါ ဒီမှာနေမလို့လေ"

"ရှင်"

မျက်နှာမပျက်အောင် ရှင်လိုက်ရပေမယ့် ရင်ထဲမှာ စိုးရိမ်စိတ်ကြီးက ထိုးတက်လာပြန်သည်။

ဒီအိမ်ကျဉ်းကျဉ်းလေးထဲမှာ ဦးမင်းဆွေနှင့်ပုရစ် ဘယ်လိုနေကြမလဲ။ ဘာမှ သွေးမတော်သားမစပ်တဲ့ တစ်အိမ်ထဲမှာ အတူနေဖို့ဆိုတာ ဘယ်လိုမှမသင့်တော်။

ပုရစ်လည်း ကိုယ့်ကိုကိုယ် စိတ်ကျဉ်းကျပ်စွာဖြင့်နေရမှာ ဦးမင်းဆွေနှင့်ပုရစ် တွေ့ကြပုံချင်းကလည်း မာဆတ်လိုနေရာမျိုးမှာ သူ့ သနားညှာတာခဲ့လို့ ကိုယ့်ဘဝ ရေတိမ်မနစ်ခဲ့ရပေမယ့် ဦးမင်းဆွေစိတ်ထဲတွင် ပုရစ်အပေါ် ဘယ်လိုသဘောထားမျိုး ရှိနေတယ်ဆိုတာ ကာယကံရှင်မှလွဲ၍ ဘယ်သူသိနိုင်မည်လဲ။

ပုရစ် စိတ်ညစ်လိုက်တာ။

မနေပါနဲ့လို့ ပြောရအောင်လည်း ဒီခြံက သူ့ခြံ သူပေး

www.burmeseclassic.com

www.burmeseclassic.com



ကျွေးတာကိုစားပြီး ရပ်တည်နေရတဲ့ ပုရစ်ဘဝ ဘာမှစောဒက တက်ခွင့် မရှိ။

"ဟိတ် ကလေးမ ဘာတွေတွေးပြီး ငနားမငြိမ်ဖြစ်နေရတာလဲ"

ဦးမင်းဆွေ အမေးကြောင့် ပုရစ် ကိုယ်လေး ဆတ်ခနဲ တုန် သွားကာ

"ဩော် ဟို ဘာ ဘာမှမတွေးပါဘူး"

အထစ်ထစ် အငေါ့ငေါ့ဖြစ်သွားသော ပုရစ်ကိုကြည့်ပြီး မျက်လုံး များမှေးကျဉ်းသွားသည့်အထိ အားရပါးရ ရယ်လိုက်ပြီး

"ဘာလဲ ငါ ဒီမှာနေမယ်လည်းဆိုရော ညည်း လန့်သွားတယ် မဟုတ်လား"

တည်တည်ခန့်ခန့်နှင့် ဥပဓိရုပ်ကောင်းသော ဦးမင်းဆွေ မျက်နှာ ပေါ်မှာ ပုရစ်အပေါ် မရိုးသားသော အရိပ်အယောင် လုံးဝမတွေ့ရ။ ပုရစ်စိတ်ထဲမှာ ဖြစ်ပေါ်နေသော အတွေးကို ရိပ်မိနေပြန်သဖြင့် မညာ တတ်သော ပုရစ်မှာ ရှုံးတန့်ရှုံ့တန့်ဖြစ်ကာ ဘာပြန်ပြော၍ ပြောရမှ မသိ ပါးစပ်ကလေး အဟောင်းသားနှင့်။

"ငါက ညည်းလေးကို နောက်တာပါ။ ညည်းက ဦးလေးရဲ့ ပုရစ်တစ်ယောက်ထဲ မနေရဲလို့ အဖော်လာနေပေးပါလို့ ခေါ်ရင်တော ငြင်းဦးမှာ"

"ဟို ဟိုလေ အဲလိုသဘောမရှိပါဘူး။ ဦးလေးက ပုရစ်ရဲ့ကျေ ဇူးရှင်ပါ၊ လောကအလယ်မှာ ဆွေမရှိမျိုးမရှိ ရပ်တည်နေရတဲ့ပုရစ်





ကို စာနာစိတ်နဲ့ ကူညီပေးနေတဲ့ ဦးလေးကို ပုရစ်ရဲ့အဖေတစ်ယောက်လို တစ်သက်လုံး ပြုစုသွားနိုင်ပါတယ်"

အားနာသွားမိသောစိတ်နှင့်အတူ ပုရစ် ရင်ထဲက ဆန္ဒအမှန် ကို ပြောလိုက်သည်။ ကျေးဇူးတရားဆိုတာ သိတဲ့သူတွေအတွက်တော့ ဘယ်တော့မှ ပျောက်ပျက်မသွားမယ့်အရာတစ်ခုပါ။

"ဒါဆို ဒီအဝတ်အိတ်ကြီးက ဘာလို့ယူလာတာလဲ"

"အဲဒါ ညည်းလေးအတွက်လေ၊ အသစ်တွေမဟုတ်ပေမယ့် အသစ်နီးနီးကို သစ်တဲ့အဝတ်တွေ၊ ငါ့တူမတွေဆီကနေ တောင်းလာတာ၊ သူတို့က ဘောစိတွေဆိုတော့ အဝတ်တစ်ထည်ကို တစ်ခါနှစ်ခါဝတ်ပြီး မော်ဒန်နိမ့်သွားရင် မဝတ်တော့ဘူး။ ညည်းအတွက်ကတော့ အသုံးဝင် လောက်တယ်ထင်လို့ ငါ တောင်းလာတာ"

"ကျေးဇူးတင်လိုက်တာ ဦးလေးရယ်၊ ပုရစ်ရဲ့အဝတ်အိတ်ကျန် ခဲ့လို့ ပုရစ်မှာ ဦးလေးဝယ်ပေးတဲ့ အဝတ်အစား သုံးလေးစုံပဲ လှည့်ဝတ် နေရတာ"

"အေးပါ ငါက ဒီလောက်တော့ အလိုက်သိပါတယ်"

"ဟိုလေ အလိုက်သိလက်စနဲ့ ပုရစ်ကို နောက်တစ်ခုလောက် ထပ်ပြီး ကူညီလို့ရမလား"

လက်ညှိုးတစ်ချောင်းကို မရဲတရဲထောင်ပြကာ မဝံ့မရဲ တောင်း ဆိုနေသော ပုရစ်ကို ဘာများလဲဟူသောအကြည့်ဖြင့် မျက်မှောင်ကျုံ့ ကြည့်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



''ပြော ဘာကူညီရဦးမလဲ''

''ပုရစ် ဒီအတိုင်းနေရတာ ပျင်းတယ်၊ ဒါကြောင့် အလုပ်ကလေးတစ်ခုလောက် ရှာပေးလို့ရမလားဟင်၊ ကိုယ့်ဝင်ငွေလေးနဲ့ကိုယ်ဆိုတော့ ဦးလေးကို အပူကပ်စရာမလိုတော့ဘူး၊ ပုရစ် အလုပ်မရှိရင်မနေတတ်လို့ပါ''

ဦးမင်းဆွေ ခေါင်းတညိတ်ညိတ်လုပ်ပြီး တစ်စုံတစ်ရာကို စဉ်းစားနေပုံပေါက်သည်။

''အင်းလေ ပုရစ်ပြောတာလည်း ဟုတ်တာပဲ၊ အဲ ဒီမှာက ကြက်ခြံတွေ နွားခြံတွေ စိုက်ပျိုးရေးခြံတွေပဲရှိတယ်၊ အဲ နေဦး ငါ့မိတ်ဆွေတစ်ယောက်ရှိတယ်၊ သူ့ကိုတော့ မေးကြည့်လိုက်ဦးမယ်''

ပြောပြောဆိုဆိုဖြင့် အင်္ကျီအိတ်ကပ်ထဲမှ ဖုန်းကိုထုတ်ပြီး ဆက်လိုက်သည်။

''ဟဲလို ဟဲလို''

လိုင်းမမိဘူးထင်သည်။ ဦးမင်းဆွေ အိမ်ကလေးပေါ်ကဆင်းကာ ခြံထဲမှာရပ်ပြီး ဖုန်းပြောနေ၏။ ပုရစ် လိုက်ဆင်းပြီး နားထောင်မနေတော့ဘဲ ပုရစ်အတွက် ယူလာသော အဝတ်အစားအိတ်ကိုယူပြီး ပုရစ်အိပ်သော အခန်းလေးထဲကို ထည့်လိုက်သည်။

ပုရစ် ပြန်ထွက်လာတော့ ဦးမင်းဆွေ ဖုန်းပြောပြီး၍ အိမ်လေးပေါ် ပြန်တက်လာသည်။

''ပုရစ် ညည်း ပညာအရည်အချင်းက ဘယ်လောက်လဲ''





''ပုရစ် ဆယ်တန်းအောင်ပြီးပါပြီ၊ အခြေအနေမပေးလို့ တက္ကသိုလ်ဆက်တက်ခွင့်မရှိတာပါ''

''ဘယ်လိုအခြေအနေကို ပြောတာလဲ''

''အဖေနဲ့အမေဆုံးပြီး အားကိုးရာမဲ့နေတဲ့ ပုရစ်က ဘယ်လိုလုပ် တက္ကသိုလ်ဆက်တက်နိုင်မလဲ၊ ပုရစ် ရန်ကုန်လာရတဲ့ရည်ရွယ်ချက်ကလည်း အလုပ်တစ်ဖက်နဲ့ အဝေးသင် စာပေးစာယူလေးတက်ချင်လို့ပါ''

''ဒါဆိုရင်တော့ ညည်းအလုပ်ရပြီလို့သာ မှတ်လိုက်တော့၊ ငါ့မိတ်ဆွေလေးတစ်ယောက်ဆီမှာ ပြောပြီးပြီ၊ အဲ သူ့ကိုတော့ ငါ့ရဲ့တူမလို့ ပြောထားတယ်နော်၊ တတ်နိုင်ရင် ကိုယ့်အတိတ်အကြောင်းကို လုံးဝဖွင့်မပြောမိစေနဲ့၊ ကိုယ်တယ်လောက် ရိုးသားရိုးသား မာဆတ်မှာလုပ်ဖူးပါတယ်လို့ ပြောလိုက်တာနဲ့ လူတိုင်း ကိုယ့်ကိုအထင်သေးသွားနိုင်တယ်''

ပုရစ်ဘက်ကို အစစအရာရာ အလိုက်တသိ ကာကွယ်ပေးနေသော ဦးမင်းဆွေကို ပုရစ် အဖေတစ်ယောက်လို သဘောထားကာ ကျေးဇူးတွေသာ အထပ်ထပ်တင်နေမိသည်။ ကိုယ့်ကိုကိုယ်လည်း ဖခင်တစ်ယောက်၏အရိပ်အောက်ရောက်နေသည့်အတိုင်း လုံခြုံမှုရှိသလို ခံစားလာရသည်။

''ဟုတ်ကဲ့ ပုရစ် မပြောပါဘူး''

''အေး ဒါဆိုရင် သွားကြရအောင်''

''ခုလား''

''ဟုတ်တယ်လေ၊ ငါလည်း ပြန်ရဦးမှာမို့ တစ်ခါတည်း တွေ့



www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့တော့ ပိုအဆင်ပြေသွားတာပေါ့"

"ဟုတ်ကဲ့ ဒါဆို ပုရစ် အိမ်တံခါးတွေ လိုက်ပိတ်လိုက်ဦးမယ်"

ဘဝသစ်တစ်ခုကို ပြန်လည်စတင်ဖို့အတွက် အတိတ်ကအကြောင်းတွေက ပုရစ်ကို အရိပ်မည်းကြီးလို အမြဲမခြောက်လှန့်ဖို့အတွက် စိတ်တွေက ပဏ္ဍုပွန်တည့်တည့်မှာထားပြီး အလုပ်ကိုကြိုးကြိုးစားစား လုပ်ရမည်။

ဘဝသည် ပုရစ်အတွက် တဖြည်းဖြည်း အဓိပ္ပာယ်ရှိလာအောင် အင်အားသစ်တွေ မွေးဖွားရဦးမည်။

ကံကြမ္မာသည် ဒီတစ်ခါတော့ ပုရစ်ကို မျက်နှာသာပေးနေပါ။

"ဖေဖေး မင်းဆွေ မတွေ့တာ တော်တော်ကြာပြီပဲ"

ခြံရှေ့တွင် ရပ်ထားသော ကားနားအရောက်တွင် ထော်လာဂျီမောင်းလာသော အသက်ခြောက်ဆယ်ခန့် အဘိုးကြီးက ဦးမင်းဆွေကို လှမ်း၍ နှုတ်ဆက်၏။

"ဟုတ်ကဲ့ ဘကြီးတော်ရေ ကျွန်တော်လည်း လုပ်ငန်းလေးတွေ နည်းနည်းတိုးချဲ့နေတာနဲ့ ဒီဘက်ကို မရောက်ဖြစ်တာ"

"အေး အေး ဒါနဲ့ အခုရော ဘာကိစ္စအကြောင်းပေါ်လို့တုံး"

အဘိုးကြီး လက်ပြနှုတ်ဆက်ပြီး ထော်လာဂျီသံ တဂျောင်းဂျောင်းဖြင့် ထွက်သွား၏။

"သူတို့က အရင်တုန်းက ဒီခြံရဲ့ပိုင်ရှင်တွေလေ၊ ခုတော့ ဒီခြံကိုရောင်းပြီး ဟိုဘက် သုံးလေးခြံကျော်မှာ နွားမွေးမြူရေးလုပ်ငန်းလုပ်



တယ်၊ နွားနို့အပြင် ဒိန်ချဉ် ဒိန်ခဲလုပ်ငန်းပါ လုပ်တယ်၊ ညည်းအကြောင်းအရာ တစ်စုံတစ်ခုကြောင့် အကူအညီလိုရင် သူ့ဆီသွား အရမ်းသဘောကောင်းကြတယ်"

"ဟုတ်ကဲ့ ဦးလေး"

ဘာပဲဖြစ်ဖြစ် ဒီနေရာလေးဟာ ပုရစ်၏ကမ္ဘာသစ်ကလေးတစ်ခု၊ အသိမိတ်ဆွေတွေ တိုးလာတာဟာ ပုရစ်အတွက် ကံကောင်းခြင်းတွေပင်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

'အချစ်ရိပ်' ရှေ့တွင် ကားရပ်ပြီး ဦးမင်းဆွေ ကားပေါ်မှအရင် ဆင်းလိုက်သည်။ ပုရစ် လိုက်ဆင်းဖို့မလို၍ မဆင်းပေမယ့် ဆိုင်ထဲကို လှမ်းကြည့်လိုက်သည်။ စကားတတ်သော ဂျူဂျူးလေးကိုများ တွေ့ရ မလားဟူသော မျှော်လင့်ချက်ကလေးနှင့်ဖြစ်သည်။

"ဟေ့ ဆင်းလေ ဘာလုပ်နေတာလဲ"

"ရှင် ဆင်းရမှာလား သိဘူးလေ၊ ပုရစ်က ဦးလေး ဈေးဝယ် မယ်ထင်လို့ မဆင်းတာ"

"ဈေးဝယ်ဖို့မဟုတ်ဘူး၊ ညည်းလေးကို အလုပ်ရှင်ဆီလာ တာ"

"ဟင် ဒါဆို ပုရစ်က ဒီမှာလုပ်ရမှာလား"

"အေးလေ ဟုတ်တယ်"





အံ့ဩသွားသော ပုရစ်မျက်နှာပေါ်မှာ ကျေနပ်ခြင်းတစ်စုံတစ်ရာ ဖြစ်ထွန်းသွားသည်။ ချစ်စရာကောင်းသော ဂျူဂျူးလေးနှင့် ရင်းနှီးခွင့်ရတော့မည့်အရေး ရင်ထဲမှာ ပျော်သလိုဖြစ်သွားရသည်မို့ ကားပေါ်မှ ခပ်သွက်သွက်ဆင်းလိုက်သည်။

ဦးမင်းဆွေ မီနီမတ်ထဲကို အရင်ဆုံးဝင်သွားသည်။ ပုရစ် အနောက်မှလိုက်ဝင်လိုက်သည်။ ဆိုင်ထဲတွင် ဈေးဝယ်သူ အမျိုးသမီး သုံးယောက်နှင့် အမျိုးသားနှစ်ယောက်ရှိနေသည်။

အရင်တစ်ခေါက်လာတုန်းကလို ဂျူဂျူး၏အသံစာစာလေးကို ကြားရ၍ ကျောင်းများသွားနေသလား အိမ်ထဲမှာပဲ ရှိနေသလား။

"ဩော် အန်ကယ် လာကြပြီလား၊ ဧည့်ခန်းထဲ ဝင်ထိုင်ပါ၊ ကျွန်တော် ဝင်လာခဲ့မယ်၊ အခု လူနည်းနည်းကျနေလို့"

"ရတယ် တေဇညို အေးအေးဆေးဆေးလုပ်ပါ၊ လာ ပုရစ် အိမ်ထဲဝင်စောင့်ကြတာပေါ့"

ဦးမင်းဆွေ ပုရစ်ဆိုတော့မှ တေဇညို အကြည့်တွေက ဦးမင်းဆွေနောက်မှ ပုရစ်ကိုတွေ့သွားသည်။

အသိအမှတ်ပြု အပြုံးဖြင့် ခေါင်းတစ်ချက်ဆတ်ပြသည်။

ဧည့်ခန်းထဲရောက်တော့ ပုရစ် အတော်လေး အံ့ဩသွားသည်။ စနစ်ကျသော ဧည့်ခန်းအပြင်အဆင်ကြောင့် တေဇညိုသည် စည်းကမ်းကြီးသော စနစ်တကျနေထိုင်တတ်သော လူတစ်ယောက်ဆိုတာ မြင်ရုံနှင့်ပင် သိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်တစ်စက်မရှိ ရှင်းပြောင်နေသော ပါကေးကြမ်းခင်းတွေသည် နင်းရက်စရာမရှိအောင် တောက်ပပြောင်လက်နေ၏။ အမှန်ဆို အိမ်ရှင်မ မရှိသောအိမ်သည် အရာရာကို စနစ်တကျမရှိဘဲ ဖရိုဖရဲနှင့်ဖြစ်နေရမည်။

အံ့ဩလေးစားစိတ်နှင့်အတူ ဆက်တီခုံတွင် ဦးမင်းဆွေနှင့်အတူ ထိုင်လိုက်သည်။

''ဟိုင်း အန်တီ''

အရုပ်ကလေးပိုက်ကာ အိပ်ခန်းထဲမှ ထွက်လာသော ဂျူဂျူးမှာ ပုရစ်ဖူးကိုမြင်တော့ မှတ်မိလွယ်ကာ အံ့အားသင့်ဟန်ဖြင့် နှုတ်ဆက်လိုက်သည်။

''ဂျူဂျူး ကျောင်းမသွားဘူးလား''

ဂျူဂျူးလို ဘိုဆန်ဆန် မနှုတ်ဆက်တတ်သဖြင့် စကားမရှိ စကားရှာ နှုတ်ဆက်လိုက်သည်။

''ဒီနေ့ ကျောင်းပိတ်တယ်လေ အန်တီရဲ့''

နှစ်ယောက်သား ရင်းနှီးဟန် နှုတ်ဆက်နေကြ၍ ဦးမင်းဆွေ တအံ့တဩဖြင့် ဂျူဂျူးကို ငုံ့စောင်းကြည့်၏။

''သိနှင့်နေကြပြီးသားလား''

ဦးမင်းဆွေ အမေးကို ပုရစ်အပြုံးဖြင့်

''အင်း ပုရစ် ဒီမှာ ဟိုတစ်နေ့က ဈေးလာဝယ်ဖူးတယ်လေ ဂျူဂျူးလေးက အရမ်းချစ်ဖို့ကောင်းတယ်၊ ပုရစ်ကိုလည်း ခင်တယ်''

''ဟုတ်တယ် ဘာဘ၊ ဒီအန်တီက ဂျူဂျူးလိုပဲ အရမ်းလှတယ်





လေ ခစ် ခစ် ခစ်''

သူ့ကိုယ်သူ ချောကြောင်းပါ တစ်ခါတည်းအမွှန်းတင်လိုက်သော စကားကြောင့် ဂျူဂျူး တခစ်ခစ်ရယ်နေ၏။ ဦးမင်းဆွေပါ သဘောကျစွာ ဆိုက်ရယ်ပြီး ဂျူဂျူးခေါင်းမှ အညိုရောင်ဆံပင်လေးကို လှမ်းကိုင်လိုက်သည်။

''တော့ဖေ သမီးလေးက စကားတော်တော်တတ်တာပဲ၊ ဘိုရုပ်ကလေးကျနေတာပဲ''

''ဂျူဂျူးက ဘိုမပဲလေ မြန်မာတွေကိုချစ်တဲ့ ဘိုမ''

ထူးဆန်းသောစကားကြောင့် ဦးမင်းဆွေရော ပုရစ်ရော တစ်ယောက်မျက်နှာတစ်ယောက် အံ့ဩစွာကြည့်ပြီး ရယ်လိုက်ကြသည်။

''ဒါဆိုရင် သမီးက နိုင်ငံခြားသူပေါ့ ဟုတ်လား''

''အရင်ကတော့ ဟုတ်တယ်၊ ခုတော့ မဟုတ်တော့ဘူး''

မျက်ဝန်းပြာပြာလေးနှင့်စကားကို စတိုင်ကျကျပြောနေသော ဂျူဂျူးပုံစံလေးမှာ သာမန်ကလေးတွေနှင့်မတူ တမူထူးခြားနေတာတော့ မြင်လိုက်တာနှင့် သိသာ၏။

''သမီးအသက် ဘယ်လောက်ရှိပြီလဲ''

''ခုနစ်နှစ်ငါးလနဲ့ နှစ်ဆယ့်သုံးရက် ရှိပါပြီ''

''အိုးမိုင်ဂေါ့ ဒီကလေး တယ်သွက်ပါလား၊ ဖအေလိုပဲ ထက်ထက်မြက်မြက်ပါလား''

''ဟုတ်တယ် ဂျူဂျူးက ကြီးလာရင် ဖေဖေ့လိုပဲ နိုင်ငံခြားကို



www.burmeseclassic.com

www.burmeseclassic.com



ခဏခဏသွားမှာ၊ ချောကလက်တွေလည်း အများကြီးဝယ်လာမှာ၊ ပြီးရင် ဒီမိနီမားကတ်မှာ ပြန်ရောင်းမယ်''

စီးပွားရေးဈေးကွက်ကို ကလေးဆန်ဆန် အကွက်သိနေသော ဂျူဂျူး၏ဟန်လေးက ပုရစ်ကို အံ့ဩပြီးရင်း အံ့ဩနေစေသည်။

ဒီကလေးကိုမြင်မှ ပုရစ်တောင် ဒီကလေးလို ဘယ်နှစ်ခါ သွက်သွက်လက်လက်နှင့် နေထိုင်ခဲ့ဖူးသလဲဟု ပြန်၍စဉ်းစားစရာဖြစ်လာသည်။

အိုင်ကျူမြင့်သော ဒီကလေး၏အဖေ တေဇညီဆိုလျှင် ပို၍ပင် တော်လိမ့်မည်မှာ မေးစရာမလို။

''ဖအေ့ခြေရာနင်းမယ့် ကလေးပါလား၊ တေဇက ဟိုအရင်က ဆို နိုင်ငံခြား ခဏခဏသွားတယ်လေ၊ သူ့ဇာတိက ရန်ကုန်ဇာတိ ပုရစ်ရဲ့၊ ဒီကလေးရဲ့အမေနဲ့တွေ့ပြီးမှ ဒီနေရာမှာ အခြေချနေတာ''

တေဇညီ၏အကြောင်းကို အကျဉ်းချုံးပြီး ရှင်းပြနေသဖြင့် ပုရစ် စိတ်ဝင်တစား နားထောင်နေမိသည်။

ထိုအချိန်တွင် ညှော်ခန်းထဲသို့ တေဇညီ ဝင်လာသည်။

''အားနာတယ်ဗျာ ဒီအချိန်ဆို ဆိုင်က လူနည်းနည်းကျတယ် ညနေဆိုရင်တော့ လုံးဝကို မနိုင်တော့ဘူး၊ သမီးဂျူဂျူးပါ ဝင်ပြီးကူ တယ်''

ဦးမင်းဆွေ၏မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ဝင်ထိုင်ပြီး ဆိုင်မှာ လူကျကြောင်းပြောနေပေမယ့် တေဇညီ၏အကြည့်တွေက ဂျူဂျူးဘေး ထိုင်နေသော ပုရစ်ဆီသို့ မကြာမကြာ ဝေ့နေသည်။





အရင်ရက်က ကိုယ့်ဆိုင်မှာ လာဝယ်ဖူးသော မိန်းကလေးနှင့် အန်ကယ် ဘယ်လိုပတ်သက်နေတာလဲ၊ ဒီတစ်ခါတော့ လူပျိုကြီး ဦးမင်းဆွေ ဖွံ့ဖြိုးထင်ပါရဲ့။

''ကျွန်တော့်ဆိုင်မှာ အလုပ်တောင်းပြီး ဘယ်မှာလဲ၊ လူလည်း မပါပါလား''

''ပါတယ်လေ ဒီမှာလေ''

''ဟင် သူလား၊ ပုရစ်က ကျွန်တော့်ဆိုင်မှာလုပ်မယ်''

''အေးလေ ဘာဖြစ်လို့လဲ၊ အန်ကယ်စောစောက ဖုန်းလှမ်းဆက်ပြီး အလုပ်တောင်းတာ ပုရစ်အတွက်လေ၊ အန်ကယ့်တူမလေးပါ၊ သူက ဒီမှာလာနေတာ''

''ဩော် အန်ကယ့်တူမဆိုတော့ အထူးကြိုဆိုပါတယ် ပုရစ်''

''အံမယ် မင်းတို့က နာမည်တွေလည်း သိနေကြပြီပေါ့၊ ဒါဆိုရင်တော့ အထူးမိတ်ဆက်ပေးစရာမလိုတော့ဘူး၊ အလုပ်စကားပဲ တန်းပြောကြတာပေါ့''

ဦးမင်းဆွေ ထိုသို့ပြောတော့ ပုရစ် စိတ်သိပ်မလုံချင်တော့။

''ဈေးဝယ်ရင်းနဲ့ ပုရစ်က ကိုယ့်ကိုကိုယ် ပုရစ်ဆိုတဲ့နာမ်စားနဲ့ သုံးတတ်လို့ သိသွားကြတာပါ ဦးလေး''

''အေးပါကွာ ဘယ်လိုပုံစံပဲဖြစ်ဖြစ် မင်းတို့ချင်း ရင်းနှီးသွားပြီဆိုတော့ ပိုကောင်းတာပေါ့''

''ကျွန်တော့်ဆီမှာ အမှန်တကယ် လုပ်အားလိုနေတဲ့အပိုင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်က ခုလို အကူအညီတောင်းတော့ တော်တော်လေးကို အခဆင်ပြေသွားတယ်၊ ဟိုလေ ကျွန်တော် လစာကို တစ်လ တစ်သိန်းပေးပါ့မယ်၊ ဘာလုပ်ရမယ်ဆိုတာကိုတော့ ကျွန်တော် သတ်မှတ်ချက်မပေးတော့ဘူး၊ ဒီမှာက အရောင်းအဝယ်ပဲ လုပ်တာဆိုတော့ ဒီအရောင်းအဝယ်ကိုပဲ အဲ ရှင်းရှင်းပြောရရင် ဈေးကူရောင်းပေးဖို့ပေါ့၊ နောက်ပြီး ပုရစ် ကွန်ပျူတာ သုံးတတ်လား''

တေဇညီ၏ အမေးကို ပုရစ် မျက်နှာငယ်လေးနှင့် ခေါင်းခါပြပြီး

''ပုရစ် မသုံးတတ်ပါဘူး''

''ရပါတယ် မသုံးတတ်လည်း ကိစ္စတော့ မရှိပါဘူး၊ သုံးတတ်ရင်တော့ စာရင်းအင်းအပိုင်းကိုပါ ဝင်နိုင်းမလို့ပါ''

''အန်တီ မသုံးတတ်ရင် ဂျူးသင်ပေးလိုက်မှာပေါ့ ဖေဖေ''

''ဟုတ်ပါပြီ ဟုတ်ပါပြီ သမီးလေးပဲ အန်တီလေးကို သင်ပေးလိုက် ဟုတ်ပြီလား''

လူကြီးတွေ စကားဝိုင်းထဲ ဝင်ပြောနေသော သမီးဂျူးကို စိတ်မဆိုးရက်သည့်အပြင် သဘောကျစွာဖြင့် ထောက်ခံပေးနေသော တေဇညီကိုကြည့်ပြီး ပုရစ် အံ့သြသည်။ တော်တော်စိတ်ရှည်သည့်လူဟု မှတ်ချက်ချမိသည်။

''နောက်ပြီး ကျန်သေးတယ်လေ ဖေဖေရဲ့''

အားလုံး ဂျူဂျူး၏နောက်ဆက်တွဲစကားကို နားထောင်ဖို့ ဂျူဂျူးဆီကို အကြည့်တွေ စုကျနေကြသည်။ ဦးမင်းဆွေပါ သွက်လက်သော





ဂျူဂျူးလေးကို ချစ်သွားပုံရသည်။ ပြုံးပြီး ခေါင်းတဆတ်ဆတ်ညိတ်ကာ နားစွင့်နေ၏။

''ဂျူးနဲ့အဖော်လုပ်ပေးဖို့လေ၊ ဖေဖေက အလုပ်အမြဲမအားတော့ ဂျူးနဲ့ ထမင်းအတူတူ မစားဖြစ်တာ ကြာပြီလေ၊ ဒါကြောင့် အန်တီလေးကို ဂျူးနဲ့အဖော်လုပ်ပြီး ထမင်းအတူတူစားပေးရမယ်လို့ လုပ်ငန်းစဉ်အချစ်အလက်တွေထဲ ထည့်ပြောလေ''

ဂျူဂျူးစကားအဆုံး ဦးမင်းဆွေနှင့်တေဇညီ အားရပါးရ ပြုံးရယ်လိုက်ကြသည်။ ပုရစ်ကတော့ ပြုံးရုံမျှ ပြုံးလိုက်ပါသည်။

ပုရစ် စိတ်ထဲမှာလည်း ချစ်အရိပ်မှာ အလုပ်လုပ်ရမည်ဟု သိလိုက်ကတည်းက အတိတ်က ကြုံတွေ့ခဲ့ရသော အဆင်မပြေမှုတွေ စိတ်ဆင်းရဲသောကတွေ ခြောက်လှန့်နေခဲ့ဖြစ်သောအရိပ်မည်းကြီးတွေကို မှုပျောက်ပြီး ဘဝသစ် ကမ္ဘာသစ်ကလေးတစ်ခုထဲကို ခုန်ကူးပျော်ဝင်လိုက်ရသလို အာရုံတွေ လတ်ဆတ်သွားသည်။

အမည်ဖော်မပြနိုင်သော စိတ်ကျေနပ်မှုတစ်စုံတစ်ရာက အနာဂတ်ကို ခပ်ရဲရဲလျှောက်ဖို့ တွန်းအားတစ်ခုအဖြစ် . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဟဲလို မောနင်းပါ အန်တီလေး"

"မောနင်းပါ ဂျူးလေးရေ"

ကြည်လင်သောအသံလေးကို 'ချစ်အရိပ်' ထဲ ဝင်လိုက်တာနှင့် သာယာစွာ ကြားလိုက်ရသည်မို့ ပုရစ်လည်း မောနင်းဟု ပြန်၍နှုတ်ဆက်လိုက်သည်။

"သမီး ဖေဖေရော"

"ဖေဖေ မီးဖိုခန်းဝင်နေပါတယ်၊ ဒါကြောင့် ဂျူးက ဆိုင်ခဏထွက်စောင့်ပေးတာပါ"

"ဩော် ဟုတ်လား"

လက်ထဲမှ ကော်တူးအပြားလေးနှင့် ထည့်လာသည့် ထမင်းဘူးကို ကောင်တာနောက်ရှိ ခုံတစ်လုံးပေါ်တင်လိုက်ပြီး ဆိုင်သန့်ရှင်းရေး





အရင်လုပ်လိုက်သည်။ ပြီးမှ ကောင်တာဘေးရှိ အလှပန်းအိုးကို ယူလိုက်သည်။

အကင်းပါးသော ဂျူးမှာ ပုရစ်၏လှုပ်ရှားမှုတွေကို ဘေးမှထိုင်ကြည့်ပြီး ပန်းအိုးလှမ်းယူသော ပုရစ် ဘာလုပ်မည်ဆိုတာကို သိသွားကာ

"အန်တီလေး အဲဒီအလှပန်းအိုး လဲမလို့လား"

"အင်း ဟုတ်တယ် ဂျူးရဲ့၊ ပန်းတွေက နွမ်းခြောက်နေပြီလေ ရေလဲလိုက်မလားလို့"

"ဒါဆိုရင် အိမ်ဘေးပန်းခြံထဲမှာ ဖေဖေ စိုက်ထားတဲ့ နှင်းဆီခင်းနဲ့ ဂန္ဓမာခင်းတွေရှိတယ်၊ အဲဒီကနေ သွားခူးလိုက်လေ၊ ပြီးရင် အဖြူရောင်နှင်းဆီလှလှ နှစ်ပွင့်ပါ ပိုခူးခဲ့ပေး"

"ဘယ်ပန်းအိုးမှာ လဲဖို့လဲ ဂျူး၊ အန်တီလေး တစ်ခါတည်း သဲလိုက်မယ်လေ"

"ပန်းအိုးထိုးဖို့မဟုတ်ဘူး၊ အန်တီလေးနဲ့ဂျူး အတူတူ တစ်ပွင့်စီပန်ကြမယ်လေ၊ ဒီနေ့ အန်တီလေး အလုပ်စဝင်တဲ့အထိမ်းအမှတ်ပေါ့"

အရွယ်နှင့်မလိုက်အောင် ရိုမန့်ဆန်လွန်းသော ဂျူး၏စိတ်ကူးလေးကို ပုရစ်ပင် အသိအမှတ်မပြုဘဲ မနေနိုင်။

"အိုကေ ကောင်းပြီလေ၊ အန်တီလေးက ဂျူးအတွက် အလှဆုံးပန်းကို ခူးလာခဲ့မယ် ဟုတ်ပြီလား"

ဂျူး၏အညိုရောင်ဆံစလေးတွေကို ခပ်ဖွဖွ ပွတ်သပ်ပြီး ပြောလိုက်သည်။ ဂျူး ခေါင်းကိုခပ်သွက်သွက် ခါပြရင်း ပုရစ်စကားကို ကန့်



www.burmeseclassic.com

www.burmeseclassic.com



ကွက်ဟန်ပြ၏။

"ဟင့်အင်း သိပ်မလှတဲ့ပန်းပဲ ရူးခဲ့"

"ဟောတော် ဘာဖြစ်လို့လဲ ဂျူးရဲ့၊ ဘယ်သူမဆို ပန်းပန်ရင် အလှဆုံးဆိုတဲ့ပန်းကိုမှ ရွေးပြီးပန်တတ်ကြတာပဲ"

"အန်တီလေးကရော အလှဆုံးပန်းပဲ ပန်တာပဲလား"

"အင်းလေ ဒါပေါ့၊ ပန်းကိုမပန်ရင်လည်း မပန်ဘူး၊ ပန်ပြီဆိုရင်လည်း အလှဆုံးကိုမှရွေးပြီးပန်တယ်"

ပုရစ် စကားဆုံးတော့ ဂျူး အလိုမကျဟန်လေးဖြင့် မဲ့ပြပြီး

"ဟင့်အင်း ဒါဆို ဂျူးနဲ့အန်တီလေး စိတ်ချင်းမတူတော့ဘူး၊ အဲဒါမှားနေတာ"

ထူးဆန်းပြီးရင်း ထူးဆန်းနေသော ဂျူးစကားသည် ဘာကို ရည်ရွယ်ဦးတည်နေသည်ဆိုတာ ပုရစ် စဉ်းစားလို့မရ၊ ဒီကလေးအနားမှာ နေလျှင် ဒီကလေးနှင့်အပြိုင် ဉာဏ်ရည်ယှဉ်နိုင်အောင် ကြိုးစားရမည်ဟု ပုရစ် ခပ်တိတ်တိတ်လေး ဆုံးဖြတ်ချက်ချလိုက်သည်။

"ပြောပါဦး ဂျူးရဲ့အယူအဆကို"

"အိုကေ ပြောပြမယ်၊ ဂျူးက ပန်းပန်ရင် သိပ်မလှတဲ့ပန်းပဲ ပန်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဂျူးထက် ပန်းကပိုလှနေရင် ဂျူးအလှက ဘယ်မှာလာပေါ်လွင်တော့မှာလဲ၊ ပန်းပန်ထားတဲ့ဂျူးကို လူတွေမြင်ရင် ဟယ် ပန်းလေးကလှလိုက်တာလို့ ပြောရင် ဂျူးက ပန်းလောက်မလှဘူး ဆိုတဲ့သဘောမျိုး ဖြစ်သွားမှာပေါ့"



ပုရစ်စိတ်ထဲမှ ဂျူး၏ထူးဆန်းသော စိတ်ကူးလေးကို အံ့ဩ၍ ဘုရားပင်တမိလိုက်သည်။

သူ့ကိုယ်သူ ကွန်ဖီးဒန့်အပြည့်ရှိနေသော ဒီကောင်မလေး ကြီးလာလျှင် နယ်နယ်ရရတော့မဟုတ်၊ ထူးချွန်ထက်မြက်သည့် ကြယ်တစ်ပွင့် ဖြစ်မှာ မြင်ယောင်ပြီး သဘောကျမိသည်။

"ကောင်းပါပြီ သမီးဂျူးရယ်၊ အန်တီးလေးလည်း ဂျူးပြောတာကို လုံးဝထောက်ခံတဲ့အတွက် နောက်နောင် ဘယ်ပန်းပဲပန်ပန် လုံးဝ မလှတဲ့ပန်းကိုပဲ ပန်ပါတော့မယ် ဟုတ်ပြီလား"

သူ့အယူအဆကို အပြည့်အဝ ထောက်ခံလိုက်သော ပုရစ် စကားကြောင့် ဂျူး သဘောကျစွာရယ်ရင်း အိုကေဟုပြောကာ လက်မ လေးထောင်ပြ၏။

ထိုနေ့နံနက်ခင်းလေးမှာ ပုရစ်သည် တေဇညို၏ပန်းခင်းထဲမှ ပန်းရနံ့တွေပါသော လေပြည်ကို တစ်ဝကြီးရှူရှိုက်ပြီး အင်အားသစ်တွေ ကို အခိုင်အမာ မွေးမြူလိုက်သည်။

ရင်တွေခုန်လိုက်တာ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ပုရစ်ဖူးနှင့်သမီးဂျူးကို ဆိုင်ထဲတွင်အဖွဲ့ကျနေတာတွေ့၍ တေဇညို အိမ်ပေါက်ဝမှနေ၍ ဆိုင်ထဲကို ရပ်ကြည့်နေလိုက်သည်။

ဝယ်သူဝင်လာတော့ ပုရစ်ဖူး ထရောင်းသည်။ ဈေးဝယ်သူတွေ အပေါ် စိတ်ရှည်ပြီး အပြောချိုသော ပုရစ်ဖူး၏သွက်လက်ပုံကြောင့် တေဇညို ကျေနပ်မိသည်။ နောက်ဆိုလျှင် မျက်နှာပိုလွဲ၍ရနိုင်သည်။

အမြဲတမ်း အထီးကျန်နေသော သမီးလေးဂျူးလည်း အဖော် ရပြီမို့ တေဇညို အလုပ်ကိုနောက်ဆံမတင်းဘဲ လုပ်၍ရသွားပြီ။

''ဟော ဖေဖေ စားဖိုမှူးကြီးလုပ်လို့ပြီးသွားပြီ ဒီမှာ အန်တီလေး ရောက်နေတယ်''

''ဖေဖေ တွေ့ပါတယ် ဂျူးလေးရယ်၊ ကဲ ပုရစ်ဖူး စိတ်ကို





လွတ်လွတ်လပ်လပ်လေးထားပြီး မိသားစုလိုသဘောထားပြီးနေပါ။ ကျွန်တော့်ကိုလည်း အလုပ်ရှင်တစ်ယောက်လို သဘောမထားပါနဲ့''

''ဖေဖေ ဒီနေ့မနက် ဈေးပိုရောင်းကောင်းသလိုပဲ''

''ဟေ ဟုတ်လား ဒါဆို ပုရစ်ကြောင့် ရောင်းကောင်းတာထင်တယ်''

''ဟုတ်တယ် ကိုကိုတစ်ယောက်ဆို အန်တီလေးကိုပြောသွားတယ်''

ဂျူး စကားကြောင့် တေဇညို မျက်ခုံးနှစ်ဖက် မြင့်တက်သွားကာ

''ပြောပါဦး ဘာတွေပြောသွားလဲ''

''မမက သဘောလည်းကောင်းတယ်၊ လှလည်းလှတယ်၊ ဝယ်သူစိတ်ချမ်းသာအောင်လည်း ပြောတတ်တယ်တဲ့''

''ဟုတ်လား ဒါဆို ပုရစ် တော်တာပေါ့''

''ဒါပေမဲ့ အန်တီလေးက ဂျူးလောက်လှလို့လား''

အရွယ်နှင့်မမျှ အလှချင်းပြိုင်ချင်နေသေးသော ဂျူးလေးကို ကြည့်ပြီး ပုရစ် အရှက်ပြေရယ်ကာ

''အန်တီလေးက ဂျူးလောက် ဘယ်လှပါ့မလဲ၊ ဂျူးလေးသာ အလှဆုံးပါ''

သူ့ကိုအလှဆုံးဟု ပြောလိုက်သဖြင့် ဂျူးသဘောကျစွာ တခစ်ခစ်ရယ်၏။

''တွေ့လား ဖေဖေ၊ အန်တီလေးက ဂျူးကို အလှဆုံးတဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဗျာ၊ ဟုတ်ပါတယ် လောကမှာ ဖေဖေ့သမီးလေး ဂျူးသာလျှင် အလှဆုံးပါ"

ပုရစ်ကို အားနာကြည့်ဖြင့် ကြည့်ပြီး ဂျူး ကျေနပ်အောင် ပြောလိုက်သော တေဇည်သည် အင်မတန်ချောပြီး တည်ငြိမ်အေးချမ်းသောရုပ်သွင်ကို ပိုင်ဆိုင်ထားကြောင်း ခုမှပင်ပို၍ သတိထားမိသွားသည်။

"ဒါက ဘာဘူးလေးလဲ သမီးဂျူး"

စားပွဲခုံပေါ်တွင် တင်ထားသော ပုရစ်၏ကော်ထမင်းဘူးလေးကို ကိုင်ကြည့်ပြီး ဂျူဂျူးလေးကို မေးလိုက်သည်။

အထင်သေးစရာကောင်းသော ထမင်းဘူးကြောင့် ပုရစ် အားငယ်ရိပ်လွှမ်းသော မျက်နှာဖြင့် မပွင့်တပွင့်ဖြေလိုက်သည်။

"အဲဒါ ပုရစ် ထမင်းဘူးလေးပါ"

"သြော် ထမင်းဘူးထည့်လာတာပဲ၊ နောက်ဆိုရင် ထည့်မလာနဲ့တော့လေ၊ ဒီကိုလည်း ခုနစ်နာရီအရောက်လာရသေးတယ်၊ ထမင်းလည်းချက်ရသေးတယ်ဆိုတော့ ဘယ်လွယ်မလဲ၊ မင်းတစ်ယောက်စာက ဒီမှာစားလို့လည်းရတာပဲလေ"

"ရပါတယ် ကိုတေဇည်၊ ပုရစ်အတွက် ထမင်းချက်ရတာ အပန်းမကြီးပါဘူး၊ အလုပ်ကပြန်ရင်လည်း ကိုယ့်ဟာကိုယ် ချက်စားရမှာမို့ မနက်စောစောထပြီး တစ်ခါတည်းချက်ခဲ့လိုက်တာပါ"

"ဒါဆိုရင်လည်း ဟင်းယူစားနော်၊ ဘာမှအားမနာနဲ့"

"ဟုတ်ကဲ့"





ကိန်းကြီးခမ်းကြီးမနိုင်ဘဲ ပုရစ်အပေါ်မှာ သဘောကောင်းချိုသာသော ဆက်ဆံရေးကြောင့် ပုရစ်အဖို့ နေရတာ သိပ်ပြီးစိတ်မကျဉ်းကြပ်တော့။

"ကဲ ဒါဆိုရင် ကျွန်တော် ကားဂိတ်ကိုသွားလိုက်ဦးမယ်၊ ရန်ကုန်ဘက်ကို မှာလိုက်တဲ့ပစ္စည်းတွေ အဝေးပြေးကားဂိတ်ကနေ ပို့လိုက်ပြီလို့ ဖုန်းဆက်ထားလို့ သွားယူရမယ်၊ တစ်ယောက်ထဲ ဖြစ်လား"

"ဖြစ်ပါတယ် ဂျူးလေးလည်း ရှိနေတာပဲ၊ ပုရစ်ကို စိတ်ချပါ၊ ပြန်လာရင် ဘာအမှားအယွင်းမှ မရှိစေရပါဘူး၊ နောက်ပြီး လုပ်စရာရှိတာတွေ လုပ်ထားဖို့ အလုပ်အော်ဒါပေးခဲ့ပါလား"

"ဒါဆိုရင် အိမ်ဆောက်ပစ္စည်းဆိုင်အတွက် ဘီလပ်မြေကားဆောက်မယ်၊ ငွေမောင်ထွန်း ရှိပေမယ့် သူတစ်ယောက်ထဲ ဖြစ်နေမှာစိုးလို့ ပစ္စည်းချတဲ့အချိန်မှာ နည်းနည်းသွားပြီး စစ်ပေးလိုက်ပါဦး၊ လက်ကျန်စိတ်အရေအတွက် သူ့ကိုမှတ်ခိုင်းထားပေမယ့် သေချာအောင် ပုရစ်ပြန်စစ်လိုက်ပါဦး၊ ဒီကောင်က နမော်နမဲ့နိုင်လို့"

"ဟုတ်ကဲ့ပါ ကိုတေဇည်၊ သြော် မေ့တော့မလို့ ဟိုလေ ဆိုင်ထဲက ကုန်ပစ္စည်းဈေးနှုန်းတွေကို ပုရစ် မသိဘူး၊ အဲဒါ ပြောပြပေးခဲ့လို့ ဖြစ်မလား"

ဒီတော့မှ တေဇည် သူ့နဖူးသူရိုက်ကာ

"သြော် ဟုတ်ပါရဲ့၊ အရေးကြီးတာ မေ့တော့မလို့"

ကောင်တာပေါ်မှ လယ်ဂျာစာအုပ်အရှည်ကို လှမ်းယူလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပုရစ်ကို လှမ်းပေးသည်။

"ရော့ ဒီစာအုပ်ထဲမှာ ဈေးနှုန်းတွေက သူ့အကန့်နဲ့သူ ခွဲထားတယ်၊ ဝယ်သူလာလို့ ဈေးမသိရင် ဒီစာအုပ်ထဲက လှန်ကြည့်၊ မရှင်းတာရှိရင်လည်း ဖုန်းလှမ်းဆက်လိုက်ပေါ့၊ ဂျူးလေးဆီမှာ ဖုန်းနံပါတ်မေး"

"ဟုတ်ကဲ့"

တေဇညို လက်ပွေ့အိတ်နှင့် ဖုန်းကိုကောက်ယူပြီး ဆိုင်ထဲမှ ထွက်သွား၏။ ကားပေါ်တက် စက်နှိုးပြီးမှ

"ဩော် မောင်ထွန်းကိုပြောလိုက်ပါဦး၊ ဒီနေ့ မာလာမြိုင်ခြံကို အုတ်နှစ်ထောင့်ငါးရာချဖို့ မမေ့နဲ့ဦးလို့"

"ဟုတ်ကဲ့ပါ ပြောလိုက်ပါ့မယ်"

"အိုကေ ဂျူးလေးရေ ဖေဖေ သွားမယ်နော်၊ မမကို တအား ...ဘိုက်မနေနဲ့ဦး ဖေဖေ သွားပြီ"

"ဘိုင့်ဘိုင် ဖေဖေ ဂျူး လိမ္မာပါ့မယ်"

ကောင်တာစားပွဲပေါ် မမှီတမှီ မေးထောက်ထိုင်နေသော ဂျူးလေး ဖခင်ဖြစ်သူကို တာ့တာပြ၍ ကျန်ခဲ့သည်။

ပုရစ်ပါ တေဇညို မောင်းထွက်သွားသော ကားကို မျက်စိတစ်ဆုံး ငေးကြည့်ရင်း မောလျစွာ သက်ပြင်းခိုးရှိုက်မိသည်။

ရင်ထဲမှာ စိတ်ချမ်းမြေ့သလိုလိုတော့ ဖြစ်မိ၏။

■ ■ ■



## အခန်း (၂၂)

"ဟင် အိမ်ရှေ့မှာရပ်နေတာ ဘယ်သူပါလိမ့်"

ခြံတံခါးတွန်းဖွင့်ပြီး ဝင်လိုက်သည်နှင့် အိမ်ကလေးကို လှမ်းမျှော်ကြည့်ပြီး ရပ်နေသော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်၍ အိမ်ကလေးဆီသို့ ခပ်သွက်သွက် လျှောက်လာလိုက်သည်။

ကျော့ရှင်းသော ခန္ဓာကိုယ်ကောက်ကြောင်းဟာ နောက်ဖက်မှ ကြည့်တာတောင် တော်တော်လေး အဆင်ပြေချောမွေ့သည့် ခန္ဓာကိုယ်ပိုင်ရှင်မျိုး။

ရှည်လျားနက်မှောင်သော ဆံကေသာဖြောင့်ဖြောင့်စင်းစင်းနှင့် အင်မတန် မဟာဆန်သော ပုံစံမျိုးသည် မိန်းမချင်းပင် ငေးယူရလောက်သည့်ရုပ်မျိုးဟု လမ်းလျှောက်ရင်း စိတ်မှန်းဖြင့် တွေးကြည့်မိသေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူနဲ့တွေ့ချင်လို့လဲ မမ"

ပုရစ် အမေးကြောင့် ထိုအမျိုးသမီးမှာ ရှည်လျားသော ဆံနွယ်ကြော့ကြော့တွေ ယိမ်းနွဲ့သွားသည်အထိ ဖျတ်ခနဲ လှည့်ကြည့်တော့

"ဟင် မမ"

"ဩော် ဟိုနေ့က လမ်းညွှန်ပေးလိုက်တဲ့ ညီမပဲ"

"ဟုတ်ကဲ့ မမက ဘယ်မှာနေတာလဲ၊ ဟိုလေ ပုရစ်ဆီကို ဘာကိစ္စရှိလို့ လာတာလဲဟင်"

"အရင် ဒီအိမ်လေးမှာနေသွားကြတဲ့ အဘိုးနဲ့အဘွားက မမ အသိတွေလေ၊ အခု သူတို့များရှိနေမလားလို့ ဝင်ကြည့်တာပါ"

"ဩော် ဦးလေးပြောတာတော့ တရားရက်ရှည်စခန်းဝင်ကြတယ်လို့တော့ ပြောတယ်၊ ပြန်လာကြရင် ဘာပြောပေးရမလဲဟင်"

"နေပါစေကွယ်"

"ဒါနဲ့ မမက ဘယ်မှာနေတာလဲ၊ အဝေးကြီးကလာရတယ်ဆိုရင်တော့ အိမ်ပေါ်ခဏတက်ပြီး နားပါဦးလား"

ပုရစ် အမေးကြောင့် သူ့ထံမှ ခပ်ဖွဖွရယ်သံ ထွက်လာပြီး

"အဝေးကြီးမဟုတ်ပါဘူး ညီမရယ်၊ မမက ဟိုဘက်ခြံမှာနေတာလေ၊ ဒီဘက်ကို မရောက်ဖြစ်တာကြာလို့ ဝင်ကြည့်ရုံပါ"

"ဩော် ဒါဆိုလည်း အိမ်ပေါ်တက်ပါဦး၊ ဟိုနေ့က ပုရစ်ကို ကူညီလိုက်တဲ့အတွက် ကျေးဇူးတင်လို့ ကော်ဖီလေးတော့ တိုက်ပါရစေ"

"အင်း ကောင်းသားပဲ၊ အိမ်နီးနားချင်းတွေဆိုတော့ ရင်းရင်းနှီးနှီး စကားပြောကြတာပေါ့၊ မမက တစ်ယောက်ထဲသမားဆိုတော့ စကားပြောဖော် အရမ်းတောင့်တတယ်လေ"



"ဟယ် မမလည်း တစ်ယောက်ထဲနေတာလား၊ ဒါဆိုရင်တော့ မမနဲ့ပုရစ် ဘဝတူတွေဖြစ်သွားပြီ"

"ဟုတ်လား ညီမလည်း တစ်ယောက်ထဲနေတာလား"

"ဟုတ်တယ် မမရဲ့၊ လာပါ အပေါ်ရောက်မှ အေးအေးဆေးဆေး တစ်ယောက်အကြောင်း တစ်ယောက်ပြောပြကြတာပေါ့"

ပုရစ်ကပင် စပြီး လက်ဆွဲကာ ရင်းနှီးမှုကို ပိုပိုသာသာသုံးပြီး အိမ်ပေါ်ကို ခေါ်ခဲ့လိုက်သည်။

နှစ်ယောက်သား အိမ်ကလေးပေါ် တက်ခဲ့ကြသည်။

"မမ ထိုင်ပါ၊ ဒါနဲ့ မမနာမည်က ဘယ်သူလဲဟင်"

"နှင်းပန်းပါ ညီမက  ပုရစ်နော်"

"နာမည်အပြည့်အစုံက ပုရစ်ဖူးပါ မမ၊ အဟင်း မမက နာမည်နဲ့လှနဲ့လိုက်တယ် သိလား၊ မမ မျက်နှာလေးက အရမ်းအေးချမ်းတယ်၊ ပုရစ်တော့လေ မမ မျက်နှာကိုမြင်လိုက်ရတော့ ရင်ထဲမှာ ခင်ချင်စိတ်အရမ်းဖြစ်သွားတယ်၊ နောက်ပြီး မမကို တစ်နေရာမှာ ရင်းရင်းနှီးနှီး ခင်ခဲ့ဖူးသလို ခံစားရတယ်"

"အတိတ်ဘဝက ရေစက်လို့ပဲ သဘောထားလိုက်ပေါ့ ပုရစ်ရယ်၊ ဒါနဲ့ ပုရစ် အခု ဘယ်ကပြန်လာတာလဲ"

ပုရစ် ချက်ချင်းမဖြေဘဲ ခပ်ဖွဖွ ရယ်လိုက်ပြီး

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"မမ အံ့ဩသွားမလားပဲ၊ ပုရစ် အခု အလုပ်ရသွားပြီလေ၊ ဟိုတစ်ခါ မမလမ်းညွှန်ပေးလိုက်တဲ့ အချစ်ရိပ်ဆိုတဲ့ မီနီမတ်ကလေးမှာ ပေါ့"

"ဩော် ဟုတ်လား"

ပျော်နေသော ပုရစ်မျက်နှာလေးကိုငေးမောပြီး နှင်းပန်း တွေတွေလေးဖြစ်သွားသည်။

"အဲဒီ ဆိုင်ပိုင်ရှင်က အရမ်းသဘောကောင်းတယ်၊ ပုရစ် အဲဒီမှာလုပ်ရတာ အရမ်းပျော်တယ် မမ"

"ဟုတ်လား အဟင်း ဆိုင်ရှင်ကိုလူချောက သဘောအရမ်းကောင်းပြလို့ထင်တယ်"

နှင်းပန်း အမေးကြောင့် အောက်နှုတ်ခမ်းကို ဖိကိုက်ပြီး ရှက်ရဲရဲလေး ရယ်လိုက်သည်။ ပြီးမှ ခေါင်းကို ခပ်ဖြည်းဖြည်းခါကာ

"ဟင့်အင်း အဲဒါကြောင့်မဟုတ်ဘူး။ ပုရစ်ပျော်တာ ဂျူးလေးကြောင့်၊ သူက အရမ်းစကားပြောကြွယ်တဲ့ကလေး၊ ရွယ်နဲ့မလိုက်အောင် အိုင်ကျူမြင့်တယ်၊ သူ ပုရစ်ကို ခင်ပုံရတယ်၊ ပုရစ်လည်း သူ့ကို ရွေးရေစက်ကြောင့်လားမသိဘူး၊ မြင်မြင်ချင်းကို ချစ်သွားတာ"

ရိုးသားစွာ ပြောဆိုနေသော ပုရစ်၏ပွင့်လင်းမှုတွေကို ကြည့်ပြီး နှင်းပန်းပါ ပုရစ်ကို တော်တော်လေး ခင်မင်သွားမိတာ အမှန်ပါ။

"ဩော် မေ့နေလိုက်တာ၊ မမ ထိုင်ဦး။ ပုရစ် ကော်ဖီလေးအရင် ဖျော်လိုက်ဦးမယ်"





ပုဆစ်တုပ်လေး ခပ်ကျုံ့ကျုံ့ထိုင်နေရာမှ ကော်ဖီဖျော်ရန် သတိရသွားသဖြင့် ပုရစ် ထလိုက်သည်။ နှင်းပန်း ပုရစ်လက်ကို လှမ်းဆွဲလိုက်ပြီး

"ဟင့်အင်း မမ မသောက်တော့ဘူး ပုရစ်ရယ်၊ မဖျော်ပါနဲ့တော့၊ စကားပြောဖော် ဝတ်နေတဲ့ မမအဖို့ ပုရစ်နဲ့ခုလို ရင်းရင်းနှီးနှီး စကားပြောခွင့်ရနေတာကိုက ကော်ဖီထက်ပိုပြီး အရသာတွေ့နေတာပါ"

"မမကတော့ လုပ်ပြီ၊ ပုရစ်ကို အားနာစရာမလိုပါဘူး"

"ဟင့်အင်း အားမနာပါဘူး။ မမနဲ့ပုရစ်က မိတ်ဆွေသူငယ်ချင်း အရင်းကြီးတွေလို ခင်သွားမှတော့ အားနာစရာလား။ နောက်တစ်ခါလာတော့ သောက်မယ်လေ"

ဒီတော့မှ ပုရစ် ပြန်ထိုင်လိုက်သည်။ ထို့နောက်စကားတွေ အများကြီး ရေပက်မဝင်အောင် ပြောဖြစ်ကြသည်။

ပုရစ်တစ်ယောက်ထဲ အထီးကျန်အချိန်တွေ ပုရစ်ဆီမှာ တဖြည်းဖြည်း လျော့လာနေပြီမို့ ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"သမီးဂျူးရေ မောနင်းစာ အဆင်သင့်ဖြစ်ပြီ"

အခန်းဝတွင်ရပ်ပြီး လှမ်းခေါ်နေသော ဖေဖေ့အသံကြောင့် ဂျူး တမင်မထဘဲ အိပ်ရာထဲမှာ ဟိုလိုမ့်ဒီလိုမ့် လုပ်လိုက်သည်။

"ဟော့ ကောင်မလေး ထတော့လေ၊ ဖေဖေ ဆိုင်ဖွင့်ရဦးမယ်ကွ"

ခုတင်နားထိ လျှောက်လာသော ဖေဖေ့ခြေသံကြောင့် ဂျူးလေး မျက်လုံးကို စုံမှိတ်ပစ်လိုက်သည်။

"ဟောကြည့် အိပ်ချင်ယောင်လည်း မဆောင်တတ်တဲ့ အိပ်ချင်ဟန်ဆောင်နေတယ်၊ မျက်ခွံတွေကဖြင့် လှုပ်လှုပ်လှုပ်လှုပ်နဲ့၊ သမီးနော် ဖေဖေ့ကို မဘာတ်နဲ့၊ ကိုယ့်သမီးအကြောင်း ကိုယ်သိတယ်"

ဂျူး ဟန်ဆောင်အိပ်နေတာ ဖေဖေ သိသွား၍ ခစ်ခနဲ ရယ်



လိုက်သည်။ ဂျူးရယ်တော့ ဖေဖေ ဂျူးကို ကလိထိုး၏။ ဒီတော့ ဂျူး ပိုရယ်လိုက်ပြီး ကိုယ်လေးမှာ တီကောင်ဆားပက်ခံရသလို တွန့်လိမ်နေ၏။

"ဟား ဟား ဟား ဖေဖေ ယားတယ်၊ ကလိမထိုးနဲ့၊ ယားတယ်၊ ဟား ဟား ဟား ခစ် ခစ် ခစ် ခစ် ခစ်"

"ထ ဒါဆိုရင် အိပ်ရာထဲမှာ ဇိမ်ခံမနေနဲ့ ထတော့"

"ဟီး ဟီး ခစ် ခစ် ခစ် ထပြီ ထပြီ၊ ဒါပေမဲ့ ဒီနေ့ မနက်စာ မောနင်းစာကို အိုဗာတင်းတွေ ပေါင်မုန့် ထောပတ်သုတ်တွေ မစားတော့ဘူးနော် ဖေဖေ"

"ဟောဗျာ ဒါဆိုရင် သမီးက ဘာစားမှာတုံး"

"ဟာကွာ ဒီမုန့်တွေ သမီး ဘယ်တုန်းက စားခဲ့ဖူးလို့လဲ"

"ခု စားတော့မယ်လေ အန်တီလေး လာရင် ဝယ်လာမယ်တဲ့၊ မောနင်းစာကို မစားထားနဲ့လို့ မှာသွားတယ်"

"အလို့ တယ်ဟုတ်ပါလား။ သမီးတို့က ဘော်ဘော်တွေဖြစ်နေကြပြီပေါ့၊ ဖေဖေ့အတွက်ရော ဖေဖေလည်း ခေါက်ဆွဲသုပ်စားချင်တယ်"

"ဒါဆိုရင် ခဏစောင့် အန်တီလေးလာရင် ပါလာမယ့် ခေါက်ဆွဲသုပ်ကို ဂျူးနဲ့ဖေဖေ မျှစားကြမယ်"

မလာခင်ကတည်းက ခွဲတမ်းချ စားဖို့လုပ်နေသော သမီးကို ကြည့်ပြီး ဘော်ဘော် စကားတတ်တဲ့ကလေးဟု စိတ်ထဲက ချီးကျူးလိုက်သည်။

"ကဲ ထ မျက်နှာသစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဖေဖေ ချီ"

လက်နှစ်ဖက်ကို ဆန့်တန်းကာ ချီခိုင်းနေသော ဂျူးလေးကို တေဇညို ပွေ့ချီလိုက်ပြီး ဖောင်းဖောင်းအိအိပါးလေးကို ချစ်စနိုးနမ်းလိုက်သည်။

"ရွတ် အင်း ဖေ့သည်းလေး ဖေ့ချစ်လေး"

သားအဖနှစ်ယောက်၏ မနက်ခင်းတိုင်းသည် ထိုသို့ ကြည်ကြည်နူးနူးလေးနှင့် ကုန်ဆုံးနေကြ။

ချစ်ဇနီးမရှိတော့သည့်နောက်ပိုင်း သမီးလေးသည်သာ တေဇညို၏ဘဝ တေဇညို၏အသက် တေဇညို၏အနာဂတ်။

တစ်ခါတလေ ချစ်ဇနီးကို လွမ်းရင်းနဲ့ပေါ့။

■ ■ ■

သားအဖနှစ်ယောက် ပုရစ်လုပ်လာသော ခေါက်ဆွဲသုပ်ကို ခေါင်းမဖော်တမ်းစားနေကြ၍ ပုရစ်ကြည့်ပြီး ပီတိတွေဖြစ်နေသည်။

တေဇညို အားရပါးရ စားနေသည်ကို စားပွဲဝိုင်းတင်ထိုင်ကာ သားအဖနှစ်ယောက် စားနေတာကို သတိလက်လွတ် ငေးမောနေမိသည်။

တေဇညိုနှင့် ဖျတ်ခနဲ အကြည့်ချင်းဆုံသွားသဖြင့် ချက်ချင်း အကြည့်လွှဲပြီး မျက်လွှာချလိုက်သည်။ တေဇညို သူ အားရပါးရ စား နေတာကို ပုရစ်ကြည့်နေ၍ ရှိုးတိုးရှန်းတန်းဖြစ်ကာ

"ပုရစ် စားလေ ဘာထိုင်လုပ်နေတာလဲ"

"ဟင့်အင်း ပုရစ်က အိမ်မှာစားခဲ့ပြီးသွားပြီ၊ ကိုတေဇညို





"ဟုတ်လို့လား"

မယုံသလို ထပ်မေးသဖြင့် ပိုသေချာရန် ခေါင်းတဆတ်ဆတ်ညိတ်ပြပြီး

"ဟုတ်ကဲ့ တကယ်ပြောတာပါ၊ အိမ်မှာ ကိုယ်တိုင်လုပ်ခဲ့တာမို့ တစ်ခါတည်း စားလာလိုက်တာ"

"ဒါကြောင့် ကျွန်တော် ခံတွင်းတွေ့နေတာထင်တယ်၊ အရှင်းဆုံး ပြောရရင် ကျွန်တော်တို့သားအဖက ခုလို အသုပ်တွေ စားလေ့စားထ မရှိဘူး၊ အချဉ်ရည်မှာ ဆိုးဆေးတွေပါတဲ့အတွက် ကျန်းမာရေးနဲ့ မညီညွတ်ဘူးလေ"

"ခုတော့ စိတ်ချပါ၊ ကိုတေဇညိုရဲ့၊ ဆိုးဆေးပါတဲ့အချဉ်ရည်ကို လုံးဝသုံးမထားပါဘူး၊ မကျည်းသီးနဲ့ အချဉ်လုပ်ထားတာ"

"ဘာနဲ့ပဲလုပ်လုပ် ဂျူးကတော့ ကြိုက်တယ် ဖေဖေ၊ ဟင်းခါး အရည်ကလည်း သောက်ကောင်းတယ်၊ အန်တီလေး ဂျူးကို နေ့တိုင်း အဲလိုလုပ်ကျွေးပါလားဟင်"

တေဇညို အားနာသွားကာ ဂျူးလေးကို လှမ်းဟန့်သည်။

"ဟာ သမီးကလည်း နေ့တိုင်းကျတော့ အန်တီလေး ဘယ် အားမလဲကွာ၊ အဲလို ဂျစ်မတိုက်ပါနဲ့"

ဖခင် လှမ်းဟန့်လိုက်သောကြောင့် ဂျူး မျက်နှာလေးမဲ့ဝင်းသွားသည်။

"ဟွန်း ဖေဖေကလည်း ဂျူးက အန်တီလေးလက်ရာကို စား



www.burmeseclassic.com

www.burmeseclassic.com



ချင်လို့ပါ။ မနေ့က အန်တီလေး ထမင်းဘူးထဲက ဟင်းကိုလည်း ကြိုက်တယ်၊ ဖေဖေက အန်တီလေးလောက် ဟင်းချက်မှမကောင်းတာ"

"ကဲ ကြည့် ပုရစ်ရေ ဂျူးလေး မြှောက်ပြောနေရင်တော့ မျက်နှာကြီးလှုပ်ထားလိုက်တော့"

တေဇည့်ို သတိပေးစကားကြောင့် ပုရစ် ရယ်သည်။

"ဒါဆိုရင် ပုရစ် ဟင်းချက်ပေးမယ်လေ၊ ပုရစ်အတွက် အပန်းမကြီးပါဘူး"

စေတနာအပြည့်ဖြင့် လိုလိုချင်ချင်ပြောလိုက်သော ပုရစ် စကားကြောင့် ဂျူးလေး သဘောကျသွားဟန်ဖြင့် လက်မလေးထောင်ပြသည်။

"ဟာ မဟုတ်တာ နေပါစေ၊ မချက်ပေးပါနဲ့ ရပါတယ်"

တေဇည့်ို အားနာသွားသဖြင့် ပျာပျာသလဲ ငြင်းဆန်သည်။ အခွင့်အရေးကို လိုတာထက်ပိုယူလျှင် စီးပိုးရာကျသွားနိုင်သလို တစ်ဖက်သားအတွက်လည်း နစ်နာသွားနိုင်သည်။

"ပုရစ်က ဟင်းချက်ပေးရလို့ လစာ တိုးမတောင်းပါဘူး ကိုတေဇည့်ိုရဲ့၊ အမြဲတမ်း မဟုတ်တောင် တစ်ခါတလေတော့ ချက်ပေးပါရစေ၊ ဂျူးလေးလည်း သူ့အဖေလက်ရာပဲ နေ့တိုင်းစားနေရလို့ ငြီးငွေ့နေရောပေါ့"

"ဟုတ်တယ် အန်တီလေး ပြောတာ မှန်တယ်"

အားတက်သရောဖြင့် အတိုင်အဖောက်ညီနေကြသော ပုရစ်နှင့်သမီးကိုကြည့်ပြီး ငြင်းရခက်သောမျက်နှာဖြင့် မချိတချိ ပြုံးလိုက်ရင်း



"ကျွန်တော်က လစာတိုးပေးရမှာစိုးလို့ မဟုတ်ပါဘူး ပုရစ်ကို အားနာလို့ပါ"

"အားမနာပါနဲ့၊ ပုရစ် လုပ်ပေးပါရစေ"

ငြင်းမရသည့်အဆုံး တေဇည့်ို အားနာပါးနာနှင့် ခေါင်းညိတ်လိုက်ရသည်။

"သမီးနော် နောက်ဆို အန်တီလေးကို ခဏခဏ ဂျစ်မတိုက်ရဘူးနော် ကြားလား"

"ဟုတ် ဖေဖေ၊ ဂျူးက ကျောင်းပိတ်ရက်လေးမို့ အန်တီလေးနဲ့ ဖေဖေ့ကို ဂျစ်တိုက်ရတာပါ၊ မနက်ဖြန်ဆိုရင် ဂျူးက ကျောင်းတက်ရတော့မှာ ညနေဆိုရင်လည်း တီချယ်ကြီးက စာလာသင်တော့မှာ၊ ဂျစ်တိုက်ဖို့တောင် အချိန်ရှိမှာမဟုတ်ဘူး"

လူကြီးတစ်ယောက်လို အကြောင်းပြချက်တွေ သေသေသပ်သပ် ပြောနေသော ဂျူးကိုကြည့်ပြီး တေဇည့်ိုနှင့်ပုရစ် အကြည့်ချင်းဆုံပြီး ရယ်လိုက်ကြသည်။

စားပြီးသောက်ပြီး ဂျူးဂျူး ဂိမ်းဆော့နေစဉ် တေဇည့်ိုနှင့်ပုရစ် ဆိုင်ထဲတွင် အရောင်းစာရင်းတွေ လုပ်ကြသည်။ ဈေးဝယ်သူလာရင် အရောင်းပြီး ဝယ်သူမလာသေးလျှင် တေဇည့်ိုကို စာရင်းကူလုပ်ပေးရသည်။ ဖုန်းနှင့်ပစ္စည်းအမှာစာရင်း လက်ခံပေးရသည်။

"ပုရစ် ဒီညနေ ပုရစ်ကို ကျွန်တော် ပြန်လိုက်ပို့ပေးမယ်"

"ရှင်"

www.burmeseclassic.com

www.burmeseclassic.com



ထင်မှတ်မထားသော စကားကြောင့် ပုရစ် အိုးတို့အန်းတန်း ဖြစ်သွားသည်။ ဖြုန်းစားကြီး ဘာကြောင့် ဒီလိုပြောရတာလဲဆိုတာ နားမလည်နိုင်။ ပုရစ်ကို စိတ်ဝင်စားနေလို့ ဖာတ်လမ်းထွင်နေတာများ လားဟူ၍လည်း ကိုယ့်အဆင့်နှင့်ကိုယ်လိုရာကို ဆွဲပြီး တွေး၍မဖြစ်နိုင်၊ အကြောင်းတစ်ခုခုရှိလို့ဟုပဲ သမားရိုးကျဆန်စွာပဲ တွေးလိုက်သည်။

"မနေ့က ဒီဆိုင်က အလုပ်သမား မောင်ထွန်းပြောလို့ သိ ပြီးသွားပြီ"

"ရှင် ဘာပြောတာလဲ၊ သူက ဘာကိုသိထားလို့လဲ"

"အလုပ်ကအပြန် လူနှစ်ယောက် လိုက်နှောင့်ယှက်လို့ဆို"

ဒီတော့မှ မနေ့က ရည်းစားစကား လိုက်ပြောခံရသည့်အဖြစ် ကို ပြန်သတိရပြီး ပြုံးမိသေး၏။

"သြော် ဒါလား ဟုတ်တယ်၊ ဒါပေမဲ့ ပုရစ် သူတို့ကို အရေး လုပ်ပြီး ဘာမှပြန်မပြောပါဘူး။ လှည့်ကိုမကြည့်တာ"

ပုရစ်ပေါ့ပေါ့တန်တန် ပြောလိုက်ပေမယ့် တေဇညို ပုံစံ ထိုကိစ္စကို ပေါ့ပေါ့တန်တန် သဘောထားပုံမပေါ်။

"အဲဒါကြောင့် ပြောတာပေါ့၊ အိမ်နဲ့အလုပ်က ဝေးတော့ လမ်း မှာ ခုလိုကိစ္စမျိုးဆိုတာ တစ်နေ့မဟုတ်တစ်နေ့ မလွဲမသွေ ကြုံရမှာပဲလေ ပုရစ်တို့လို လှတပတ မိန်းကလေးတွေဆိုရင် ပိုတောင် အန္တရာယ်များ သေးတယ်"

"ပုရစ်အတွက် စိတ်မပူပါနဲ့ ကိုတေဇညို၊ ပုရစ် ကိုယ့်ကိုကိုယ်

ဗျူး ၁၀၁၄၀



ကာကွယ်တတ်ပါတယ်"

"ဒါပေမဲ့ ခင်ဗျားလေးရဲ့ဦးလေးက ကြည့်ပေးပါဆိုပြီး အပ်ထား ခဲ့တယ်လေ၊ ဒီတော့ တာဝန်ရှိတာပေါ့"

ခပ်ငေါ့ငေါ့ပြောလိုက်သော စကားကြောင့် ပုရစ် ခပ်လွင်လွင် လေးရယ်ကာ

"ဒါဆိုရင်လည်း ကြည့်ရှုကြည့်နေပေါ့"

"အယ် ကြည့်ရှုကြည့်နေတာနဲ့တော့ ဘယ်လို လုံခြုံမှာလဲ"

"ဒါပေမဲ့ ဆိုင်တစ်ဖက်နဲ့လေ၊ ပုရစ်ကို ဘယ်လိုလိုက်ပို့မလဲ"

"မောင်ထွန်း ရှိတယ်လေ၊ အဲဒီအချိန်ဆို ဟိုဘက်က အိမ် ဆောက်ပစ္စည်းဆိုင်က ပိတ်ပြီးသွားပြီ၊ ညနေဆိုရင် သမီးဆရာမလည်း စာလာသင်မှာလေ၊ ဒေါ်ညိုကြီးလည်း အဝတ်တွေ မီးပူလာတိုက်မှာဆို တော့ သူတို့နဲ့ လွှဲထားခဲ့လို့ရတယ်"

သူ့အစီအစဉ်နဲ့သူ ဖယားချထားသဖြင့် ပုရစ် ထပ်ပြီးတော့ စောဒကမတက်ချင်တော့။

■ ■ ■

ဗျူး ၁၀၁၁၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

“ဟိုလေ လိုက်ပို့လက်စနဲ့ တစ်ခုလောက် အကူအညီတောင်း လို့ရမလားဟင်”

ကားပေါ်မှဆင်းပြီးတာနှင့် တေဇညီကို မဝံ့မရဲကြည့်ပြီး အကူ အညီတောင်းနေသဖြင့် ပုရစ်ကို မျက်မှောင်ကျုံ့ကာ ကြည့်လိုက်သည်။

“ပုရစ် ကျွန်တော်ပြောထားတယ်လေ၊ ကျွန်တော့်ကို အလုပ်ရှင် ဆိုတဲ့စိတ်ကြီးနဲ့ ကြောက်သလိုရွံ့သလို အားနာသလို မပြောပါနဲ့လို့ ကျွန်တော်တို့က လုပ်ဖော်ကိုင်ဖက်တွေပါ”

“ဟုတ်ကဲ့ပါ”

“ကဲ ပြော ကျွန်တော် ဘာကူညီရမလဲ”

“အိမ်ထဲက မီးချောင်းမလင်းတာ နှစ်ရက်လောက်ရှိပြီ၊ အဲ



ဘာဖြစ်တာလဲဆိုတာ ကြည့်ပေးလို့ရမလား၊ ခေါင်းတိုင်နားမှာချိတ်ထား တော့ ပုရစ်နဲ့လုံးဝ မမီလို့လေ”

“ဒါများ ဒီက ဘာများလဲလို့ ကဲ ဝင် အိမ်သော့ဖွင့်၊ ကျွန်တော် ကြည့်ပေးမယ်”

ပုရစ် ခြံတံခါးတွန်းဖွင့်ဝင်ပြီး အိမ်ကလေးရှိရာသို့ ခပ်သွက်သွက် အရင်လျှောက်သွားလိုက်ပြီး သော့အရင်ဖွင့်နှင့်ရန် လှေကားထစ်တွေပေါ် အတက်

“ဂျွတ်”

“ဝုန်း”

“အား”

“ဟာ ပုရစ် ပုရစ်”

လှေကားခြေနင်းပြားတွေက ဆွေးနေသဖြင့် ကျိုးကျကာ ပုရစ် ၏ ကြမ်းပေါက်ကျွံသလိုဖြစ်သွားသည်။ ခန္ဓာကိုယ်ဟန်ချက်ကို မထိန်းနိုင် ဘဲ လှေကားလက်ရမ်းကို ဆွဲမိဆွဲရာ ဖမ်းဆွဲမိပေမယ့် ခြေထောက်တစ် ဖက်က အောက်ကိုကျွံကျနေ၏။

ရုတ်တရက်ဖြစ်သွားသော ထင်မှတ်မထားသည့် အက်ဆီးဒင့် ကြောင့် တေဇညီ ပုရစ်ထံသို့ အပြေးရောက်လာသည်။

“အား ကျွတ် ကျွတ် ကျွတ်”

နာကျင်စွာ ညည်းတွားရင်း ခြေထောက်တစ်ဖက်ကို ကျွံဝင် သော ကြမ်းပေါက်ထဲမှ ပြန်ရုပ်လိုက်သည်။ တေဇညီ ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်မို့ ပုရစ် လက်မောင်းကိုတွဲကူကာ ဖေးမပေး၏။

''ဘာဖြစ်သွားလဲ၊ ဒဏ်ရာရသွားပုံပဲ''

''အား ရပါတယ်၊ နည်းနည်းပါ''

''ဟာ ဘယ်ကနည်းနည်းရမှာလဲ၊ ဒီမှာကြည့်ပါဦး၊ ခြေသလုံးမှာသွေးတွေစီးကျနေတယ်''

ဒူးအထက်နားတွင် သံချောင်းနှင့်ထိုးမိသည့်အရှိန်ကြောင့် ခြေသလုံးထိ သွေးတို့စီးကျနေ၏။

ပုရစ် မျက်နှာမှာ နာကျင်စိတ်ကြောင့် ချက်ချင်းသွေးစုပ်ဖြူလျော်သွားသည်။

''မဖြစ်ဘူး မဖြစ်ဘူး ဆေးခန်းသွားမယ်''

ပုရစ်ကို တွဲထူရင်း ဆေးခန်းသွားဖို့ကိုသာ တွင်တွင်ပြောနေသည်။

''ဟင့်အင်း ပုရစ် မသွားချင်ဘူး၊ ဒဏ်ရာက ဘာမှမပြောပလောက်ပါဘူး၊ ဆေးထည့်လိုက်ရင် ပျောက်သွားမှာပါ''

''ဟာ ခေါင်းမမာစမ်းပါနဲ့၊ ကျွန်တော့်ကိုလည်း အားမနာနဲ့''

ဆေးခန်းဆိုလျှင် ငယ်ငယ်ကတည်းက သွားရမှာ အင်မတန်ကြောက်သူမို့ ဒီလောက်ကလေး ကြမ်းပေါက်ကျွံရုံနှင့်တော့ ဆေးခန်းကို ဘယ်နည်းနှင့်မှ မသွားနိုင်။ ရှိအောင်ငြင်းရမှာပင်။

''ဆေးခန်းသွားရမှာကို ပုရစ် သေလောက်အောင်ကြောက်သူပါ။ ကိုတေဇည်ကို အားနာလို့ မသွားတာမဟုတ်ပါဘူး၊ ပုရစ်ကို သနား



ရင် ဆေးခန်းမပို့ပါနဲ့နော်''

ကလေးတစ်ယောက်လို သနားစဖွယ်ကောင်းလောက်အောင် ငြင်းဆန်နေသော ပုရစ်၏ပုံစံကိုကြည့်ပြီး တေဇည် သနားသွားရသည်။ ကလေးဆန်လွန်းတာကို ခုမှပဲ သိတော့သည်။

''အင်းလေ ဒါဆိုရင်လည်း အိမ်မှာရှိတဲ့ဆေးလိမ်းပြီး အကိုက်အခဲပျောက်ဆေးလေးတစ်လုံး အွန်ထားလိုက်၊ အနာရှိန်ကြောင့် နေမကောင်းဖြစ်မှာစိုးရတယ်''

''အိမ်မှာ ဘာသောက်ဆေးမှမရှိဘူး၊ ကိုတေဇည်ရဲ့ ရပါတယ် ဒဏ်ရာကို သန့်ရှင်းရေးလုပ်ပြီး နနွင်းလေးသိပ်ထားလိုက်ရင် ပျောက်သွားမှာပါ''

''ကြည့် ခုကတည်းက တလွဲပြောပြီ၊ နနွင်းက မသန့်ရင် မေးခိုင်ပိုးတွေ ဘာတွေဝင်နိုင်တယ်လေ၊ ဗမာဆေးနည်းဆိုပေမယ့် သန့်ရှင်းမှုရှိဖို့တော့ လိုတာပေါ့၊ ပြစမ်း ဒဏ်ရာ ဘယ်လောက်များလဲ၊ သွေးတွေထွက်တာတော့ မနည်းဘူးပဲ''

အမှုမဲ့အမှတ်မဲ့ ပြောလိုက်သော စကားကြောင့် ပုရစ် ခန္ဓာကိုယ်လေး ဆတ်ခနဲ တုန်သွားသည်။ ဒဏ်ရာက ဒူးခေါင်းထက်မှာဆိုတော့ လုံချည်စကို လှန်ပြရမှာ မျက်နှာပူစရာ။

''ဟို ရ ရပါတယ်၊ သိပ်မများပါဘူး''

''ဒီမှာ ဒေါ်ပုရစ် ဆရာဝန်ဆီရောက်ရင်လည်း လှန်ပြရမှာပဲ၊ ကျွန်တော့်ကို ဆရာဝန်လို့သဘောထားလိုက်၊ ဟုတ်ပြီလား၊ ဘာမှရှက်

www.burmeseclassic.com

www.burmeseclassic.com



နဲ့၊ ဒဏ်ရာကိုကြည့်ပြီးမှ ဆေးခန်းသွားသင့် မသွားသင့် ဆုံးဖြတ်မယ်၊ အရမ်းများရင်တော့ လုံးဝမသွားလို့မရဘူး၊ ကျွန်တော်ကိုယ်တိုင် အတင်းပွေ့ချီပြီးတော့ကို ခေါ်သွားမယ်''

အစ်ကိုကြီးတစ်ယောက်လို လေသံမျိုးဖြင့် ခပ်မာမာပြောနေသဖြင့် ပုရစ် ထပ်ပြီး မငြင်းဆန်ရဲတော့၊ ကိုယ့်ဘက်က ဖွတ်အတင်းငြင်းနေလျှင် သူ့သိက္ခာကို ထိပါးသလိုဖြစ်သွားနိုင်သည်မို့ ရှက်ရှက်နှင့်ပင် လှန်ပြလိုက်ရသည်။

ဒဏ်ရာကိုကြည့်ပြီး တေဇည်ို့ ဟာခနဲ ဖြစ်သွားသည်။ ပုရစ်ပါ အလန့်တကြားကြည့်လိုက်မိတော့ မျက်လုံးပြူးသွားသည်၊ ပို၍ပင်နာကျင်သလို ခံစားလာရသည်။

''မဖြစ်ဘူး မဖြစ်ဘူး ဒဏ်ရာက နက်တယ်၊ သံချွန်နဲ့ထိုးမိပြီး အသားကို ထိုးခွဲလိုက်သလို ဖြစ်သွားတာပဲ''

စကားဆုံးသည်နှင့် ပုရစ်ကိုယ်လေးကို ဆွေ့ခနဲ ပွေ့ချီလိုက်သည်။

''အို ကိုတေဇည်ို့''

''ကဲ အမိ မျက်စိမှိတ်ပြီး တရားမှတ်လိုက်ခဲ့တော့၊ ဆေးခန်းလုံးဝမသွားလို့ မရဘူး၊ မေးခိုင်ဝင်သွားနိုင်တယ်''

''ရ ရပါတယ် ပုရစ် ကိုယ့်ဟာကိုယ် လမ်းလျှောက်လိုက်ပါ့မယ်''

''မရှည်နဲ့တော့၊ ခြေထောက်သွေးကျပြီး သွေးထွက်ပိုများသွားလိမ့်မယ်''





အမှန်ပြောတာပါ။ ပုရစ်လေ ရင်ထဲမှာ ငြိမ့်သလိုလို ထိတ်သလိုလိုနှင့် ကတုန်ကယင်တွေ ဖြစ်လာသည်။ ဒီလိုခံစားမှုမျိုးကို ခံစားဖူးတာဒါ ပထမဆုံးအကြိမ်ပါပဲ။

တေဇည်ို့၏ကိုယ်သင်းရနံ့ကို မဝံ့မရဲ ရှူရှိုက်ရင်း ဒီညနေခင်းလေးကို ပုရစ်ဘဝနဲ့ အမှတ်ရစရာလေးတစ်ခုအဖြစ် မြတ်နိုးသွားမိပါသည်။

တကယ်ဆို ပုရစ် အဲဒီလောက်အထိ ခံစားမှုတွေကို အလိုမလိုက်သင့်ဘူး။

ကိုယ့်အခြေအနေကို ကိုယ် သိရမှာလေ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

ဆေးခန်းက မေးနိုင်ကာကွယ်ဆေးထိုးပေးလိုက်ပေမယ့် သံနှင့် ထိုးမိသည့်အရှိန်ကြောင့် ဒူးတစ်ပိုက်မှာ တဆစ်ဆစ်နှင့် နာကျင်နေ၏။

ဆေးခန်းကနေ အိမ်ပြန်ပို့ပေးပြီး တော်ညို ပုရစ်နားမှာ ခဏ နေသေးသည်။ ဆိုင်မှာ စိတ်မချရ၍သာ ပြန်သွားခြင်းဖြစ်သည်။

ဒဏ်ရာက နာကျင်ပေမယ့် ပုရစ် ရင်ထဲမှာတော့ ကြည်နူးမိတာ အမှန်ပင်။

အိပ်ရာထက်မှာလဲနေရင်းမှ ပုရစ် ကြည်နူးစွာ ပြုံးလိုက်သည်။

"ဟော့ ကောင်မလေး တစ်ယောက်ထဲ ဘာတွေကြိတ်ပြုံးနေတာလဲ"

"ဟင် မမ"

ဗျူး၁၁၆၀



အိပ်ခန်းအဝတွင် ဘယ်အချိန်ကတည်းက ရောက်နေသည် မသိသော နှင်းပန်းကိုမြင်တော့ ပုရစ် သူခိုးလူမိသလို ပို၍ ရှက်ကိုးရှက်ကန်း အမူအရာဖြင့် လှဲနေရာမှ ထလိုက်သည်။

"မထနဲ့ မထနဲ့ ခြေထောက်က နာနေမှာပေါ့"

"ဟင် ပုရစ် ခြေထောက်ဒဏ်ရာရသွားတာ မမ ဘယ်လိုသိလဲ ဟင်"

တအံ့တသြအမေးကြောင့် နှင်းပန်း တည်ငြိမ်စွာ ပြုံးလိုက်သည်။

"ပုရစ် အလုပ်ကပြန်လာပြီး အလုပ်ရှင်ကိုယ်တိုင် ကားနဲ့လိုက်ပို့တာကို မမြင်တယ်၊ အဟင်း တမင်မခေါ်ဘဲနဲ့ ပုရစ်အိမ်ဘေးက စပယ်ရုံဘေးမှာ ထိုင်နေလိုက်တာ"

"ဟယ် ဒါဆို ပုရစ် ပြန်မလာခင်ကတည်းက မမ ခြံထဲရောက်နေတာပေါ့ ဟုတ်လား"

"အင်း အရှိန်ပျက်သွားကြမှာစိုးလို့ နှုတ်မဆက်တော့တာ"

"ဒါဆို ပုရစ် ကြမ်းပေါက်ကျွံကျတာကို မမ မြင်တယ်ပေါ့"

"မြင်တာပေါ့ ပထမတော့ စိတ်ပူပြီး စပယ်ရုံဘေးကနေ ပြေးထွက်လာပြီ၊ ဒါပေမဲ့ ဟိုသူဌေးက အရမ်းစိတ်ပူသွားတဲ့ပုံနဲ့ အူယားဖားယား ပြေးလာတော့ မမလည်း ဇာတ်ရှိန်မြင့်ရင် မြင့်ကြပါစေဆိုပြီး အသာလေး ငြိမ်နေလိုက်တော့တယ်၊ အဟင်း တကယ့်ကို လပ်ဖ်စင်းလေးပဲ၊ အရမ်းကြည့်လို့ကောင်းတယ်၊ လိုက်လည်း လိုက်ဖက်တယ်"

နှင်းပန်း၏ ချီးကျူးစကားတွေသည် ပုရစ်၏ရင်ခုန်သံတွေကို

ဗျူး၁၁၆၀

www.burmeseclassic.com

www.burmeseclassic.com



ပို၍အသက်သွင်းပေးနေသလို ခံစားမှုတွေ ပို၍သရုပ်မှန်လာ၏။

ပေါ်တင်ကြီး အရောက်ပို့နေသော မမနှင်းပန်းကို ရှက်ရဲရဲလေး ကြည့်လိုက်ပြီး

"မမကလည်း သူက ပုရစ်ကို ရိုးရိုးသားသား ကူညီတာပါ၊ သိပ်ကို သဘောထားဖြူစင်တဲ့ယောကျ်ားကောင်းတစ်ယောက်လေ၊ ပုရစ်စိတ်နဲ့တောင် မပြစ်မှားရဲပါဘူး"

စကားလုအောင်သာ ဝိနည်းလွတ်အောင်ပြောလိုက်ရပေမယ့် ပုရစ်၏ရင်ခုန်သံကို တေဇညို ကြားသွားနိုင်တာကတော့ ပုရစ်ကို ဒီလိုဖြစ်အောင် ဖန်တီးပေးလိုက်တဲ့ ကံကြမ္မာကြောင့်ဖြစ်သည်။

"ပုရစ်ကစပြီး ပြစ်မှားစရာ မလိုတာပဲကွယ်၊ သူ့ရင်ထဲကို ပုရစ် စတင်ဝင်ရောက်သွားတာဟာ နှလုံးသားချင်းနီးစပ်ကြလို့ပေါ့၊ ပုရစ်ရင်ထဲမှာလည်း သူရောက်နေလောက်ပြီဆိုတာ မမ ကောင်းကောင်းရိပ်မိပါတယ်"

ပုရစ်၏မျက်နှာပေါ်မှ ခံစားမှုတွေကို ကျွမ်းကျင်စွာဖတ်ပေးနေသော နှင်းပန်း၏ထင်မြင်ချက်တွေသည် ကွက်တိမှန်နေ၍ ပုရစ်ထံမှ ငြင်းဆန်သည့်စကားလုံးမျိုး တစ်လုံးမှ ထွက်မလာတော့။

အရှက်ပြေရယ်သံသဲ့သဲ့လေးသာ ကဗျာဆန်စွာ ပေါ်ထွက်လာ၏။ ဒဏ်ရာ၏ဝေဒနာတောင် နာကျင်ခံစားဖို့ မေ့နေသော ပုရစ်၏ အရှက်တွေဖြင့် လှိုက်ဖိုနေသော မျက်နှာလေးကို နှင်းပန်း ငေးခနဲ ကြည့်လိုက်သည်။





ရင်ထဲမှာ ကျေနပ်ပါသည်။ ပုရစ်လို စိတ်သဘောဖြူပြီး ရိုးသားသည့်မိန်းကလေးဟာ တေဇညိုလို မေတ္တာတရားကို တန်ဖိုးထားတတ်သည့် ယောကျ်ားကောင်းယောကျ်ားမြတ်နှင့် အင်မတန်မှ လိုက်ဖက်ပါသည်။

ရခဲလှသည့်ဘဝမှာ ပြီးဆုံးအောင် မကခဲ့ရသည့်ဇာတ်ကွက်တစ်ခုကို အဆုံးသတ်လှပစေဖို့ ဖြူစင်တဲ့မေတ္တာတရားတွေ အများကြီး လိုအပ်နေမှာသေချာသည်။

ရိုးသားပြီး အပြစ်ကင်းသည့် ပုရစ်ကို ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းသော ဘဝလေးပိုင်ဆိုင်စေချင်တာ နှင်းပန်း၏ မျှော်လင့်ချက်တစ်ခု။

"မမ ဘာတွေတွေးနေတာလဲဟင်"

ပုရစ် အမေးကြောင့် နှင်းပန်း အတွေးတွေကို ဖြတ်တောက်ပြီး ပုရစ်ကို ငုံ့ကြည့်၏။

"ဘာမှမတွေးပါဘူး"

ဘာမှမတွေးပါဘူးဟု ငြင်းလိုက်သော နှင်းပန်း၏အကြည့်တွေသည် အိပ်ရာဘေးမှ မွေးပွရုပ်ကလေးဆီကို ဖျတ်ခနဲ ရောက်သွားသည်။

"အရုပ်ကလေးပါလား၊ ပုရစ်က အရုပ်လည်း ချစ်တတ်တာပဲလား"

အမေးနှင့်အတူ လှမ်းယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ပုရစ်သူငယ်ချင်း အရုပ်ကလေးပါ"

နှင်းပန်း မျက်လုံးအရောင် လက်ခနဲ တောက်ပသွားပြီး ပုရစ်ကို အဓိပ္ပာယ်ပါသော အကြည့်ဖြင့် ဖျတ်ခနဲ လှမ်းကြည့်သည်။

"ဘယ်လို ဒါ ပုရစ်သူငယ်ချင်းအရုပ် ဟုတ်လား"

အတိတ်ကိုပြန်လှန်ဖို့ အကြောင်းပေါ်လာသဖြင့် စောစောက ကြည်နူးနေသည့် စိတ်ကလေးတွေ လေပြင်းတိုက်ခံရသလို လွင့်သွားသည်။

"ဟုတ်တယ် မမ၊ ဒါပေမဲ့ သူ အခုလောက်ဆိုရင်တော့ လောကကြီးထဲမှာ အသက်ရှင်လျက် မရှိလောက်တော့ဘူး"

အဖျားခတ်တုန်ယင်သွားသော ပုရစ် စကားအဆုံး နှင်းပန်း မျက်နှာပေါ်မှာ အဓိပ္ပာယ် မဖော်နိုင်သော အရိပ်တွေ ဖြတ်ပြေးသွားသည်။

ပုရစ်ကို အရမ်းအရေးကြီးသော အမေးတစ်ခုကို မေးဖို့ နှုတ်ခမ်းသားတို့ တဆတ်ဆတ် တုန်ခါလာသည်။ မျက်လုံးအိမ်တွေမှာ မျက်ရည်တွေ ရစ်ဝဲသလိုလို အရည်ကြည်လေးတွေ လဲ့လာသည်။ ဒီအရုပ်ကလေးကို နှင်းပန်းကိုယ်တိုင် ညီမလေးကို ဝယ်ပေးခဲ့တာပဲ။ ချက်ချင်း ပြောင်းလဲညှိုးနွမ်းသွားသော နှင်းပန်းကို ကြည့်ပြီး ပုရစ်ပင် နားမလည်နိုင်။

"မမ ဘာဖြစ်လို့လဲဟင်၊ ဒီအရုပ်ကလေးနဲ့ပတ်သက်ပြီး မမ ဘယ်လိုခံစားသွားရလို့လဲ"



"ဒီ ဒီအရုပ်ပိုင်ရှင်ရဲ့နာမည်က စန်းဖြူလား၊ မဟုတ်ဘူး မဟုတ်ဘူး မဟုတ်လား မဟုတ်ဘူးနော်"

မေးပုံက သွေးရူးသွေးတန်း ဟန်တွေပေါက်သွား၍ ပုရစ်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

"မမက စန်းဖြူရဲ့အစ်မလားဟင်"

ပုရစ်၏အမေးသည် နှင်းပန်းအတွက် ကမ္ဘာပြိုသည့်အလား တုန်လှုပ်ချောက်ချားသွားစေသည်။

"ဘုရားရေ ဒါဆို ဒီအရုပ်လေးက စန်းအရုပ်လေးပေါ့"

"ဟုတ်တယ် မမ"

ပုရစ် ဖြေလိုက်သော အသံသည်ပင် ငိုသံဖြင့် အက်ကွဲလာသည်။ အတိတ်ကို ပြန်လှန်လိုက်ရ၍ သူငယ်ချင်းအတွက် ဝမ်းနည်းစိတ်တွေ အလုံးအရင်း ပြန်လည်မွေးဖွားလာသဖြင့် မျက်ရည်တို့ ပိုးပိုးပေါက်ပေါက် ကျဆင်းလာသည်။

"အမလေး အဖြစ်ဆိုးလိုက်တာ ညီမလေးရယ်၊ ညီမလေး လောကကြီးထဲက ထွက်သွားတာကိုတောင် မမ မသိရပါလား ပုရစ်ရယ်၊ မမ ညီမလေး ဘယ်လိုဖြစ်ပြီး သေရတာလဲဆိုတာ မမကိုပြောပြပါကွယ်၊ မမ ရင်ထဲမှာမချိလိုက်တာ၊ အဖြစ်ဆိုးလိုက်တာ ညီမလေးရယ်၊ မမ ဘယ်လိုဖြေရမလဲ"

ချုံးပွဲချ ငိုယိုမြည်တမ်းနေသော နှင်းပန်းကိုကြည့်ပြီး ပုရစ်ပါ မျက်ရည်မဆည်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



စနိုးအကြောင်းကို ပြောပြရမှတော့ ပုရစ်ရဲ့ဘဝအမှန်ကိုပါ မမနှင်းပန်းကို ထုတ်ဖော်ပြောပြရတော့မှာပေါ့။

ရှိစေတော့လေ မမနှင်းပန်းကို စတွေ့တွေ့ချင်း ကိုယ့်အစ်မလို သဘောထားမိမှတော့ ပုရစ် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့်ဒုက္ခတွေကိုပါ ပြောပြရတော့မှာပေါ့။

စနိုးရယ် တမလွန်ကနေ မမနှင်းပန်းနဲ့ငါနဲ့ ဆုံတွေ့ဖို့ ဖန်တီးပေးလိုက်တာများလား။

■ ■ ■

## အခန်း (၂၆)

အိမ်ရှေ့မှ ကားသံကြောင့် မှေးခနဲ အိပ်ပျော်သွားသော ပုရစ် ခ်မျက်လုံးတွေ ဖျတ်ခနဲ ပွင့်လာသည်။ အိမ်တိုင်မှာချိတ်ထားသော ထိုင်ကပ်နာရီကို လှမ်းကြည့်လိုက်တော့ ညဆယ်နာရီကျော်နေပြီ။

ဒီအချိန်ကြီးကျမှ ဘယ်ကကားပါလိမ့်။ ဦးမင်းဆွေများ ညကြီးအချိန်မတော် ရောက်လာတာများလား။

ဇဝေဇဝါ အတွေးနှင့်အတူ နားစွင့်နေရာမှ အိမ်ရှေ့ကိုလျှောက်လာသည့်ခြေသံကြောင့် ဆက်ပြီးလှဲအိပ်နေ၍မရတော့။ အိပ်ရာထက်မှ အသာထလိုက်သည်။

အိမ်တံခါးကို ချက်ချင်းမဖွင့်ရဲသေးဘဲ တရုတ်ကပ်မှန်ကို ခပ်အသာလှပ်ပြီး အိမ်ရှေ့ကိုချောင်းကြည့်လိုက်သည်။

"ဟင် ကိုတေဇည်"

www.burmeseclassic.com

www.burmeseclassic.com



အံ့သြစိတ်နှင့်အတူ တံခါးဂျက်ကို လှမ်းဖွင့်လိုက်သည်။ ဒီအချိန်ကြီးကျမှ ဘာလာလုပ်ပါလိမ့်။

တံခါးပွင့်သွားတော့ တေဇညို အိမ်ပေါ်တက်လာ၏။

"ပုရစ်. ဘယ်လိုနေလဲ၊ သက်သာရဲ့လား"

"ဒဏ်ရာက တဆစ်ဆစ်နဲ့ ကိုက်နေတယ်၊ မနက်ကျရင်တော့ သက်သာသွားမှာပါ၊ ဒီအချိန်ကြီး ဘာလို့တစ်ခေါက်ပြန်လာတာလဲဟင်"

"မီးချောင်း လာချိန်းပေးတာလေ"

"ဩော် သက်သက်မဲ့ အလုပ်ရှုပ်ခံလို့"

"အလုပ်မရှုပ်ပါဘူး ပုရစ်ရယ်၊ နို့မို့ဆို ပုရစ် မီးအိမ်လေးနဲ့ တစ်ညလုံး နေနေရမှာပေါ့"

"ရော့ ဒါက ပုရစ် မနက်မိုးလင်းစားဖို့ မုန့်နဲ့ကော်ဖီမစ်ထုပ်တွေ၊ မနက် နေမကောင်းရင် အလုပ်ကိုမလာနဲ့ဆိုတာလည်း လာပြောတာ၊ ဒီမှာ ပိုပိုလိုလို ဒီဖုန်းကိုပါ ယူထား၊ အရေးကြီးရင် ဖုန်းလှမ်းဆက်"

မုန့်ထုပ်တွေနှင့် ဖုန်းကို ပုရစ်ကိုလှမ်းပေးပြီး ကျန်တစ်ဖက်က မီးချောင်းကိုင်ထားရင်းမှ ထိုင်ခုံတစ်ခုကို လှမ်းဆွဲယူလိုက်သည်။

ထိုင်ခုံပေါ်တက်ပြီး ကျွမ်းနေသော မီးချောင်းကို ကျွမ်းကျင်စွာလဲပေး၏။ မီးရောင်က အခန်းတွင်း ဖျတ်ခနဲ လင်းသွား၏။

"ကဲ အိုကေသွားပြီနော်"

"ကျေးဇူးတင်ပါတယ်၊ ကိုတေဇညိုရယ်"

"မလိုပါဘူး၊ ကျေးဇူးတင်ခံချင်လို့ လာလုပ်ပေးနေတာမဟုတ်



ပါဘူး၊ ဦးမင်းဆွေက သူ့တူမကို ဂရုစိုက်ပေးပါလို့ သေသေချာချာ အပ်ခဲ့လို့၊ တာဝန်ဝတ္တရားအရ လာစောင့်ရှောက်ပေးတာ"

အကြောင်းပြချက်နိုင်လုံအောင် ဆင်ခြေပေးနေသော တေဇညိုကိုကြည့်ပြီး ပုရစ် ခပ်တိုးတိုးရယ်လိုက်သည်။

"ဂျူးလေးရော ဘယ်သူနဲ့ကျန်ခဲ့လဲဟင်"

"ဘယ်သူမှမရှိဘူး၊ ဒါပေမဲ့ စိတ်မပူပါနဲ့၊ သမီးက ကောင်းကောင်းအိပ်မောကျနေပြီ"

ပုရစ် စိတ်ပူသွားသည်။

"အို ဒါဆို တစ်ယောက်ထဲပဲ၊ ပုရစ် စိတ်မချဘူး၊ ကလေးတစ်ရေးနိုးရင် လန့်မှာစိုးရတယ်၊ ပြန် ပြန်လိုက်ပါလားဟင်၊ နှင်တာတော့ မဟုတ်ပါဘူးနော်"

"အင်းပါ ပြန်မှာပါ၊ ဒီနေ့ကျမှပဲ စိတ်တွေဗျာများနေရတယ်လို့ ဖြစ်နိုင်ရင် ဒီလူနာစောင့်ဖို့ တစ်ကိုယ်ခွဲ သမီးနားမှာနေဖို့ တစ်ကိုယ်ခွဲ ထိုက်ချင်တာ"

"ပုရစ်က ဘာမှမဖြစ်ပါဘူး၊ နေလို့ကောင်းတယ်၊ ကလေးက အရေးကြီးတာ"

"ကဲ ထပ်ပြီးမနှင်နဲ့တော့၊ သွားမှာပါ၊ မနက်ကျရင် အလုပ်မလာနဲ့၊ မိုးလင်းလို့ မောင်ထွန်းလာရင် ဆိုင်ကိုသူနဲ့ထားပြီး အဲ မဖြစ်သေးဘူး၊ သမီးကိုကျောင်းပို့ရဦးမှာဆိုတော့ ကျောင်းကအပြန် တစ်ခေါက်ဝင်ခဲ့မယ်၊ ပြီးမှပဲ ဆိုင်ဖွင့်လိုက်တော့မယ်၊ ခုတော့ အိပ်ပျော်အောင်

www.burmeseclassic.com

www.burmeseclassic.com



အိပ်လိုက်နော်၊ ကျွန်တော် သွားတော့မယ်''

"ဟုတ်ကဲ့"

တေဇညို စိတ်မချသလို မှာကာ အိမ်ပေါ်မှ ပြန်၍ဆင်းသွားသည်။

အိမ်အောက်ရောက်မှ

''တံခါးပိတ်တော့လေ ခြံတံခါးကို ကျွန်တော် ပိတ်သွားလိုက်မယ်၊ ဆေးလည်းသောက်ဖို့ မမေ့နဲ့ဦး''

စိတ်မချစွာဖြင့် မှာပြီးရင်းမှာကာ ကားဆီသို့ ခပ်သွက်သွက် လျှောက်သွားနေသော တေဇညို၏နောက်ကျောကို ရင်ဖိုစွာငေးမောရင်း ဝေဒနာသစ်တစ်ခုက ရင်တစ်ခုလုံး ပြောင်းဆန်အောင် လှုပ်ခတ်နေစေတော့၏။

တေဇညိုရယ် ရှင် ပုရစ်ကို စိတ်ဝင်စားနေတာများလား။

■ ■ ■



## အခန်း (၂၇)

"ဒေါက် ဒေါက် ဒေါက်"

တံခါးခေါက်သံကြောင့် နှံ့ခွေနေသော ခန္ဓာကိုယ်ကို ဘေးသို့ စောင်းလိုက်ပြီး တံခါးခေါက်သံဟုတ် မဟုတ် နားစွင့်လိုက်သည်။

"ဒေါက် ဒေါက် ဒေါက်"

တံခါးခေါက်သံက ထပ်ပေါ်လာသည်မို့ အိပ်ရာထက်မှ အသာထကာ အိမ်ရှေ့တံခါးဂျက်ကို ဖွင့်လိုက်သည်။ မျက်လုံးအစုံပြူးကျယ်ဝိုင်းစက်သွားသည်။ တံခါးဝတွင်ရပ်နေသောသူက တေဇညို မဟုတ်။

"ဟင် ဖန်လိလုံး"

"ခုတော့ မင်းဘယ်ကိုမှ ထပ်ပြေးလို့ မရတော့ဘူး ပုရစ်"

"ရှင့် ပုရစ် ဒီမှာနေတာ ဘယ်လိုသိလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါက ရှောင်ပုန်းနေတဲ့မင်းကို လိုက်ရှာနေတဲ့သူလေ၊ မင်း ဘယ်နေရာ ဘယ်ဒေသမှာပဲပုန်းပုန်း မတွေ့တွေ့အောင် ရှာရမှာက ငါ့ အလုပ်"

ပုရစ် ကြောက်လွန်း၍ ခြေထောက်ပင် ခိုင်ခိုင်မရပ်နိုင်တော့။

"ကဲ လာ ငါနဲ့ပြန်လိုက်ခဲ့"

ဖန်လိလုံး ပုရစ်လက်ကို ဆတ်ခနဲ လှမ်းဆွဲ၏။ ပုရစ် ရုန်းသည်။ ဖန်လိလုံး တင်းကြပ်စွာဆုပ်ကိုင်ထား၏။

"ဟင့်အင်း ပုရစ် ပြန်မလိုက်ဘူး"

"မင်းပြန်မလိုက်လို့ မရဘူး၊ မမသီတာသွင်လည်း မင်းကြောင့် သေပြီ၊ မင်း ငါ့အစ်မကို သတ်သွားတာ၊ ခုဆို ရဲတွေလည်းမင်းကို လိုက်ရှာနေကြပြီ၊ မင်းဟာ ဝရမ်းပြေးတစ်ယောက်ဖြစ်နေပြီ"

"ဟင့်အင်း မသီတာသွင်ကို ပုရစ် မသတ်ဘူး"

"မင်း ငါ့ကိုမညာနဲ့ ပုရစ်၊ မင်းကြောင့် ငါ့အစ်မ သေရတာ၊ ငါနဲ့ပြန်မလိုက်ဘူးဆိုရင် ရဲတွေက မင်းကို လူသတ်မှုနဲ့ ဖမ်းကြလိမ့်မယ်"

ရဲတွေဆို၍ ပုရစ် ပို၍ တုန်လှုပ်သွားသည်။

"ဟင့်အင်း ပုရစ် တွန်းချတာ မဟုတ်ဘူး၊ သူ့ဟာသူ အရှိန် လွန်ပြီးပြုတ်ကျတာ၊ ပုရစ်ပြောတာ ယုံပါ ဖန်လိလုံးရယ်"

မျက်ရည်တို့ ပိုးပိုးပေါက်ပေါက် ကျလာကာ ပုရစ် တွင်တွင်ငြင်း သည်။ ကိုယ့်ပယောဂကြောင့် သီတာသွင် သေရတာ မှန်ပေမယ့် ပုရစ် ကိုယ်ထိလက်ရောက် တွန်းချတာမှ မဟုတ်တာ။



"ငါ ယုံချင်တယ် ပုရစ်၊ အဲဒီလို ဘာဖြစ်လို့ ယုံချင်တာလဲ သိလား၊ ငါ မင်းကိုသိပ်ချစ်လို့၊ ငါ့ဘဝမှာမင်းမရှိရင် မဖြစ်ဘူး၊ မင်းပေး သွားတဲ့ဒဏ်ရာတွေက ငါ့ခေါင်းကိုရိုက်ခွဲသွားလို့ရတဲ့ ဒဏ်ရာထက် ငါ့ရင် ထဲမှာရတဲ့ဒဏ်ရာက ပိုပြီးတော့ ခံရခက်တယ်၊ ခုထိကို မကျက်သေးဘူး"

"အဲ အဲဒါက ရှင့်ကို တမင်နာကျင်စေချင်တဲ့ရည်ရွယ်ချက် မပါပါဘူး။ ဒီလိုမလုပ်ရင်လေ ရှင်က ပုရစ်ကို ပန်းသခင်ကို ပြန်ခေါ်သွား မှာ၊ ဒါကြောင့် ပုရစ် ကြံရာမရ လုပ်မိလိုက်တာပါ"

'သွေးရူးသွေးတန်း ရှင်းပြနေသော ပုရစ်စကားကို ဖန်လိလုံး နားဝင်ပုံမပေါ်။ အိမ်လေးကို လှည့်ပတ်ကြည့်ရှုပြီး ပုရစ်ကို သနားသွား ပုံဖြင့် လှည့်ကြည့်သည်။

"ဒီမှာ မင်းတစ်ယောက်ထဲ နေတာလား"

"ဟုတ်တယ်"

"အရမ်းအထီးကျန်ခဲ့မှာပေါ့"

ပုရစ် အထီးမကျန်ပါဘူး။ ဒီမှာ ပုရစ်ပျော်ပါတယ်လို့ ပြောချင် ပေမယ့် ရှည်ရှည်ဝေးဝေးတွေ မပြောချင်၍ နှုတ်ဆိတ်နေလိုက်သည်။

"ပုရစ်"

ဖန်လိလုံး၏လက်နှစ်ဖက်က ပုရစ်ပခုံးကို ညင်သာစွာဆုပ်ကိုင် လာပြီး ခပ်တိုးတိုးခေါ်သည်။

ပုရစ် ထိတ်လန့်စွာ မော့ကြည့်၏။ ပုရစ်မျက်လုံးတွေသည် ကြောက်စိတ်ကြောင့် မှိုင်းဖျော့နေသည်။ ကူကယ်ရာမဲ့သူလို ရှင်းထွေးမှု



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ညိုမှောင်နေ၏။

ထိုအခြေအနေထဲက အငွေ့ပျံထွက်ချင်နေသော ပုရစ်၏စိတ်ကို ဖန်လ်လုံးလည်း ရိပ်မိသည်။

''ငါ မင်းကိုအရမ်းလွမ်းတယ်၊ အရမ်းလည်း သတိရနေမိတယ်၊ ငါ သိပ်ချစ်တဲ့ မိန်းကလေးက ငါ့ကိုနာကျင်အောင်လုပ်ပြီး ထွက်သွားတယ်ဆိုတဲ့ ခံစားမှုက ငါ့ရင်တစ်ခုလုံးကို သွေးစိမ်းရှင်ရှင် ထွက်မလားပဲ''

ပုရစ် ခေါင်းငုံ့ပြီး အံတစ်ချက်ကြိတ်လိုက်သည်။ စားပွဲခုံပုလေးပေါ် တင်ထားသည့် ဖုန်းလေးဆီ အကြည့်ရောက်သွားသည်။

တေဇညိုဆီ ဖုန်းဆက်အကူအညီတောင်းလျှင် ကောင်းမလားဟူသော အတွေးတစ်ခု ဖျတ်ခနဲ ဝင်လာသည်။ မဖြစ်နိုင်။ ဒီကိစ္စကြောင့် တေဇညိုဆီ ဘယ်လိုဖုန်းဆက်မလဲ ဖုံးကွယ်ထားသည့်အတိတ်အကြောင်းတွေ ဘွားခနဲ ပေါ်သွားလျှင် တေဇညို အမြင်မှာ ပုရစ်ဟာ လူသတ်သမားဝရမ်းပြေးဖြစ်သွားမှာပေါ့။

ထိုအတွေးကို ချက်ချင်းဖျောက်ပစ်လိုက်သည်။ ထိုအတွေးတို့ဖြင့် မိန်းမောနေချိန်တွင် ပုရစ်၏ခန္ဓာကိုယ်သည် ဖန်လ်လုံးရင်ခွင်ထဲကို ရောက်နေပြီ။

''ချစ်တယ် ပုရစ်ရယ်၊ မတွေ့ရတဲ့ရက်တွေမှာ မင်းကိုငါ အများကြီးလိုအပ်ခဲ့တယ်၊ ဒီတစ်ကြိမ်တော့ ကိုယ့်ကိုခွင့်ပြုပါ''

အနမ်းတွေသည် မျက်နှာအနှံ့ လည်တိုင်အနှံ့သို့ အငမ်းမရ ထိတွေ့လာ၏။





''ဟင့်အင်း ပုရစ် ခွင့်မပြုဘူး''

''ဘာဖြစ်လို့ တွန့်တိုနေတာလဲကွာ၊ ကိုယ့်ချစ်သူကို အဲလိုမတွန့်တိုကောင်းဘူး။ ကိုယ်မင်းကိုချစ်တာ မင်းသိနေရဲ့သားနဲ့ လွတ်လွတ်လပ်လပ် ချစ်ခွင့်ပြုပါ''

ဖန်လ်လုံး ပုရစ်ကိုယ်လေးကို ပွေ့ချီကာ အခန်းထဲရှိ ပုရစ်အိပ်ရာပေါ်သို့ ညင်သာစွာချလိုက်သည်။ ဒီအချိန်ဟာ ပုရစ်အတွက် ကမ္ဘာပျက်နေသလားပင်။

ပုရစ်ကိုယ်ပေါ်ကို အုပ်မိုးဖိကျလာသော ဖန်လ်လုံး၏ကိုယ်ခန္ဓာကို အင်အားရှိသရွေ့ တွန်းထုတ်သည်။

''ဖန်လ်လုံး နင် မယုတ်မာနဲ့နော်၊ ငါ နင့်ကိုဘယ်တုန်းကမှ ချစ်ခဲ့ဘူး၊ နင် ယုတ်မာတာကို ငါ ငြိမ်မနေနိုင်ဘူး၊ ငါ ငါ အော်လိုက်မှာနော်''

''အော်လေ မင်းကြိုက်သလောက် အော်နိုင်တယ်၊ လည်ချောင်းကွဲထွက်အောင် အော်နိုင်တယ်၊ ခုလိုအချိန်မျိုး မင်းကို စိတ်လွတ်ကိုယ်လွတ် ပိုင်ဆိုင်ရမယ့်အချိန်မျိုးကို ငါ မက်မောတမ်းတခဲ့တာ ကြာပြီ၊ ဒီတစ်ခါတော့ ငါ့ဆန္ဒကို ငါ အလိုလိုက်ရတော့မယ်၊ ငါ့အချစ်တွေထဲ ငင်းအလိုက်သင့် စီးမျောလိုက်ပါ''

ဖန်လ်လုံး၏ရမ္မက်ထန်နေသော စကားအဆုံး အနမ်းတွေကို အသက်ရှူမှားမတတ် ထပ်ခွေပြန်သည်။ ပုရစ်သည် သေပေါက်သေရောက်နေသူလို ဇောချွေးတွေပြန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အသွေးအသားတွေကို အရှက်ကင်းမဲ့အောင် တစိမ့်စိမ့် ဖွဲ့ခြွေစားသုံးနေသော ဖန်လိလုံး၏မျက်နှာသည် သွေးသား ဆာလောင် မွတ်သိပ်နေသော ကြာကူလီ ဗီလိန်တစ်ကောင်လို စက်ဆုပ်ရွံ့ရှာစရာ ကောင်းလှသည်။

သွားပြီ ဘယ်လိုမှ ရုန်းကန်အော်ဟစ်၍မရမှတော့ ပုရစ်ဘဝ ဟာ သူ့ရဲ့ဆန္ဒတွေအောက်မှာ တစ်စစီကြေမွပျက်စီးခဲ့ရပြီ။

ပုရစ် ဘာလုပ်ရမလဲ။ ကိုယ့်ကိုကိုယ် သတ်သေရမလား။ ဘဝ မှာ ဒီတစ်ခါလောက် ဘယ်တုန်းကမှ ကူကယ်ရာမဲ့မဖူးခဲ့ဘူး။

ယခင်ဒုက္ခတွေနှင့်ယှဉ်လျှင် ယခုဒုက္ခက ဘဝကိုရင်းလိုက်ရ သည့်ဒုက္ခမို့ ဘယ်လိုမှ အဖတ်ဆည်မရနိုင်တော့။

''ချစ်တယ် ပုရစ်ရယ် မင်းနဲ့အတူတူ နေတော့မယ်၊ တို့နှစ်ယောက် ဟိုးအဝေးကြီးကို ထွက်သွားကြမယ်၊ အဲဒီမှာ ကမ္ဘာသစ်တစ်ခု ရှိတယ်၊ အဲဒီကမ္ဘာသစ်ကလေးထဲမှာ မင်းရယ် ကိုယ်ရယ် ခုလိုပဲ အချစ် တွေဖလှယ်ပြီး ပျော်ပျော်ရွှင်ရွှင် နေကြမယ်၊ ဘယ်တော့မှ မခွဲဘူး မင်းအနားမှာ ကိုယ်ရှိနေသရွေ့ မင်းကိုဘယ်သူမှ ရန်မူလို့မရအောင် ငါ ကာကွယ်ပေးမယ်၊ မင်းသာ ငါ့လက်ကို ရဲရဲဆုပ်ကိုင်လိုက်ပါ၊ ငါတို့ အနာဂတ်ကို အတူတူလက်တွဲပြီး လျှောက်ကြတာပေါ့''

မောလျတိုးသက်ပြီး ရှုံ့ထန်နေသော စကားတွေကို အမြည်း လုပ်ပြီး ပုရစ်ဘဝကို ယမကာလိုသောက်သုံးနေသော အသွေးအသား စား ဘီလူးတစ်ကောင်ဟုမြင်ပြီး ပုရစ် မျက်ရည်တို့သာ တွင်တွင်ကျနေ



လိုက်တော့သည်။ ဖြစ်နိုင်လျှင် အရှင်လတ်လတ်ကို အသက်ဇီဝိန်ချုပ် သွားချင်ပါသည်။ ပုရစ်ဟာ သေတာထက်ဆိုးသော ဒုက္ခကိုရင်ဆိုင်နေရ သည်။ ထို့ကြောင့် ပုရစ်ကိုယ်ပေါ်မှ အရှက်တရားတွေကို တစ်ဖွဲ့ချင်း ခြွေချနေသော ဖန်လိလုံးကို ခန္ဓာကိုယ်တစ်ခုလုံးမှာရှိသမျှ အင်အားတို့ စုသုံးပြီး တွန်းလွှတ်လိုက်သည်။ ရုတ်တရက် အငိုက်မိသွား၍လားမသိ။ ဖန်လိလုံး ကြမ်းခင်းပေါ် နောက်ပြန်ကျသွားသည်။

အခွင့်အရေးသည် ကိုယ့်ဆီနှစ်ခါမလာ၍ အရှက်တရားတို့ကို ဆွဲသိမ်းပြီး အိပ်ရာထဲမှ ကျုံးထလိုက်သည်။ ပုရစ်၏သိက္ခာတရားတွေကို ဖန်လိလုံးရှေ့မှာ အဆုံးထိ ကျဆုံးခိုင်း၍မဖြစ်။ လွတ်မြောက်လို လွတ် မြောက်ငြား ရုန်းကြည့်ရမှာပင်။

''ပုရစ် အဲလိုမလုပ်နဲ့ တောင်းပန်ပါတယ် ချစ်လွန်းလို့ ခုလို လုပ်မိတာပါ''

ဖန်လိလုံး ပုရစ် လက်ကို အတင်းလှမ်းဆွဲပြီး ဆာလောင်မွတ် သိပ်နေသော ငရဲခွေးတစ်ကောင်လို ပုရစ်ကို အနူနည်းနှင့်တောင်းပန်၏။

''လွှတ် လွှတ်ပါ ငါ နင့်ကိုမုန်းတယ်၊ အရမ်းမုန်းတယ်၊ သေ လောက်အောင်မုန်းတယ်၊ ပိုးစိုးပက်စက် မုန်းတယ်၊ ငါ နင့်ကိုလုံးဝမချစ် ဘူး။ ငါ့မှာချစ်ရမယ့်သူရှိတယ်၊ အဲဒီလူက တေဇညိုပဲ၊ နင် ဘယ်တော့မှ ဖြစ်မလာနိုင်ဘူး''

နှုတ်မှ မရည်ရွယ်ဘဲနှင့် ရင်ထဲမှချစ်ရသူကို မသိစိတ်က အလိုက်တသိ ထုတ်ဖော်ပြောလိုက်မိသည်။

www.burmeseclassic.com

ဒီအချိန်မှာ မှားသည်မှန်သည် ဝေခွဲနေရမယ့်အချိန်မှ မဟုတ်တာ။

တကယ်လည်း ပုရစ် ရင်ထဲမှာ တေဇညိုကို ချစ်မိသည့်စိတ်ဇာတ်တိတ်လေး ခိုဝင်နေတာလေ။

■ ■ ■

## အခန်း (၂၈)

"ပုရစ်ဖူး ပုရစ် ပုရစ်"

ကိုယ်ကို အတင်းလှုပ်နှိုး ခေါ်လိုက်သော ကြည်လင်ပီသသော အသံကြောင့် တစ်ကိုယ်လုံး ဖောရွှေးတွေ ရွှဲနစ်လျက် မျက်လုံးတို့ ရှုတ်ခနဲ ပွင့်လာသည်။

ဖန်လိလုံးကို တွန်းထိုးရုန်းကန်ရသောအရှိန်ကြောင့်လားမသိ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲကာ လှုက လှုပ်ကိုမလှုပ်နိုင်တော့။

"ဟင် ကိုတေဇညို"

ငရဲခန်းထဲမှ လွတ်မြောက်လာသူလို ကိုယ့်ကိုငုံ့မိုးပြီး စိုးရိမ်တကြီး ကြည့်နေသော တေဇညိုကို အားကိုးတကြီး ခေါ်လိုက်သည်။

"ပုရစ် အိပ်မက်ဆိုးတွေ မက်နေတာလား။ ကယောင်ကတမ်း

www.burmeseclassic.com



တွေပြောနေတယ်''

''ဟင် ဘယ်လို ပု ပုရစ် အိပ်မက်မက်နေတာ ဟုတ်လား''

ဒီတော့မှ အခြေအနေကို ပြန်၍သုံးသပ်ကြည့်လိုက်သည်။ ပုရစ်အနားမှာ ဖန်လုံးရှိမနေ။ ကြမ်းခင်းပေါ်တွင် ဖန်လုံး၏အဝတ်အစားတွေနှင့်ပုရစ်အဝတ်တွေ စောစောကလို ပြန့်ကြဲမနေ။ အရာရာဟာ ညတုန်းကလိုပင် ငြိမ်သက်နေကြဆဲ။

အပြင်မှ ငှက်ကလေးတွေ၏အသံတွေနှင့် ခေါင်မိုးအပေါက်တွေကြားမှတစ်ဆင့် ထိုးကျနေသော နေပြောက်ဝိုင်းဝိုင်းလေးတွေက ကြမ်းပြင်၏ဟိုဟိုဒီဒီနေရာတွေမှာ ရှိနေကြသည်။

ရင်ထဲမှာ ပျော်လိုက်သည့်ဖြစ်ခြင်း။ သေချာပြီ ဒါဟာ ပုရစ်အမှန်တကယ် ရင်ဆိုင်သွေးပျက်ခဲ့ရသည့် တကယ့်အဖြစ်အပျက်မဟုတ်။ စိတ်ထဲမှာ ပြောမပြတတ်အောင် ပျော်ရွှင်သွားမိသည်။

''ပုရစ် ဘာအိပ်မက်တွေ မက်နေတာလဲ၊ အိပ်မက်ထဲမှာ ပုရစ်ကို တစ်စုံတစ်ယောက်က ချုပ်နှောင်ထားသလိုပဲ၊ ပုရစ် အတင်းကို ရုန်းကန်ရနေရတယ်''

အိပ်မက်ထဲမှာ ပုရစ် ဘယ်လိုရင်ဆိုင်ရတယ်ဆိုတာ ပြောပြ၍မှမရတာ။ ပုရစ် ထပ်ပြီး ညာရတော့မှာပင်။

''အင်း ပုရစ် အိပ်မက်ဆိုးတွေ မက်နေတာထင်တယ်၊ ဘာအိပ်မက်တွေလဲဆိုတာတော့ ပုရစ် စဉ်းစားလို့မရတော့ဘူး''

''ပုရစ် နေမကောင်းဘူးလား၊ ဒတ်ရာရော ဘယ်လိုနေလဲ''





''သက်သာပါတယ်၊ ဒါနဲ့ ကိုတေဇညီ ပုရစ် အိမ်တံခါးဂျက်ထိုးထားတာလေ၊ ဘယ်လိုလုပ်ပြီး ဝင်လာလို့ရတာလဲ''

''ဂျက်မထိုးထားဘူးထင်တယ်၊ ပထမတော့ ခေါ်သေးတယ်၊ ပုရစ်ဆီက ပြန်ထူးသံမကြားလို့ တံခါးကို တွန်းကြည့်လိုက်တာ၊ တံခါးက စေ့ရုံစေ့ထားတာလေ၊ ပုရစ် မျက်နှာတွေ အရမ်းရဲနေတယ် မှန်းစမ်း''

တေဇညီ၏လက်က ပုရစ်၏နဖူးကို စိတ်မြန်လက်မြန်နှင့် ရောက်သွားကာ စမ်းလိုက်သည်။

''ဟား ကိုယ်တွေတအားပူနေတာပဲ၊ ထင်တယ် ထင်တဲ့အတိုင်းပဲလား၊ အဖျားတွေတက်ပြီး ကယောင်ကတမ်းတွေ အော်နေတာကိုး''

တေဇညီ ပြောမှပင် ပုရစ် ကိုယ်တွေခြစ်ခြစ်တောက်ပူနေမှန်း သတိထားမိတော့၏။

''မဖြစ်ဘူး မင်းကို ဒီအိမ်မှာတစ်ယောက်ထဲ ထားခဲ့လို့မဖြစ်တော့ဘူး၊ ပြုစုမယ့်လူလည်းမရှိဘဲနဲ့၊ ဒုက္ခတွေ ရောက်ကုန်တော့မှာပဲ''

''အေးသောက်ရင် သက်သာသွားမှာပါ''

''လာပြန်ပြီ ခုချိန်ထိ သက်သာသွားမှာပါနဲ့၊ ခေါင်းမာတုံး၊ ရောဘူး၊ မင်းအိမ်မှာ ဒီရက်ပိုင်း လိုက်နေရမယ်၊ ပုရစ် မငြင်းရဘူး၊ ငြင်းရင် ကိုယ် အန်ကယ်ဦးမင်းဆွေဆီ ဖုန်းဆက်လိုက်မယ်''

အခေါ်အဝေါ် အသုံးအနှုန်းတွေ မသိမသာ ပြောင်းလဲလာသော တေဇညီ၏ရင်းနှီးမှုတွေသည် ပုရစ် ရင်ထဲမှာ မျှော်လင့်ချက်တွေကို ကြယ်ပွင့်လေးတွေလို တလက်လက် တောက်ပလာစေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပုရစ်အပေါ် နွေးထွေးစွာ ဂရုစိုက်မှုတွေပေးနေမှတော့ ပုရစ်လည်း ဆက်ပြီး ခေါင်းမမာချင်တော့ပါဘူး။

ပုရစ် ရင်ထဲမှာ တေဇည်ျ၏အကြင်နာတွေကြောင့် တကယ့်ကို ခပ်နွေးနွေးလေး ဖြစ်နေတာပါ။

■ ■ ■

## အခန်း (၂၉)

"အန်တီလေးက ဒီမှာခဏနေမယ် ဟုတ်လား ဖေဖေ"

အလိုမကျ၍လား၊ အလိုကျ၍လား မခွဲခြားနိုင်သော ဂျူးလေး၏ အမေးကြောင့် ပုရစ် အနေခက်သွားမိသည်။ ကလေးအမြင်မှာအောင် ပုရစ်ကိုယ်တိုင်က အနေအထိုင်မတတ် ဖြစ်နေပြီလားဟု မလုံမလဲဖြစ်မိပြန်သည်။

"ဟုတ်တယ် သမီး၊ အန်တီလေး နေမကောင်းဘူး။ အရမ်းဖျားနေတယ်၊ ဒါကြောင့် ဒီမှာခဏနေဖို့ ခေါ်လာတာ"

ကောင်တာခုံပေါ်တွင် ထိုင်နေသော ဂျူးမှာ ခုံပေါ်မှလျှောဆင်းလိုက်ပြီး ပုရစ်နားကို လျှောက်လာသည်။

"အန်တီလေး ခါးနည်းနည်းကုန်းပေး၊ အန်တီလေး ကိုယ်သိပူ

www.burmeseclassic.com

www.burmeseclassic.com



လား မပူလား ဂျူး စမ်းကြည့်ချင်လို့''

အားမရှိ၍ ခပ်ယိုင်ယိုင်ရပ်နေသော ပုရစ်မှာ ဂျူးလေးအလိုကျ ခါးအနည်းငယ် ကိုင်းညွတ်ပေးလိုက်သည်။ သူ့လက်ဝါးသေးသေးလေးနှင့် ပုရစ် နဖူးကိုစမ်းပြီး မျက်ခုံးလေးနှစ်ဖက်ရှုံ့သွားကာ

''ဟာ ဖေဖေ အန်တီလေး ကိုယ်တွေအရမ်းပူနေတယ်၊ ဂျူးကိုယ်ပူတုန်းက ဖေဖေကိုယ်တိုင် ဒုံးကျည်ထည့်ပေးရတယ်လေ၊ ခုလည်း ဖေဖေ အန်တီလေးကို ဒုံးကျည် ထည့်ပေးလိုက်ပါလား''

ကလေးဆိုသည့်အတိုင်း သူပြောသည့်စကားသည် သင့်၏မသင့်၏ဆိုတာ ဂျူဂျူးလေး လုံးဝစဉ်းစားမိပုံမပေါ်။

တေဇည်ို ပုရစ်ကို အားနာစွာလှမ်းကြည့်၏။ ပုရစ် မသိချင်ဟန်ဆောင်ပြီး သူ့အဝတ်ထုပ်ကို ဆွဲယူလိုက်သည်။

မျက်နှာပေါ်မှ ရှက်ကိုးရှက်ကန်းအရိပ်ကတော့ ဘယ်လိုမှ ဖုံးဖိ၍မရ။

''သမီး မောင်ထွန်းရော ဘယ်ရောက်သွားလဲ''

တမင် စကားလမ်းလွှဲလိုက်ခြင်းပါ။

''ရှိတယ် ဖေဖေ၊ ဟိုဘက်ဆိုင်မှာ စောစောက အိပ်ငိုက်နေတယ်''

''ဟာ ဒီကောင်ကွာ''

''အဲဒါက အရေးမကြီးပါဘူး ဖေဖေ၊ အခုအရေးကြီးတာက အန်တီလေးက နေမကောင်းဘူးဆိုတော့ ဘယ်အခန်းမှာသိပ်မှာလဲ၊ ဂျူး





အခန်းမှာလား''

''ဂျူးနဲ့အတူ သိပ်လို့မရဘူးလေ၊ သမီးကို အဖျားကူးကုန်မှာပေါ့''

''ဒါဆိုရင် ဖေဖေ့အခန်းမှာ သိပ်မလို့လား''

ဂျူး၏ကလေးအမေးကြောင့် တေဇည်ိုရော ပုရစ်ပူးပါ ရှက်ကိုးရှက်ကန်းဖြင့် အကြည့်ချင်းဆုံလိုက်ကြသည်။

''ဟာ ဒီကလေး မဟုတ်တာက စပြောပြီ၊ သမီးက ဖေဖေနဲ့လာအိပ်ရမှာ၊ သမီးအခန်းကို အန်တီလေး ခဏသုံးပစေလေ''

မျက်လုံးလေး ပေကလပ် ပေကလပ်ဖြင့် စဉ်းစားဟန်ပြုပြီး

''အင်းလေ ဒီမှာ အိပ်ခန်းက နှစ်ခန်းထဲရှိတဲ့ဟာ သမီးအခန်းကို အန်တီလေးကို ပေးသုံးရတော့မှာပေါ့''

''အိုကေ သမီးလေးက လိမ္မာလိုက်တာ''

အလိုက်သိသော သမီး၏ပါးဖောင်းဖောင်းလေးကို တေဇည်ို ချစ်စနိုး နမ်းရှိုက်လိုက်သည်။

''ဒါဆိုရင် အန်တီလေးကို ဖေဖေ ဆေးတိုက်ရမှာပေါ့''

''အင်းပေါ့ သမီးရဲ့''

ဂျူး မျက်လုံးလေး ကလယ်ကလယ်ဖြင့် မရှင်းမရှင်း စဉ်းစားရင်း သူသိချင်တာတွေကို တစ်ခုချင်းမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဂျူး ဖျားရင် ဖေဖေက အကျီတွေ ခဏခဏ လဲပေးရတယ်လေ၊ အန်တီလေးကိုရော ဖေဖေ အကျီလဲပေးရမှာလားဟင်''

ပေါက်တီပေါက်ရှာ မေးခွန်းတွေကို စိတ်ထင်တိုင်း မေးနေ၍ လူကြီးနှစ်ယောက်စလုံး အနေခက်ပြီးရင်း ခက်နေကြသည်။ တေဇညို ပုရစ်ကို အားနာလာသည်။

ကိုယ့်သမီးကြောင့် သူ့ခမြာ အနေခက်နေရှာမှာ။

''ကဲ သမီး ဘာမှထပ်ပြီးရှုပ်မနေနဲ့တော့၊ သွား အန်တီလေးကို သမီးအခန်းထဲ လိုက်ပို့လိုက်''

ဂျူး ကျိုးနေသော သွားတန်းလေးပေါ်အောင် သဘောကျစွာရယ်ရင်း

''ဟုတ်ကဲ့ ဖေဖေ လာ အန်တီလေး အဖျားကူးမှာစိုးလို့ လက်ဆွဲမခေါ်တော့ဘူးနော်၊ ဂျူး အနောက်ကနေလိုက်ခဲ့ ဖေဖေ အန်တီလေးအိတ်ကို ဦးထွန်းကို လာပို့ခိုင်းလိုက်ပါ''

''ကောင်းပါပြီဗျာ ကောင်းပါပြီ''

သူ့ဟာသူ စီမံခန့်ခွဲသွားသော သမီး၏အကင်းပါးမှုကြောင့် တေဇညို သဘောကျစွာရယ်ရင်း ဆိုင်ထဲမှာ ကျန်ခဲ့၏။

ပုရစ် ရင်ထဲမှာ ဘာတွေရှိနေပြီလဲဆိုသည့် သော့ချက်ကို သိထားပြီးမှတော့ ပုရစ်ကို ပိုင်ဆိုင်ချင်စိတ်တွေဟာ ခပ်တိတ်တိတ်ပုန်းခို





နေရာမှ ခုတော့ သိသိသာသာ အုံကြွလာပြီပဲ။

သမီးလေးဂျူး၏အရောက်ပို့သော စကားတွေကို တေဇညို ကျေးဇူးပင် တင်ချင်သလိုလို။

ဒါဟာ နှစ်ယောက်သား နီးစပ်ဖို့ ရှေ့ကိုတစ်လှမ်းတိုးခိုင်းလိုက်သလိုပါပဲ။

ကျေးဇူးပဲ သမီးရေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

ညက တစ်ညလုံး အဖျားတွေတက်နေ၍ မနက်မိုးလင်းခါနီးမှ ပုရစ် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။

ကယောင်ကတမ်းတွေလည်း တစ်ညလုံးပြောသည်။ ဝေဖြိုး အနားတွင် တစ်ချိန်လုံး ရှိနေပေမယ့် ပုရစ်ပြောနေတာတွေကို နားမလည်။

ဖန်လိလုံးဆိုတာ ဘယ်သူလဲ။ ဒီလူ ပုရစ်ကို တော်တော်လေး နှောင့်ယှက်ထားပုံပဲ။ မှန်းတယ်ဆိုတဲ့စကားတွေချည်းပဲ တွင်တွင်ပြော သည်။ အတိတ်တစ်ချိန်က ဘယ်လိုပတ်သက်ခဲ့၍လဲ။

သက်ပြင်းမောကိုခပ်ဖွဖွချပြီး နေမကောင်း၍ ချောင်ကျသွား သည့် ပုရစ်မျက်နှာလေးကို မရှင်းလင်းသော ပဟေဠိတစ်ပုဒ်တွက်နေသလို အဓိပ္ပာယ်မဲ့ ငေးမောနေမိ၏။





နှာတံချွန်မြမြလေး ပေါ်လွင်အောင် အပြုံးရိပ်တို့ အစဉ်ခိုနေ သော နှုတ်ခမ်းနီဖူးဖူးလေးသည် နှမ်းရိုက်စရာကောင်းလောက်အောင် ဝေဖြိုးကို ရင်ခုန်စိတ်လှုပ်ရှားစေသည်။

ပုရစ်ဖူးကို စတင်တွေ့ခဲ့စဉ်ကတည်းက ဖျတ်ခနဲ ခုန်ဝင်လာတဲ့ ရင်ခုန်သံက အသိစိတ်တွေကို တဒင်္ဂတော့ မိန်းမောသွားစေခဲ့ပါ၏။

အချစ်ဆိုတာ သေဆုံးပြီးသား လူတစ်ယောက်လို နောက်တစ် ကြိမ်ထပ်ပြီး မရှင်သန်နိုင်တော့ဘူးဟု ထင်ခဲ့မိသည့် အယူအဆသည် ပုရစ်ဖူးနှင့်ဆုံခဲ့ကြသည့် အချိန်ကာလတွေမှာ တဖြည်းဖြည်း ဝေဝါး ပျောက်ကွယ်လာကာ မသေချာခြင်းတွေဘက်ကို ဦးတည်၍သွားသည်။

သမီးလေးဂျူး၏အမေ ဖြူ့ကိုတစ်ဘဝစာပုံချစ်ခဲ့ပြီး ရုတ်တရက် ထားသွားတော့ ဘဝကို သမီးလေးအတွက်ပဲ ရှင်သန်တော့မည်ဟူသော ဆုံးဖြတ်ချက်ဖြင့် ချစ်ဇနီးခေါင်းချသွားရာ ဒီအိမ်လေးမှာ ဘဝကို ဇာတ် မြှုပ်လိုက်သည်။

ဒါဟာ အချစ်တွေ နောက်ထပ် အသစ်တစ်ဖန် မွေးဖွားစေဖို့ ကံတရား၏စီမံရာလား။

တမလွန်ရောက် ချစ်ဇနီးဖြူ့ကို ခွင့်လွှတ်ပါလို့ပဲ တောင်းပန်ရ လိုဖြစ်နေတဲ့ ကိုယ့်ရဲ့ရင်ထဲက ပုရစ်နှင့်ပတ်သက်သည့်ခံစားမှုတွေသည် တဖြည်းဖြည်း နက်ရှိုင်းလာတာဟာ ကိုယ့်ကိုယ်ကိုပင် ပြန်အံ့သြမိသည်။

ဒီအတွက် ဖြူ့အပေါ်မှာ တရားပါ့မလား။

ပုရစ်နဲ့ပတ်သက်သည့် ခံစားမှုတွေသည် သူ့အလိုလို တိုးဝင် လာတာတော့ ကိုယ်လည်း ဘယ်တတ်နိုင်မလဲလေ။



www.burmeseclassic.com

www.burmeseclassic.com



ကံတရား၏စေစားခြင်းခံရတဲ့ ရပ်တည်မှုတွေထဲမှာ အချစ်တွေ ပြိုယိုင်လဲတိုင်း နောက်ထပ်အချစ်တွေဟာ အသစ်တဖန် ပြန်ရှင်သွေးဖွား လာတိုင်း ပထမချစ်ခဲ့တဲ့အချစ်တွေကရော ဆိတ်သုဉ်းသွားမှာဟဲ့လား။

ဒါတော့ မဖြစ်နိုင်ပါ။ တေဇည်ို့ ရင်ထဲမှာ နက်နက်ရှိုင်းရှိုင်း နှစ်နှစ်ကာကာ ချစ်ခဲ့ရတဲ့ဖြူ့ဟာ ခုချိန်ထိ ရင်ဘတ်ထဲက တစ်ထောင့် တစ်နေရာမှာ ခိုင်မာစွာရှိနေဆဲပါ။ ဖြူ့ကို တစ်နေ့မှ မေ့လို့မရအောင် လွမ်းဆွတ်နေသေးတာဟာ ဘယ်လိုမှ ဖုံးကွယ်လို့မရတဲ့ နက်နဲတဲ့ ခံစားမှု တစ်ခုပါ။

ဖြူ့ရယ် မင်းဟာ မောင့်ရင်မှာ ဘယ်တော့မှ မဆိတ်သုဉ်းနိုင် တဲ့ လတစ်စင်းပါ။

ပုရစ်ကို ထပ်ပြီးချစ်မိသွားတဲ့မောင့်ကို တမလွန်ကနေ ခွင့် လွှတ်ပေးမယ်ဆိုရင် မောင် ဖြူ့ကိုကျေးဇူးတွေ တင်နေမှာပါ။

မောင်နဲ့ပုရစ်ကို နီးစပ်ခွင့်ပေးမယ်ဆိုရင် ပုရစ်ကို မောင် ပိုင် ဆိုင်ချင်သေးတယ်။

မောင့်ကိုလောဘကြီးတဲ့သူအဖြစ် ဖြူ့များ အထင်သေးသွားမ လား။။

ခွင့်လွှတ်ပါလို့ပဲ ထပ်ပြီးတောင်းပန်ရုံကလွဲလို့ မောင့်မှာ ဘာ ပြေရှစ်းချက်မှ မရှိတော့ပါဘူး။

မောင် ပုရစ်ကို ချစ်မိသွားလို့ပါ။

■ ■ ■

[redacted]

## အခန်း (၃၁)

"အင်း ကျွတ် ကျွတ် ကျွတ်"

ခပ်တိုးတိုး ညည်းတွားကာ မျက်လုံးဖွင့်လာသော ပုရစ်သည် ဘေးမှ တေဇည်ို့ရှိနေ၍ ရောဂါတစ်ဝက် သက်သာသလို ရင်ခုန်လှုပ် ရှားသွားရသည်။

"ဒဏ်ရာက နာနေသေးလား ပုရစ်၊ မင်းအိပ်ပျော်နေလို့ ကိုယ် နိုးတော့ဘဲ ဒဏ်ရာကို ဖန်ရေခဆေးပြီး ဆေးလိမ်းပေးထားတယ်၊ ပြီး တော့ ပုရစ် ညက အဖျားတွေတက်တာ သိလား"

"ညက ပုရစ် ဘာတွေဖြစ်မှန်းမသိဘူး"

"ခုတော့ သက်သာသွားပြီ ထင်ပါတယ်၊ ညကလောက် ကိုယ် မပူတော့ဘူး"

နဖူးကိုစမ်းကြည့်ပြီး ဂရုတစိုက် ပြောနေသော တေဇည်ို့

[redacted]

www.burmeseclassic.com

www.burmeseclassic.com



အားနာသောအကြည့်ဖြင့် ကြည့်လိုက်ပြီး

"ပုရစ်ကြောင့် ကိုတေဇသြို့ အိပ်ရေးတွေပျက်ရပြီထင်တယ် ပုရစ် အားနာလိုက်တာ"

"အားနာတဲ့စကားကို ထပ်ခါထပ်ခါ မပြောပါနဲ့ ပုရစ်ရယ် တစ်ယောက်ထဲဖြစ်နေတဲ့ပုရစ်ကို ကြည့်ရှုစောင့်ရှောက်ရမယ့်တာဝန် ကျွန်တော့်မှာရှိနေတယ်လေ"

ပုရစ် ဘာမှပြန်မပြောနေတော့ဘဲ မျက်နှာထသစ်ရန် ကိုယ်ပေါ်မှ ခြုံထားသော ဂွမ်းစောင်ကို ဆွဲဖယ်လိုက်သည်။

"ဟင် ဒီ ဒီဂါဝန်က ဘယ် ဘယ်လိုလုပ်ပြီး ပုရစ်ကိုယ်ပေါ်မှာ အို"

ကိုယ့်ဂါဝန်မဟုတ်သော အဖြူပေါ်မှာ ပန်းရောင်အပွင့်စိပ်စိပ်ကလေးတွေပါသော ဂါဝန်ကို ဝတ်ထားမိ၍ ပုရစ် လှုပ်လှုပ်ရှားရှားဖြစ်သွားကာ မေး၏။

"အဲဒီအတွက် ပုရစ် ကိုယ့်ကို တစ်မျိုးမထင်ပါနဲ့၊ ညက ပုရစ်အဖျားတွေ အရမ်းတက်ပြီး ကယောင်ကတမ်းတွေအော်လို့ ကိုယ်ရေပတ်တိုက်ပေးရသေးတယ်၊ ချွေးတွေလည်း အရမ်းရွှဲနေအောင်ထွက်လာလို့ ချွေးနဲ့ပြန်အအေးပတ်မှာစိုးတာနဲ့ သဘောရိုးနဲ့ ကိုယ့်အမျိုးသမီးဝတ်ခဲ့တဲ့ ဂါဝန်တစ်ထည်ယူပြီး ဝတ်ပေးထားတာပါ၊ အဲ ဟိုလေ ပုရစ်မရှက်ပါနဲ့၊ ကိုယ် မျက်လုံးကို အဝတ်စည်းပြီးမှ လဲပေးတာပါ"

တစ်ဖက်လူက စိတ်ဆိုးမှာစိုး၍ ရှင်းပြနေပေမယ့် ပုရစ်အဖို့တော့ ရှက်လွန်း၍ တစ်ကိုယ်လုံး ထူပူရှိန်းမြကာ ခန္ဓာကိုယ်တစ်ခုလုံး





သေးကျုံ့သွားသလို ရင်ဘတ်တစ်ခုလုံး ပြောင်းဆန်အောင် လှုပ်ရှားသွားသည်။ ရှက်လွန်း၍ နှုတ်ခမ်းသားတွေ တဆတ်ဆတ်တုန်ခါလာသဖြင့် ဘာပြန်ပြောရမှန်းပင် မသိတော့။

ထို့ကြောင့် တေဇသြို့ရှေ့မှာ ဆက်ပြီးမနေရဲတော့၍ ခုတင်ထက်မှဆင်းကာ ရေချိုးခန်းဆီသို့ ကပျာကယာ ထလာလိုက်သည်။

စိတ်တွေလှုပ်ရှားလွန်း၍ ခြေလှမ်းတွေပင် သိပ်ပြီးမနိုင်ချင်။

ကိုယ်မသိလိုက်တဲ့အချိန်တစ်ခုမှာ ကိုယ်ဟာ ယောကျ်ားတစ်ယောက်၏အပြုအစု အယုအယတွေကို အထိန်းအကွပ်မရှိ ရင်းနှီးခွင့်ရသတဲ့။

ခုတော့ သူ့အကြည့်တွေကိုတောင် ရင်မဆိုင်ရဲတော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"ပုရစ် ဒါက ဘယ်လဲ"

"ပုရစ် နေကောင်းသွားပြီလေ၊ ပြန်တော့မယ်၊ အလုပ်ကိုတော့ မနက်ဖြန်မှ ဆင်းတော့မယ်"

"ကိုယ့်ကိုစိတ်ဆိုးသွားတာလား"

ပုရစ် မျက်နှာကို တည့်တည့်စိုက်ကြည့်ပြီး မေးလာသော အဓေ ကြောင့် ပုရစ် မျက်လွှာချကာ မဝံ့မရဲ ခေါင်းခါပြရင်း

"ဟင့်အင်း ကိုယ့်ကျေးဇူးရှင်တစ်ယောက်ကို ပုရစ်က စိတ်ဆိုး စရာလား၊ ပုရစ် ရှက်နေတာ၊ ရှက်လို့ပြန်မှာပါ"

မျက်နှာနီမြန်းနေလောက်အောင် အရှက်သည်းနေသော ပုရ ၏ချစ်စရာကောင်းသော မျက်နှာလေးကိုကြည့်ပြီး တေဇညို ဟက်ခေ



ရယ်လိုက်သည်။

"ရှက်တယ်ဆိုရင်လည်း နောင်အမြဲတမ်း မရှက်ရအောင် ပုရစ်ကို ကိုယ် ယက်ထပ်ခွင့်တောင်းရင်ရော"

ရင်ခုန်သံတွေ အဝိုက်မိသွားအောင် တောင်းဆိုလာသည့် တေဇညို့ထံမှ စကားကြောင့် ခံစားမှုနုနုလေးတွေ ဝူးဝူးဝါးဝါးဖြင့် လန့်ထွက်ကုန်ကြ၏။ တစ်ဖက်သတ်အချစ်ဖြင့်သာ နေသားကျခဲ့သော ရင်အစုံသည် ခုတော့ ပြောင်းဆန်အောင် လှုပ်ရှား၍နေသည်။

ဒါဟာ အိပ်မက်လား တကယ်လား တကယ်ဆိုရင်လည်း ပုရစ် ခေါင်းညိတ်လက်ခံဖို့ မဝံ့ရဲပါ။

အတိတ်က အရိပ်မည်းကြီးတွေ လွှမ်းမိုးနေတဲ့ပုရစ်အနေနဲ့ တေဇညို၏ကမ်းလှမ်းချက်ကို လက်မခံရဲတာဟာ အမှန်တရားတစ်ခု။

"ဖြေလေ ပုရစ် ကိုယ် မင်းကိုလက်ထပ်မယ်၊ မင်းကို ကိုယ် ချစ်တယ်၊ ခုမှ ချစ်သွားတာမဟုတ်ဘူး၊ စတွေ့ကတည်းက မင်းကြောင့် ကိုယ့်ရင်တွေ လှိုင်းထပြီး စိတ်လှုပ်ရှားလာတယ်၊ မင်းကြောင့် ကိုယ်အချစ်တွေ တစ်ဖန်ပြန်သက်ဝင်လာတယ် အဲဒါကို ယုံပါ"

ရင်ခုန်ကြည်မွေ့စရာကောင်းလှသော ချစ်စကားတွေသည် ပုရစ် ဘဝမှာ ဒဏ်ရာဒဏ်ချက်တွေသာ မရှိခဲ့ဘူးဆိုလျှင် ဘယ်လောက် နားထောင်ကောင်းလိုက်တဲ့ စကားလုံးတွေလဲလို့ . . ။

ကျလုလု မျက်ရည်တို့ကို ပုတ်ခတ်ထိန်းလိုက်ပြီး

"ဟင့်အင်း မဖြစ်နိုင်ပါဘူး ပုရစ် လက်မခံပါရစေနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်လက်ခံလိမ့်မည်ဟု ကြိုတင်တွေးဆထားသော အတွေးတို့သည် လက်တွေ့မှာ တက်တက်စင်အောင် လွဲမှားနေပြီး တေဇညို မျှော်လင့်ချက်တွေဖြင့် မောသွား၏။

"ဘာဖြစ်လို့လဲ ကိုယ်က မုန်ဆိုးဖို့ ကလေးတစ်ယောက်အနေနဲ့ လို့လား။ ပုရစ်နဲ့ကိုယ့်ကြားက ကွာဟချက်ကို နားလည်ပေမယ့် တကယ် ချစ်မိသွားကြရင် ဒါတွေက ဟိုးအဝေးကြီးမှာ ခပ်ဝါးဝါးလေး ကျန်ခဲ့မှာပါ"

"ဟင့်အင်း အဲလိုသဘောနဲ့ ငြင်းတာမဟုတ်ပါဘူး။ ပုရစ် ပုရစ်လေ ဘယ်လိုပြောရမလဲတောင် မသိတော့ပါဘူး ကိုတေဇညိုရယ်"

အတိတ်ကို ဖွင့်ဟဝန်ခံချင်ပေမယ့် ပုရစ် တကယ်တမ်းကျတော့ သတ္တိနည်းနေသည်။

"ပုရစ် ကိုယ့်ကိုချစ်လား"

"ရှင်"

"ပုရစ် ကိုယ့်ကိုချစ်နေတယ်ဆိုတာ ကိုယ်သိနေတယ်၊ အင်း သိနေတာမဟုတ်ဘူး။ ပုရစ်ပြောနေတာကို ကိုယ်ကြားတာ"

အရင်ကထက် ပို၍ နူးညံ့တည်ကြည်နေသော တေဇညိုကို ဖျတ်ခနဲ မော့ကြည့်လိုက်သည်။

"ဘယ်လို ပုရစ်ကပြောတယ်၊ ဟင့်အင်း ဘယ်တုန်းကမှ မပြော ခဲ့ဖူးပါဘူး"

"ပုရစ် ပြောခဲ့တာ ပုရစ်တောင် သိမှာမဟုတ်ပါဘူး။ ဒါပေမဲ့ ပုရစ်နှုတ်ကကို တေဇညိုကိုပဲ ချစ်တယ်ဆိုတဲ့ စကားကိုတော့ ကိုယ် သေသေချာချာ ကြားခဲ့ရတယ်"





"ဘယ်တုန်းကလဲ"

"ပုရစ်အိပ်မှာ အဖျားတွေအရမ်းတက်ပြီး ကယောင်ကတမ်း ဖြစ်နေတဲ့မနက်ကလေ၊ ကိုတေဇညိုကိုပဲ ချစ်တယ်ဆိုတဲ့စကားကို ကိုယ့် နားနဲ့ ခုချိန်ထိ စွဲနေသေးတယ်"

"ဟင် တ တကယ်လား ဟင်၊ အို ရှက်လိုက်တာ"

"ကိုယ် ညာမပြောပါဘူး ပုရစ်ရယ်၊ ဒါကြောင့် ကိုယ့်ကို မငြင်းပါနဲ့၊ တစ်ခါချစ်ခဲ့ဖူးတဲ့ ရင်ဘတ်တစ်ခုက နောက်ထပ်ပေါက်ဖွား လာတဲ့အချစ်ကိုလည်း တန်ဖိုးထား မြတ်နိုးရကောင်းမှန်းသိပါတယ်"

ဘာကြောင့်များ ပုရစ်ဟာ ဒီယောကျ်ားရှေ့မှာ အကြိမ်ကြိမ် အရှက်ရစေမယ့်ကိစ္စတွေ ကြုံနေရပါလိမ့်၊ ရဲရဲနီတွေးနေသော ရှက်မျက်နှာ နှင့်။

ခုတော့ ပုရစ်မှာ ထပ်ပြီးငြင်းစရာအကြောင်းပြချက်ကောင်း ကောင်းမရှိတော့။

ခံစားချက်တွေပုံထပ်ပြီး ချစ်ကြစတမ်းဆိုရင် အချစ်နဲ့ထိတွေ့ ဖူးသား ရင်ဘတ်တစ်ခုက နင့်နင့်နဲနဲ ပိုချစ်တတ်ပါ့မလား။

ပုရစ်ကတော့ တေဇညိုကို နင့်နင့်နဲနဲ ချစ်နေမိတာပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"ပုရစ် နေကောင်းသွားပြီထင်တယ်"

"အင်း ဟုတ်တယ် မမ"

"အဟင်း ဒါကြောင့် မျက်နှာလေးက ပိုလှလာပြီး စွဲမက်စရာ ပိုကောင်းနေတာကိုး"

ခပ်မှုန်းမှုန်းရယ်ရင်း နောက်နေသဖြင့် မလုံမလဲသောအကြည့်ဖြင့် မမနှင်းပန်းကို ကြည့်လိုက်သည်။

"မမကလည်း နေမကောင်းဖြစ်ထားလို့ ဒီလောက်မျက်နှာတွေ ချောင်ကျသွားတာကို"

"ဒါပေမဲ့ တေဇညီရဲ့အပြုစု အယုအယကြောင့် စိတ်ချမ်းမြေ့ပျော်ရွှင်ခဲ့ရတယ်ဆိုတာတော့ ငြင်းလို့မရပါဘူးနော်"



လက်ညှိုးထိုးပြီး အတိအကျပြောဆို ဝေဖန်နေသော မမနှင်းပန်းကို လိမ်၍မရမယ့်အတူတူ ခပ်လွင်လွင်လေးရယ်ကာ ခေါင်းဆတ်ပြလိုက်သည်။

"ဟုတ်တယ် မမ၊ ပုရစ်လေ နေမကောင်းဖြစ်ခဲ့ပေမယ့် ဝေဒနာထက် ရင်ခုန်ရတဲ့ဝေဒနာက ပိုမယ်ထင်တယ်"

ပုရစ် စကားကြောင့် ကျေနပ်သောအပြုံးကိုပြုံးပြီး နှင်းပန်း ပုရစ်ကို သေချာကြည့်လိုက်သည်။ တကယ်ပါပဲ ပုရစ်မျက်နှာပေါ်မှာ ချစ်ခြင်းမေတ္တာတွေ ယခင်ကထက် ပို၍ လင်းလက်နေသည်။

"ပုရစ်ကို သူချစ်တယ်လို့ပြောတယ်၊ အဲဒီစကားသံကို သူ့ဆီက မထင်မှတ်ဘဲ ကြားလိုက်ရတော့လေ ပုရစ်စိတ်တွေ ညို့ချက်မိနေတဲ့ သားကောင်လို အသိစိတ်တွေ သူ့အလိုလို ထုံထိုင်းသွားတယ်၊ ခန္ဓာကိုယ်တစ်ခုလုံး လေထဲမြောက်သွားသလိုမျိုးကြီးလည်း ခံစားရတယ်၊ စိတ်ထဲမှာ ပျော်သလိုလို ဝမ်းနည်းသလိုလိုနဲ့ တစ်မျိုးကြီးပဲ"

"အဲဒါ အချစ်ပေါ့ ပုရစ်လေးရဲ့၊ ဒီတော့ တစ်ခါတည်း ခေါင်းညိတ်အဖြေပေးလိုက်ရောလား"

"ဟင့်အင်း ပုရစ် စဉ်းစားပါရစေဦးလို့ပဲ ပြောခဲ့တယ်"

"သူက လူကောင်းပဲ ပုရစ်ရယ်၊ ဘာကြောင့်အချိန်ဆွဲနေမှာလဲ မမသာ ပုရစ်နေရာမှာဆိုရင် တစ်ခါတည်းပဲ အဖြေပေးလိုက်တယ်"

"ဟာ မမကလည်း ရှက်ပါတယ်၊ သူ့မျက်လုံးရွှဲကြီးနဲ့ လူကိုစိုက်ကြည့်တဲ့အကြည့်နဲ့တောင် ပုရစ် ရင်တွေပြောင်းဆန်အောင် လှုပ်ခတ်

www.burmeseclassic.com

www.burmeseclassic.com



နေတာ ပုရစ်သာ သူ့ချစ်သူဖြစ်ကြည့် သူ့အချစ်ကြောင့် ရူးသွပ်သွားမလားပဲ''

''ဒါဆို ပုရစ် ရင်ထဲက အချစ်က စစ်မှန်တဲ့အချစ်လို့ ပြောလို့ရမယ်ထင်တယ်၊ သူကလည်း တကယ်ချစ်တတ်ပြီး အချစ်ကို တန်ဖိုးထားတဲ့ယောကျ်ားတစ်ယောက်ပါ''

''ပုရစ် တစ်ခါမှ မချစ်ဖူးသေးဘူး မမ''

''ဂျူးလေးကိုရော ပုရစ်အနေနဲ့ မိခင်မေတ္တာမျိုးနဲ့ တစ်သက်လုံး ချစ်သွားနိုင်ပါ့မလား၊ တော်ကြာ လက်ထပ်ပြီး ကိုယ့်မျိုးဆက်က ကလေးထွက်လာမှ ဂျူးလေးအပေါ် စိတ်ပြောင်းသွားရင်ရော''

ထိုအမေးကိုတော့ ပုရစ် ရဲရဲကြီး ဖြေပေးနိုင်သည်။ ဂျူးလေးဆိုတဲ့ကလေးကို ပုရစ်ဘက်က အရင်မြင်မြင်ချင်း သံယောဇဉ်တွယ်ခဲ့မိတာဖြစ်သည်။

ဒီကလေးကို ချစ်မိသွားတာဟာ ရေးရေစက်ကြောင့်ပဲ ထင်သည်။

''ဂျူးလေးအပေါ်မှာ ပုရစ် ဘယ်တော့မှ စိတ်ပြောင်းမှာ မဟုတ်ဘူး။ မမ ကိုတေဇညို ပုရစ်ကိုချစ်တယ်လို့မပြောခင် လုံးဝ မမျှော်လင့်ခဲ့တဲ့အချိန်ကတည်းက ဂျူးလေးကို သံယောဇဉ် တွယ်ခဲ့တာပါ၊ အချစ်ရိပ်မှာ အလုပ်စဝင်ရမယ်ဆိုတာ သိလိုက်တော့ ပုရစ် အတိုင်းမသိဝမ်းသာခဲ့တယ်၊ ဂျူးလေးနဲ့ရင်းရင်းနှီးနှီး နေခွင့်ရပြီဆိုပြီးတော့လေ''

''မမ ဝမ်းသာပါတယ် ပုရစ်ရယ်၊ ဒီသားအဖနဲ့ သင့်လျော်တဲ့



အဖော်မွန်ကောင်းဟာ ပုရစ်လို မိန်းကလေးကလွဲပြီး ဘယ်သူမှမဖြစ်နိုင်ပါဘူး။ မမတော့ ပုရစ်လေးအစား ဝမ်းမြောက်ဂုဏ်ယူတယ်၊ ဂျူးလေးဘဝရှေ့ရေးအတွက်လည်း သူ့ကိုထိန်းကျောင်းပဲ့ပြင်ပေးမယ့် မိခင်ကောင်းတစ်ယောက်ရတဲ့အတွက် စိတ်ပူစရာမလိုတော့ဘူးပေါ့''

မမနှင်းပန်း မျက်နှာသည် ပျော်ရွှင်နေသလို အရိပ်အယောင်ဖြင့် နေရောင်ခြည် အလုံအလောက်ရ၍ ပွင့်လာသော ပန်းတစ်ပွင့်လို လှပကာ မျှော်လင့်ချက်တွေနှင့် ကြည်မွေ့နေ၏။

ပုရစ်မှာသာ မမနှင်းပန်း ဘာကြောင့် ဒီလောက်ပျော်ရွှင်သွားရသလဲဆိုတာ ဝိရောဓိဖြစ်နေရသည်။ နောက်ဆုံးတော့ မမဟာ အရမ်းကိုစိတ်နှလုံးဖြူစင်မွန်မြတ်သော အမျိုးသမီးတစ်ယောက်ဟု ခပ်ရိုးရိုးလေးတွေးပြီး မမနှင့်အိမ်နီးနားချင်းဖြစ်ရတာ ကိုယ့်ကိုကိုယ် ဂုဏ်ယူကျေနပ်သွားမိသည်။

ပုရစ် ဘဝသည် အရင်လို မျက်တောင်ပုတ်ခတ် ပုတ်ခတ်နှင့် ရှေ့ခရီးကို မရဲတရဲ လျှောက်စရာမလိုတော့လောက်အောင် မျှော်လင့်ချက်တွေသည် ကြည်လင်သော တိမ်ပြာပြာတွေအောက်မှာ ဝင်းလက်တောက်ပ၍နေ၏။

အတိတ်စာမျက်နှာတွေသာ ပုရစ်အနာဂတ်ကို မဖျက်ဆီးဘူးဆိုရင်ပေါ့. . .။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"ဘာအလိုရှိပါသလဲ အဘ"

မှန်တံခါးကိုတွန်းဖွင့်ပြီး ဆိုင်ထဲဝင်လာသော ဦးထော်ကို ပုရစ်ဘက်က စတင်ပြီး အပြုံးနှင့်ဆီးကြိုမေးလိုက်သည်။

"အေး ဒီလိုပါပဲ အိမ်အတွက် လိုအပ်တာလေးတွေ ဝယ်မလို့ကွ"

"ဟုတ်ကဲ့ ကြည့်ပါ အဘ၊ ပစ္စည်းအသစ်တွေက မနေ့ကမှ ဝင်လို့ ဗီရိုပြီးတော့ ပစ္စည်းစုံတယ်"

ဖျိုသာဖော်ရွေသော ပုရစ်ကို ဦးထော် သတိထားမိသွားသည့်အလား၊ မျက်မှောင်နှစ်ဖက်ကို ကျုံ့ပြီး၊ အသေအချာ ပြန်ကြည့်သည်။

"နို့ နေပါဦး၊ ငါတူမကြီးကို မြင်ဖူးသလိုလိုရှိတယ်လို့ မှတ်နေ





ဘာ၊ မင်းခွေရဲ့တူမကိုး"

ဦးထော် မှတ်မိသွားသည်မို့ ပုရစ် ရယ်ပြုလိုက်ပြီး

"ဟုတ်ကဲ့ အဘ"

"အေး ဒီခေတ်လူငယ်တွေများ အံ့သြပါ့ကွာ၊ ယောက်ျားပေးစားတာကို မလိုချင်တာနဲ့ ဒီလိုချောင်ကျတဲ့မြို့လေးမှာ တစ်ယောက်ထဲလာနေရတယ်လို့ သတ္တိကတော့ မခေဘူးပဲ"

ဦးထော် စကားကြောင့် ပုရစ် မျက်နှာပျက်သွားသလို ကောင်တာတွင် ငွေစာရင်းတွေလုပ်နေသော တေဇညိုသည်လည်း ဦးထော်နှင့် ပုရစ် ရှိရာဘက်သို့ ဖျတ်ခနဲ လှမ်းကြည့်သည်။

အမှန်ဆို ပုရစ်၏နောက်ကြောင်းရာဇဝင်ကို တေဇညိုတောင် မသိတာ။ ဦးထော် ဆိုသည့်အဘိုးကြီးက ဘာကြောင့်သိနေရသနည်း။ သူပြောသလို ပုရစ်ကရော တကယ်ပဲ ယောက်ျားမလိုချင်လို့ လာပြီး ရှောင်နေတာလား။

ဒါဆိုလျှင် ပုရစ်ယောင်ပြီး ပြောခဲ့သည့် ဖန်လိလုံးဆိုသည့်လူဟာ ပုရစ်ရှင့်သဘောတူသည့်လူပေါ့။

အတွေးတို့ ချက်ချင်းယောက်ယက်ခတ်ကာ စာရင်းပင် ဆက်လုပ်၍မရတော့သဖြင့် စာရင်းလုပ်ထားသည့်ဖိုင်တွေကို ပြန် ဆော့ဖ်ကာ ကွန်ပျူတာစလုပ်ကို ပိတ်ပစ်လိုက်သည်။

ဈေးဝယ်ပြီး ပြန်ထွက်သွားသော ဦးထော်ကိုပင် သတိမထားမိတော့။ ကောင်တာပေါ် လက်နှစ်ဖက်ထောက် မေးတင်ပြီး ငူငူကြီးထိုင်



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်၏။ စိတ်ထဲမှာ စိုးရိမ်နေတာက ဖန်လ်လုံးဆိုတဲ့လူကို ပုရစ် စိတ်ပြန်လည်သွားမှာကိုပဲ . . ။

"ကို ဘာတွေတွေးနေတာလဲ"

လက်ကိုလှာပုတ်ပြီး မေးလိုက်သော ပုရစ်အသံကြောင့် တေဇညို့အတွေးတို့ ယောင်ယက်ခတ်နေရာမှ စိတ်တွေကို ပြန်ပြီးစုစည်းလိုက်သည်။

"ဩော် ဘာ ဘာမှမတွေးပါဘူး၊ ကိုယ် ပုရစ်ကို ဆုံးရှုံးလိုက်ရရင်ဆိုတဲ့ အတွေးကြီး ရုတ်တရက်ဝင်လာလို့ သတိလက်လွတ်ဖြစ်သွားတာ"

"ဟင် ဘာမှမတွေးဖူးလဲဆိုသေးတယ်၊ ခုတွေးနေတာပဲ မဟုတ်လား"

"ဟုတ်တယ် အဲဒီအတွေးက အရေးကြီးတယ်၊ ပုရစ်ကို မေးစရာရှိတယ်"

"ဘာမေးမလို့လဲ မေးလေ ကိုရဲ့"

"ဖန်လ်လုံးဆိုတဲ့လူက ဘယ်သူလဲ"

"ရှင်"

သွေးစုတ်ဖြူလျော်သွားသော ပုရစ်မျက်နှာပေါ်မှာ ထိတ်လန့်ခြင်းတွေပါ ရောမွှေသွား၍ တေဇညို့ ပုရစ်ကို သေချာအကဲခတ်လိုက်သည်။

"ပုရစ် ဘာဖြစ်သွားတာလဲ"





တေဇညို့ အမေးကို ချက်ချင်းမဖြေရဲသေး။ တံတွေးတစ်ချက်ကို နင့်သီးစွာ မျိုချလိုက်ပြီး တုန်ခိုက်နေသော ခန္ဓာကိုယ်ကို တည်ငြိမ်အောင် ထိန်းလိုက်ပြီး

"ဟို ဘာ ဘာမှမဖြစ်ပါဘူး"

ပုရစ် ပြီးစလွယ် ညာလိုက်ပေမယ့် တေဇညို့ လက်မခံ၊ ခေါင်းကို ခပ်ဖြည်းဖြည်းခါပြီး မသိမသာ တုန်ယင်နေသော ပုရစ် လက်နှစ်ဖက်ကို နှစ်သိမ့်အားပေးသည့်အနေနှင့် ခပ်ဖွဖွ ဆုပ်ကိုင်လိုက်ပြီး

"မဟုတ်သေးဘူး ပုရစ်၊ မင်းပုံစံက ဖန်လ်လုံးဆိုတဲ့ နာမည်ကိုလည်းကြားရော အရမ်းကို တုန့်လှုပ်သွားသလိုပဲ၊ အတိတ်တစ်ချိန်က ဖန်လ်လုံးနဲ့ ဘယ်လိုပဲပတ်သက်ခဲ့ ပတ်သက်ခဲ့ ကိုယ်နဲ့ပုရစ်တို့နှစ်ယောက်ကြားကို ဒီလိုကိစ္စမျိုးတွေ အဝင်မခံနိုင်ဘူး၊ ကိုယ် ပုရစ်ကိုချစ်တယ်၊ ကိုယ်နဲ့မတွေ့ခင်မှာ ပုရစ် ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ကိုယ် နားလည်ပေးလို့ရတယ်"

မည်မျှပင် ချွေးသိပ်ပေးနေစေကာမူ ပုရစ်ရင်ထဲက ပူပန်မှုတွေက တစ်ပြားသားမှ လျော့သွားတာမှ မဟုတ်တာ။ ပုရစ်ဟာ တစ်ခုလပ်လည်းမဟုတ်ခဲ့ဘူး။ ဘယ်ယောကျ်ားနဲ့မှလည်း မငြိစွန်း မရှုပ်ပွေခဲ့ဘူး။ ဒါကို ကိုယ့်ချစ်သူရှေ့မှာ ရဲရဲကြီး သက်သေပြနိုင်ပေမယ့် ပုရစ်ဟာ မာဆတ်မှာလုပ်ခဲ့ပြီး လူသတ်တရားခံဖြစ်ခဲ့တယ်ဆိုတာကိုတော့ ပုရစ် ဘယ်လိုဖွင့်ပြောရမလဲ။

ဒါဟာ သိပ်ကိုအကျည်းတန်သည့် အရိပ်မည်းကြီးတစ်ခုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေသည်မို့ တေဇည်သာသိလျှင် ပုရစ်ကို အထင်သေးရုံတင်မက ဇက်ဆုတ်ရွံရှာသွားနိုင်မည်မှာ အသေအချာ။

ဒီအချိန်မှာ ပုရစ်ရဲ့အတိတ်ကြောင်းကို မသိချင်ပါနဲ့။ ကို ထင်ထားသလို ကိစ္စမျိုးတွေ ပုရစ်မှာမရှိပါဘူး။ ပုရစ်ဟာ ခုချိန်ထိ ဘယ်ယောကျ်ားနဲ့မှ မငြိစွန်းသေးတဲ့ အပျိုစင်တစ်ယောက်ပါဆိုတာကိုတော့ သစ္စာဆိုပြရဲပါတယ် ပုရစ်ကို ယုံပါ။

ညှိုးရိပ်သမ်းသွားသော ပုရစ်မျက်နှာကိုကြည့်ပြီး ဘာသံသယမှ မရှိပုံမျိုးဖြင့် တေဇည် ပြုံးလိုက်သည်။

"ဟာကွာ ကိုယ်က ပုရစ်ကို မယုံဘူးလို့ စွပ်စွဲပြောဆိုနေလို့လား၊ စိတ်ချ ပုရစ်မှာ ဘယ်လိုအမှားမျိုးတွေ ရှိနေပါစေ ကိုယ့်ရင်ထဲက ပုရစ်ကိုချစ်တဲ့အချစ်က တစ်ပြားသားမှ လျော့မသွားဘူး၊ လောကကြီးမှာ လူတိုင်းအပြစ်ကင်းကြတာမှ မဟုတ်တာ"

အလိုက်သိ နားလည်လွန်းသော ချစ်သူ၏ချွေးသိပ်စကားတွေက ရင်ထဲက သောကတွေကို ပြေပျောက်မသွားပေ။

ပုရစ် အဖြစ်က အိပ်မက်ဆိုးကြီးထဲက နိုးတစ်ဝက် မနိုးတစ်ဝက်နှင့် အနာဂတ်ကို ရဲရဲမျှော်မကြည့်ရဲတဲ့ မိန်းကလေးတစ်ယောက်ပါ။

■ ■ ■



## အခန်း (၃၉)

"အစ်ကို ဆိုင်ကို လူတစ်ယောက် လာသွားတယ်"

မောင်ထွန်း စကားကြောင့် တေဇည် မျက်မှန်နှစ်ဖက် မြင့်တက်ကာ ကြောင်ရန်ကောဟူသောအကြည့်ဖြင့် ကြည့်လိုက်သည်။

"မောင်ထွန်း မင်း အိုင်ကျူရော ကောင်းသေးရဲ့လား"

"ဗျာ"

တေဇည် စကားကို မောင်ထွန်း မျက်လုံးအပြူးသားဖြင့်ပြန်၍ ဗျာလိုက်သည်။

"ငါက စတိုးဆိုင်ဖွင့်ထားတာလေ၊ ဒီဆိုင်ကပစ္စည်းကို လူတွေလာမဝယ်လို့ နွားတွေ ကျွဲတွေ မြင်းတွေ လာဝယ်မှာလား"

"အယ် ဒီ ဒီလိုဆိုလိုတာမဟုတ်ဘူးလေ အစ်ကိုရဲ့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ပြောထဲ့သူတစ်ယောက် လာသွားတယ်ဆိုတာက ဈေးလာဝယ်တာ မဟုတ်ဘူး"

"ဒါဆို ဘာလာလုပ်တာလဲ၊ ငါ့ကို လာမေးတာလား"

ခုချိန်ထိ စကားကို လိုရင်းရောက်အောင် မပြောရသေးသဖြင့် မောင်ထွန်း၊ အူကြောင်ကြောင်ဖြစ်ကာ ခေါင်းကိုစုံကုတ်လိုက်ပြီး လိုရင်းကိုသာ ခပ်မြန်မြန် ဒဲ့ပြောလိုက်တော့သည်။

"ပုရစ်ကို လာမေးတာ"

"ဟင်"

ဒီတစ်ခါ တေဇညို မအံ့သြဘဲ မနေနိုင်။ ပုရစ်ကို ဘယ်သူက လာမေးတာလဲ။ ဦးမင်းဆွေလား။ ဒါလည်းမဖြစ်နိုင်။

သို့သော် ပို၍ကျိန်းသေစေရန်

"အန်ကယ် ဦးမင်းဆွေလား"

"ဟာ မဟုတ်ဘူး အန်ကယ် ဦးမင်းဆွေဆိုရင် ကျွန်တော်သိတာပေါ့ အစ်ကိုရ၊ ခုဟာက သူမဟုတ်ဘူး၊ ကျွန်တော်တို့အရွယ်လူတစ်ယောက်၊ ပုံစံကတော့ ခပ်ဟော့ဟော့ပဲ၊ ရုပ်ကလည်းဖြောင့်တယ်"

ရင်ထဲမှာ ကျင်ခနဲ ခံစားလိုက်ရသည်။ မနာလိုစိတ်လား ဆုံးရှုံးရမှာကြောက်သည့်စိတ်လားဆိုတာတော့ မဝေခွဲတတ်တော့။

"ဘာကိစ္စ လာမေးတာလဲ"

"ပုရစ်ဖူး ဒီဆိုင်မှာ အလုပ်လုပ်သလားလို့ လာမေးတာပဲ"

"အေးလေ မင်းက ဘယ်လိုဖြေလိုက်လဲလို့"





မောင်ထွန်း စကားကြောင့် လူက သိပ်စိတ်မရှည်ချင်တော့။ လိုရင်းရောက်အောင် ပြောဖို့ တိုင်ပတ်နေရသလားဟု အပြစ်တင်စိတ်ဖြင့် ခပ်ငေါက်ငေါက် မေးလိုက်သည်။

"ဟုတ်ကဲ့ လုပ်ပါတယ်လို့ ဖြေလိုက်တယ်"

"ဟာကွာ မင်းကတော့"

"ဟို ကျွန်တော်လည်း ဘာမှန်းမသိတာနဲ့ အမှန်အတိုင်း ပြောလိုက်မိတာပါ"

"အေး မင်းအမှန်အတိုင်းပြောလိုက်လို့ အဲဒီလူက ပုရစ်ကို နှောင့်ယှက်မယ့်လူဆိုရင်ရော မင်း ဘယ်လိုလုပ်မလဲ"

"ဒါ ဒါတော့ ကျွန်တော် မစဉ်းစားလိုက်မိဘူး"

မောင်ထွန်း အပြစ်ရှိသူတစ်ယောက်လို မျက်နှာငယ်ဖြင့် ဖြေရှင်းချက်ပေး၏။

"နောက်ထပ် သူ ဘာပြောသွားသေးလဲ"

"ပုရစ် ဘယ်တုန်းက ပြန်သွားတာလဲလို့ မေးလို့၊ ကျွန်တော်လည်း အစ်ကိုတို့ မောင်းထွက်သွားတဲ့ကားကို လက်ညှိုးထိုးပြလိုက်ပြီး ဟောဟိုမှာလေ ခုပဲ ပြန်သွားတာလို့ ပြောလိုက်တယ်"

"ဟာ သေစမ်းကွာ ဘယ်အရာမဆို မှန်တိုင်းလည်းမကောင်းဘူးကွ၊ မောင်ထွန်းရ ခု မင်းကတော့ သဘောရိုးနဲ့ အမှန်အတိုင်းပြောလိုက်ပေမယ့် အဲဒီလူက ပုရစ်ကို ဒုက္ခပေးမယ့်သူဖြစ်နေရင် ဘယ်လိုလုပ်မလဲ၊ ပုရစ်က ညဆို တစ်ယောက်ထဲနေရတာကွ"



www.burmeseclassic.com

www.burmeseclassic.com



ပုရစ်အတွက် စိုးရိမ်ပူပန်စိတ်ဖြင့် မောင်ထွန်းအပေါ်ကိုသာ အပြစ်တွေပုံချ၍နေ၏။

သူ့အမှားသူသိ၍ ငြိမ်ကုတ်နေသော မောင်ထွန်းကိုလည်း ဆက် ပြီး အပြစ်မတင်ချင်တော့။ ဆိုင်လေးထဲမှာ လူလာခေါက်တဲ့လျှောက်ရင်း ပုရစ်ဆီ ဖုန်းဆက်ဖို့ အကြံရသွားသည်။

■ ■ ■

ခြံဝတွင် ရစ်သီရစ်သီလုပ်နေသော ဖန်လိလုံးကို ရိပ်ခနဲတွေ့ လိုက်ရ၍ ပုရစ်မှာ တစ္ဆေတစ်ကောင်ကို တွေ့လိုက်ရသလို သည်းခြေပျက် ကြောက်လန့်သွားပြီး လူတစ်ကိုယ်လုံး ဇောချွေးတွေပင် ပြန်၍လာသည်။

ပုရစ်ကို ဖန်လိလုံးတွေ့သွား၍မဖြစ်။ ဖန်လိလုံးသာ ပုရစ်ကို တွေ့သွားခဲ့လျှင် ပုရစ်ဘဝကတော့ တေဇညီနှင့်ဝေးပြီး ဘဝပါဆုံးမည် ကိန်း။

ပုရစ် ကြံရာမရဖြစ်ကာ အိမ်ထဲတွင် ဂနာမငြိမ် ဖြစ်နေစဉ်မှာ ပင် အိမ်ကလေးပေါ်သို့ နှင်းပန်းတက်လာသည်။

ပုရစ် အားတက်သရော ဖြစ်သွားကာ

"မမ ပုရစ်ကိုကယ်ပါဦး၊ ဟိုလူ ပုရစ်ကိုများ ရှာတွေ့သွားလား မသိဘူး၊ စောစောက ခြံရှေ့မှာ ရိပ်ခနဲ တွေ့လိုက်လို့"

"သိတယ် မမ သိနေလို့ ညီမလေးကို ကူညီဖို့ ရောက်လာတာ ပေါ့"

"ဒါ ဒါဆိုရင် ပုရစ် ဘယ်လိုလုပ်ရမလဲဟင်"





ကြောက်ရွံ့စွာဖြင့် အလောတကြီး မေးနေသော ပုရစ်ကိုကြည့် ပြီး နှင်းပန်းကရုဏာသက် သနားသွားကာ အကြံတစ်ခု ထုတ်လိုက် သည်။

"အိမ်ရှေ့တံခါးမကြီးကို သော့ခတ်ထားလိုက်ပြီး အမှောင်ချ ထားလိုက်၊ လတ်တလောတော့ သူ ရှာတွေ့မှာမဟုတ်ဘူး၊ ဒီအိမ်မှာ ပုရစ်နေတယ်ဆိုတာသာ သိသွားရင် သူ အနေနဲ့အမြန် ခြံထဲဝင်လာမှာ၊ ဒါပေမဲ့ သော့ပိတ်ထားတဲ့အတွက် ဒီတစ်ညတော့ လွတ်အောင်ရှောင်နိုင် လောက်တယ်"

မမနှင်းပန်း ပေးသည့်အကြံသည် ယုတ္တိတန်နေ၍ ထိုအတိုင်း ပင် စီစဉ်လိုက်သည်။

အိမ်ထဲ မီးအမှောင်ချကာ နှင်းပန်းက အပြင်မှသော့ခတ်ပေး သည်။

"ခြော် ပုရစ်ရေ တေဇညီ ဖုန်းပေးထားတယ်မဟုတ်လား၊ ဖုန်းပိတ်ထားလိုက်ဦး၊ တော်ကြာ ညဘက်ဆက်နေရင် အားလုံးပြဿနာ တက်သွားမယ်၊ ဒီလူလာတဲ့အချိန် ဖုန်းမြည်လာရင် မလွယ်ဘူး"

အခန်းအပြင်မှ အသံခပ်အုပ်အုပ်ဖြင့် သတိလှမ်းပေးသဖြင့် တုန်ယင်သောလက်ဖြင့် ဖုန်းကိုလှမ်းယူကာ ကမျာကယာ ပိတ်လိုက်သည်။

အိမ်ရှေ့သော့ခတ်ပြီး သိပ်မကြာလိုက်၊ ခြံရှေ့တွင် ကားရပ်သံ ကို ကြားလိုက်သည်။ ညသည် အမှောင်ဘက်သို့ သိပ်မကူးသေးခင် ခြံထဲဝင်လာသူမှာ ပုရစ်လား ဖန်လိလုံးလားဆိုသည်ကို ကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



ခွဲခြားနိုင်သည်မို့ တရုတ်ကပ်မှန်တွေကြားထဲမှ အပြင်ကို အသာချောင်း ကြည့်လိုက်သည်။

"အမလေး ဘုရားရေ ဖန် ဖန်လ်လုံးမှ ဖန်လ်လုံးအစစ်ပါလား သွားပါပြီ ငါတော့ ဒုက္ခအကြီးအကျယ်ရောက်တော့မယ် ထင်ပါရဲ့"

ပုရစ်ခမြာ ရင်တွေအဆမတန် တုန်ခိုက်လာပြီး လူက မတ် မတ်တောင် မရပ်နိုင်တော့။ တံခါးမကြီးကို ကျောမှီကာ ကတုန်ကယင် ဖြင့် အားအင်ချိနဲ့စွာ ထိုင်ချလိုက်သည်။

မျက်ရည်တို့သည် ဘယ်အချိန်ကတည်းက ပါးပြင်ပေါ်ကျဆင်း နေသည်မသိ လက်ပေါ်သို့ တစ်စက်ချင်းကျလာ၏။

ထိုစဉ်

"ဘယ်သူနဲ့တွေ့ချင်လို့လဲ မောင်လေး"

မမနှင်းပန်းအသံကို ပုရစ် အတိုင်းသားကြားနေရသည်။ စိတ်ထဲ မှပင် ကျေးဇူးတွေအကြိမ်ကြိမ် တင်နေမိသည်။

"ဒီမှာ ပုရစ်ဖူး နေတယ်မဟုတ်လား"

"ပုရစ်ဖူး ဟုတ်လား အဟင်း အရင်ကတော့ နေတယ်ကွဲ့ ခုတော့ မနေတော့ဘူး"

"ဗျာ ဘာဖြစ်လို့လဲ"

ဖန်လ်လုံး၏အမေးကို မမနှင်းပန်း ချက်ချင်းပြန်မဖြေ။ ရယ်သံ ခပ်တိုးတိုးသာ ကြားရ၏။

"ဘာဖြစ်လို့ မနေတော့တာလဲ ဘယ်ကိုပြောင်းသွားလို့လဲ





အစ်မ ဘယ်တုန်းကပြောင်းသွားတာလဲ"

မေးခွန်းတွေကို လောဘတကြီးမေးနေသော ဖန်လ်လုံးကိုပင် ပုရစ် ရဲရဲမကြားနိုင်။ ကြောက်စိတ်တွေသာ ကြီးစိုးနေသဖြင့် အသက်ပင် ခပ်ရဲရဲမရှူနိုင်။

"ဘယ်ပြောင်းသွားတယ်ဆိုတာတော့ အစ်မ မသိဘူး၊ သူ ဒီမှာမနေရတဲ့အကြောင်းအရင်းက လူတစ်ယောက် သူ့ကို လာရှာမှာစိုး လို့လေ"

"ဩော် ဒီလိုလား။ သူက ကျွန်တော့်ထက် တစ်ကွက်ကျော်မြင် သွားတာကိုး"

"ဒါနဲ့ ငါ့မောင်က ဘယ်ကလဲ"

"ကျွန်တော် ရန်ကုန်ကပါ၊ ပုရစ်ရဲ့ချစ်သူပေါ့၊ သူ့ကိုကျွန်တော် ခွဲနိုင်ဘူး၊ သူနဲ့ကျွန်တော် မပြီးသေးတဲ့ပြဿနာတွေ ဖြေရှင်းရဦးမယ်၊ ဒါကြောင့် သူ့ကိုလာခေါ်တာပါ"

အိမ်ထဲမှ ကြားနေရသော ပုရစ်မှာ လာခေါ်တာဟူသော စကား ကြောင့် ကြက်သီးတွေ တဖြန်းဖြန်း ထသွားမိသည်။

"အစ်မ ပြောင်းသွားတာရော ဟုတ်ရဲ့လား"

"ဟုတ်တယ် အစ်မက မင်းကိုလိမ်ပါ့မလား၊ ဟော ဟိုမှာကြည့် အိမ်တံခါးသော့ပိတ်ထားတာ"

ဖန်လ်လုံး အိမ်တံခါးသော့ခတ်ထားတာတွေ့ပေမယ့် ပုရစ် ပြောင်းသွားသည်ဆိုတာကိုတော့ သိပ်မယုံချင်။ သူလာတာ ကြိုသိနေမှ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဒါဟာလည်း လှည့်ကွက်တစ်ခု မဖြစ်နိုင်ဘူးလား။

"ဒါနဲ့ အစ်မက ဒီမှာနေတာလား"

"ဟင့်အင်း ဟိုဘက်ခြံမှာနေတာ"

နှင်းပန်း ညွှန်ပြရာကို ဖန်လ်လုံး လှမ်းကြည့်လိုက်သည်။ အိုမင်းဟောင်းနွမ်းနေသော တိုက်အိုကြီးတစ်လုံးကို တွေ့ရသည်။

"ငါ့မောင်လည်း ပြန်ပါတော့ ဒီမှာလာရှာလို့ကတော့ သူ့ကိုတွေ့ရမှာမဟုတ်ဘူး။ အဲ မှာစရာရှိရင်တော့ အစ်မနဲ့မှာခဲ့လိုက်၊ သူ့ကို လမ်းမှာကြုံကြိုက်လို့ တွေ့ခဲ့ရင် ပြန်ပြောပြမလို့ပါ"

"ကျွန်တော် သူ့ကိုအရေးတကြီးတွေ့ချင်နေတယ်လို့ ပြောပေးပါ အစ်မ"

"ကောင်းပြီလေ၊ အစ်မ ပြောပေးပါမယ်"

"ဒါဆို ကျွန်တော့်ကို ခွင့်ပြုပါဦး"

နှင်းပန်းကို နှုတ်ဆက်ပြီး ကားရှိရာသို့ မျှော်လင့်ချက်မဲ့သော ခြေလှမ်းတွေဖြင့် ပြန်လျှောက်သွား၏။

ခြံရှေ့မှာ မောင်းထွက်သွားသော ကားသံကြားမှ ပုရစ် အသက်ကို ခပ်ပြင်းပြင်းရှူပြီး သက်မမောကို ဟူးခနဲ မှုတ်ထုတ်လိုက်သည်။

ရင်တွင်းအပူ ခဏတော့ ငြိမ်းသွားပြန်၏။

■ ■ ■

## အခန်း (၃၆)

ပုရစ်များ တစ်ခုခုဖြစ်မလားဆိုသည့် ပူပန်စိတ်ဖြင့် တေဇညို ပုရစ်ထံ ဖုန်းတွေအဆက်မပြတ် ခေါ်သည်။ ဖုန်းပိတ်ထား၍ ဘယ်လိုမှ ခေါ်၍မရ။

ထို့ကြောင့် သမီးကို သူ့ဆရာမအိမ်လိုက်အိပ်ခိုင်းပြီး တေဇညို ကားကို တရကြမ်းမောင်းပြီး ပုရစ်ထံသို့ ထွက်လာခဲ့လိုက်သည်။

ညအဖော်မိုးချုပ်နေသည်မို့ ကားကို ဂရုစိုက်မောင်းရသေးသည်။ ခြံရှေ့ရောက်သည်နှင့် ကားစက်ပင် မသတ်တော့ဘဲ အိမ်ကလေးရှိရာသို့ ခပ်သုတ်သုတ် လျှောက်လာလိုက်၏။

"ပုရစ် ပုရစ်"

အိမ်ရှေ့တံခါးကို ခပ်ဖွဖွ ခေါက်ပြီးခေါ်လိုက်သည်။ အထဲမှ

www.burmeseclassic.com

www.burmeseclassic.com



ဘာတုန့်ပြန်သံမှ မကြားရ။ ပုရစ် အိပ်ပျော်နေတာလား အထဲမှာ တစ်ခုခု ဖြစ်နေတာလားဟူသော အတွေးက လှူကိုဂနာမငြိမ်ပို၍ဖြစ်စေ၏။

ထိုစဉ် အထဲမှ ဂျလောက်ဟူသော တံခါးဂျက်ဖွင့်သံလိုလို ဘာ လိုလို ကြားလိုက်မိသဖြင့် တံခါးကို အသာတွန်းကြည့်လိုက်သည်။

တံခါးချပ်မှာ ခပ်ဖြည်းဖြည်း ပွင့်၍သွားသည်။ ဒီတော့မှ တေဇညို သက်ပြင်းချနိုင်ကာ အိမ်ထဲသို့ ဝင်ခဲ့လိုက်သည်။

မီးဖွင့်ဖို့အတွက် မီးခလုပ်ရှိရာသို့ အမှောင်ထဲမှ စမ်းတဝါးဝါး လျှောက်လာလိုက်သည်။

''ဖျောက်''

ဝါကျင်ကျင် ညအိပ်မီးရောင်လေး ဖျတ်ခနဲ လင်းသွား၏။

''ပုရစ် ပုရစ်''

အိပ်ခန်းထဲကို မဝင်သင့်ဘူးဟု ကိုယ့်ကိုကိုယ် စည်းချကာ အိမ်ရှေ့ခန်းမှပဲ လှမ်းခေါ်လိုက်သည်။

''ရှင် ဘယ်သူလဲ''

''ကိုပါ ပုရစ်ရဲ့''

ကိုပါ ဟူသော တေဇညို့ အသံကြားတော့မှ ပုရစ် အိပ်ရာထဲမှ လူးလဲပြီး ထလာသည်။

''ကို ညကြီးအချိန်မတော် ဘာလာလုပ်တာလဲ သမီးဂျူးရော''

''သူ့ဆရာမအိမ်မှာ သွားအိပ်တယ်လေ၊ ကိုယ် ပုရစ်ဆီဖုန်းခေါ်နေတာ တစ်ချိန်လုံး ဖုန်းပိတ်ထားလို့ စိတ်ပူပြီး လိုက်လာတာ''



ညနေက ပုရစ်ကို လူတစ်ယောက်လာမေးသွားသည်ဆိုသည့် အကြောင်းကိုတော့ ပုရစ်အား မမေးတော့ဟု ဆုံးဖြတ်ကာ လျှို့ဝှက်ထားလိုက်၏။

''ဘာဖြစ်လို့ ဖုန်းပိတ်ထားတာလဲကွာ၊ ကိုယ် ဘယ်လောက် စိတ်ပူသွားတယ်မှတ်လဲ၊ စိတ်ထဲမှာ ထင့်သွားတာပဲ''

ရင်ဘတ်ချင်း ပူးကပ်သည်အထိ ပုရစ် ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်းကာ မွတ်သိပ်သောအနမ်းတွေနှင့်အတူ စိတ်ပူကြောင်းပြောလိုက် ၏။

ပုရစ်မှာလည်း ဖန့်လ်လုံး လာရှာသွားသည်ဆိုတာကို ချစ်သူ အား ပြောဖို့မလိုအပ်သဖြင့် မပြောဖို့ ခပ်တိတ်တိတ် ဆုံးဖြတ်လိုက်ပြီး

''အဟင်း ပုရစ်က ဖုန်းကိုင်တာ သိပ်မကျွမ်းသေးတော့ ဖုန်း ပိတ်လို့ ပိတ်မိမှန်းတောင် သတိမထားမိပါဘူး ကိုရယ်၊ ဒါနဲ့ ကို ဘယ်လို ဝင်လာတာလဲ၊ ပုရစ် ဂျက်ထိုးထားတဲ့ဟာကို''

''ဂျက်မှထိုးထားလို့ ဝင်လာလို့ရတာပေါ့ ပုရစ်ရယ်၊ ကိုယ် ပုရစ် ဆီလာတိုင်း တံခါးကို လုံခြုံအောင် မပိတ်ဘူးကွာ၊ ကိုယ်မဟုတ်ဘဲ တခြားယောကျ်ားတစ်ယောက်ဖြစ်နေရင် ပုရစ် ဘယ်လိုလုပ်မလဲ၊ ဒီလို နမော်နမဲ့နိုင်နေရင် ကိုယ် စိတ်ပူလို့အနေတောင် ဖြောင့်မှာမဟုတ်တော့ ဘူး''

ကရုဏာသက်စွာ အပြစ်တင်စိတ်မချ ဖြစ်နေသော တံခါးဂျက်ထိုးသည့်ကိစ္စသည် ပုရစ်အတွက် စဉ်းစားစရာဖြစ်လာသည်။ မမင်းပန်း

www.burmeseclassic.com

www.burmeseclassic.com



ပြန်သွားသည်နှင့် ပုရစ် တံခါးဂျက်ကို သေသေချာချာပိတ်ခဲ့တာပဲ။ ဘယ်လိုမှ မမှားနိုင်။

ဒီထက် အံ့ဩစရာကောင်းတာက ကိုဟာ ပုရစ်ဆီရောက်လာတိုင်း တံခါးဂျက်မထိုးထားဘူးဟူသော အပြစ်တင်စကားနှင့် ပုရစ်အိမ်ထဲကို ဝင်လာစမြဲ။

တံခါးဂျက်က သူ့အလိုလို ပြန်ကျသွားတာလား။ ဒါမှမဟုတ် ပုရစ်ပဲ အမြင်မှားတာလား။ တစ်ခုခုတော့ တစ်ခုခုပဲဟု ခပ်ပေါ့ပေါ့တွေးပြီး

''အင်းပါ နောက်ဆို ပုရစ် သတိထားပါ့မယ် ကို''

''နောက်တစ်ခါဆိုရင်တော့ ကိုယ် ရိုက်တော့မှာနော်''

ပါးပြည့်ပြည့်လေးကို ချစ်စနိုးလိမ်ဆွဲကာ သတိပေးလိုက်သောကြောင့် ပုရစ် ပြုံးပြီးချစ်သူရင်ခွင်ကို ခေါင်းတိုး၍ဝင်လိုက်သည်။

''ပုရစ် ကိုယ်တော့ လက်ထပ်ချင်ပြီကွာ''

အချိန်ကာလသည် သိုမှီးထားသော အချစ်တို့ကို လွတ်လပ်စွာ ပွင့်လင်းဖို့ တွန်းအားပေးနေ၏။

''စောပါသေးတယ် ကိုရယ်၊ ပုရစ်တို့တစ်ယောက်အကြောင်း တစ်ယောက်သိဖို့ အချိန်တစ်ခုတော့ လိုအပ်သေးတယ် မဟုတ်လား။ ပုရစ်ကြောင့် ကို့ကို ဘယ်လိုစိတ်ဒုက္ခမျိုးမှ မခံစားစေချင်ဘူး''

''ကျွတ် ဟာကွာ ကိုယ်ပြောပြီးပြီလေ၊ အတိတ်မှာ ပုရစ် ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ကိုယ်နဲ့မဆိုင်ခဲ့တဲ့အတွက် ကိုယ် နားလည်ပေးနိုင်တယ်





နောက်ပြီး ကိုယ်နဲ့ယှဉ်ရင် ပုရစ်က သိပ်ကိုလှပတဲ့ ပန်းလေးတစ်ပွင့် ဘယ်သူမှတောင် မနမ်းရှိုက်ရသေးတဲ့ ပန်းတစ်ပွင့်၊ သူများမနမ်းခင် ကိုယ် နမ်းခွင့်ကြုံချင်တယ်''

ရင်ဖိုစရာကောင်းလောက်အောင် ကဗျာဆန်သော အချစ်တွေကြောင့် ချစ်သူကို ပြန်လည်တင်းကြပ်စွာ ဖက်လိုက်ပြီး

''ပုရစ်ကို ကိုကလွဲပြီး ဘယ်သူမှ မပိုင်ဆိုင်နိုင်ပါဘူး''

''ဒါဆို မနက်ဖြန် တရားရုံးမှာသွားပြီး လက်ထပ်ကြရအောင်''

''အယ် မနက်ဖြန်ဆိုတာတော့ စောလွန်းပါတယ်၊ ရှေ့လထဲလောက်ဆိုရင်ရော ဦးလေးကိုလည်း အကြောင်းကြားရဦးမယ်လေ''

''တကယ်လား ပုံမပြောရဘူးနော်''

''အင်းပါ မပြောပါဘူး''

''ခုတော့ ပြန်တော့နော်''

''မပြန်ဘူးကွာ၊ ကိုယ် ပုရစ်အနားမှာ ဒီတစ်ညတော့ အိပ်ချင်တယ်''

လိုက်ခနဲ ရင်ခုန်သွားသည်။ ရင်ထဲက အချစ်တွေကို အမှန်တကယ် ပွင့်လင်းခွင့်သာရမယ်ဆိုရင် ပုရစ် အသွေးအသား ဘဝကိုပါ ချက်ချင်းပုံပေးလိုက်ချင်တာပါ။ ဒါပေမဲ့ ပုရစ် အဲလို မလုပ်နိုင်ပါဘူး။

ကိုယ့်ကိုကိုယ် မြှင့်တင်ရမယ့် မိန်းမတစ်ယောက်၏ တန်ဖိုးကို လက်မထပ်ခင်အချိန်ထိတော့ ဖက်တွယ်ထားချင်သည်။

''အဲလို အချစ်နယ်ကျွံလို့ မဖြစ်နိုင်ဘူး ကို၊ ပုရစ် ခွင့်ပြုမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး''

ချစ်ပေမယ့် ယတိပြတ်ငြင်းဆန်လိုက်သည်။ တေဇညိုထံမှ ဟက်ခနဲ ရယ်သံထွက်လာပြီး ပုရစ်အား မေးစေ့မှကိုင်ကာ မျက်နှာကို ဆွဲမော့လိုက်ပြီး

''ခင်ဗျားလေးက ကျုပ်ကိုတော်တော် အထင်သေးတာပဲ၊ စိတ်ချ ခင်ဗျားလေးက အသွေးအသားတွေကို ဒီတစ်ညထဲနဲ့ပုံအောပေးပြီး ကမ္ဘာလေးတစ်ခုထဲမှာ လွတ်လပ်ကြမယ်ဆိုရင်တောင် ကျုပ်က အဲဒီအခွင့်အရေးကို ငြင်းဆန်ဦးမှာ၊ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်သိပ်ချစ်တဲ့ မင်းကို တန်ဖိုးထား မြတ်နိုးလို့ပဲ''

''ဒါဆိုရင် ဒီမှာအိပ်ဖို့ ဘာလို့ပြောလဲ''

မျက်ဝန်းလေး ထောင့်ကပ်ပြီး ပြန်၍စကားနာထိုးလိုက်၏။

''အဲဒါက ဒီအတိုင်း မင်းရဲ့အငွေ့အသက်လေးအောက်မှာ ခိုလှုံပြီး အိပ်ချင်ရုံသက်သက်ပဲ၊ တခြားဆန္ဒ ဘာမှမပါဘူး''

သိက္ခာသမာဓိ တည်ကြည်မြင့်မြတ်သော ချစ်သူကို တောင်းပန်ကြည့်လေးကြည့်ကာ အနမ်းဦးတစ်ပွင့်ကို နင့်သီးစွာခြွေချလိုက်ပြီး

''အထင်လွဲမိတဲ့အတွက် တောင်းပန်ပါတယ်''

''ကိုယ်ကလည်း မင်းအထင်လွဲအောင် ပြောမိတာကိုး''

ရင်ဘတ်ချင်း ပူးကပ်လိုက်သော် ထွက်ပေါ်လာသော တုန်ခါမှု ဒီဂရီသည် ကြည်နူးတိမ်းမူးခြင်းများဖြင့် ထိုတစ်ညကို ရှိုးသားစွာကျော်ဖြတ်ခဲ့ကြ၏။





ထိုညက ပုရစ် ရင်ခွင်ထဲမှာ သူ အိပ်ရုံကလွဲပြီး ပုရစ်အပေါ် ဘာအခွင့်အရေးမှ မယူခဲ့။

ဒီလောက်ချစ်တတ်တဲ့ယောကျ်ားတစ်ယောက်အနားက ပုရစ် ခပ်တိတ်တိတ် ထွက်ခွာရတော့မယ့် အခြေအနေတစ်ခု ပုရစ်ကို ခြောက်လှန့်နေတယ်ဆိုတာကို ချစ်သူမှမသိတာ။

■ ■ ■



www.burmeseclassic.com

## အခန်း (၃၇)

"ပုရစ် ပုရစ်"

လှမ်းနေသော ခြေလှမ်းတွေ တုံ့ခနဲရပ်ကာ နောက်ကို ထိတ်လန့်စွာ လှည့်ကြည့်လိုက်သည့်ဆိုရင်ပဲ လူက ကြက်သေသေကာ အသိစိတ်တွေ လွတ်ထွက်ကုန်၏။

ကိုယ့်နောက်မှ ပြေးလိုက်လာသော ဖန်လ်လုံးကို ဘယ်လိုမှ ရှောင်လွှဲ၍မရနိုင်တော့။ မလွှဲမရှောင်သာ ရင်ဆိုင်ရတော့မည့်အခြေအနေမို့ ဟန်မပျက် ရင်ဆိုင်ရန် ရဲဆေးတင်လိုက်သည်။

ထိုစဉ် ပုရစ်လက်ကို ဖျတ်ခနဲ လှမ်းဆွဲလိုက်သည့်အထိအတွေ့ကြောင့် ပုရစ် ဘေးကို ချာခနဲ လှည့်ကြည့်လိုက်သည်။

"ဟင် မမ"



"လာ ပုရစ် မမနဲ့လိုက်ခဲ့"

မမနှင်းပန်း ဆွဲခေါ်ရာသို့ ပုရစ် ဒရောသောပါး ပြေးလိုက်ခဲ့ရသည်။ ဘယ်ကိုပြေး၍ ပြေးနေမှန်းပင်မသိလောက်အောင် မမနှင်းပန်း၏ ခြေလှမ်းတွေသည် လျှပ်စီးကဲ့သို့ မြန်လွန်းနေ၏။ ပုရစ်ပါ ခြေလှမ်းတွေ သိပ်လှမ်းစရာမလိုဘဲ အရှိန်ဖြင့် ရွေ့နေသလို ခံစားလိုက်ရ၏။

"ပုရစ် နေပါဦး မပြေးနဲ့၊ မင်း ဒီလိုရှောင်ပုန်းရုံနဲ့ ပြီးသွားမယ့်ကိစ္စမဟုတ်ဘူး"

"ပုရစ် လှည့်မကြည့်နဲ့၊ မြန်မြန်လာ သူနဲ့ထိပ်တိုက်တွေ့လို့မဖြစ်ဘူး"

အမောတကောလေသံဖြင့် ပုရစ်ကို အတင်းဆွဲခေါ်ပြေးနေသော မမနှင်းပန်းနောက်က ပုရစ်လည်း ခြေကုန်သုတ်ပြေးရ၏။

လူတွေ ပုရစ်ကို ဝိုင်းကြည့်နေကြ၏။

"ဟာ ဟိုကောင်မလေး အပြေးသန်လှချည်လား"

"အေး နောက်က တစ်ယောက်ယောက် လိုက်လာလို့ထင်တယ်"

"ဟိုမှာလေ လူတစ်ယောက် သူ့နောက်က လိုက်နေလို့ ပြေးတာနေမှာပေါ့"

ဘေးမှဝိုင်းကြည့်နေသော မြို့ခံလူတွေ တစ်ယောက်တစ်ပေါက် ဝိုင်းပြောနေကြသံကို ပြေးနေရင်းမှ ကြားနေရသည်။ လူက မောဟိုက်နေပေမယ့် မနားရဲ။

www.burmeseclassic.com



တဖြည်းဖြည်း ပြေးရင်းပြေးရင်းနှင့် အိမ်ကြီးတစ်ခုဆီသို့ ရောက်သွား၏။

''လာ ပုရစ် ဒါ မမနေတဲ့နေရာပဲ၊ ဒီမှာပုန်းနေရင် သူ မြင်နိုင်မှာမဟုတ်ဘူး''

အလင်းရောင် အလုံအလောက်မရသော အခန်းလွတ်တစ်ခုထဲမှာ ပုရစ်ကိုထည့်ကာ အခန်းတံခါး ဝုန်းခနဲ ပိတ်လိုက်၏။

ဒီနေရာထိတော့ ဖန်လ်လုံး လိုက်မလာနိုင်တော့တာမို့ စိုးရိမ်ပူပန်သောကတွေ အနည်းငယ်တော့ ပြေလျော့သွားသည်။

ဒီပုံအတိုင်းသာ ဖန်လ်လုံး တကောက်ကောက်လိုက်နေလျှင် ဒီမြို့လေးက ပုရစ်အတွက် လုံခြုံမှုမရှိတော့။ ပုရစ် ဘယ်လောက်ရှောင်ပုန်းရှောင်ပုန်း ဖန်လ်လုံး ပုရစ်ကို မတွေ့တွေ့အောင် မြေလှန်ရှာမှာသေချာသည်။

ထို့ကြောင့် တေဇညီဆီကို ထိုပြဿနာရောက်မသွားခင် ပုရစ်ဒီမြို့လေးမှ အရင်ရှောင်ထွက်ရတော့မည်။

■ ■ ■

''ပုရစ်ဖူး ရောက်ပြီလား သမီး''

ယခင်ကလည်း လုံးဝမတွေ့ဘူးသော လူစိမ်းတစ်ယောက်က အန်တီလေးပုရစ်ကို မေးနေ၍ ဂျူဂျူး မေးတာကို မဖြေသေးဘဲ ဖန်လ်လုံးကို ခပ်တည်တည်ပြန်ကြည့်လိုက်သည်။

''ဦးဦးက အန်တီလေးကို ဘာလုပ်မလို့ လာမေးတာလဲ''





ကိုယ်မေးတာကို မဖြေဘဲ ကိုယ့်ကိုမေးခွန်းတွေ ပြန်ထုတ်နေသော ဂျူးကိုကြည့်ပြီး

''ဦးဦးက အန်တီလေး ပုရစ်ရဲ့သူငယ်ချင်းပေါ့''

''ဟင့်အင်း အန်တီလေးကတော့ သူ့မှာ သူငယ်ချင်းရှိတယ်လို့ တစ်ခါမှမပြောဖူးပါဘူး။ မှန်မှန်ပြော ဦးဦးက လူဆိုးလား လူကောင်းလား''

ကိုယ့်ကိုပင် တရားခံစစ်လာပြန်စစ်နေသော ဒီကလေးမလေး၏အကြောက်အလန့်မရှိသောစိတ်ကို ဖန်လ်လုံးပင် အံ့ဩရသည်။

''ဦးဦးက လူကောင်းပါ၊ အမှန်အတိုင်းပြောရရင်လေ မင်းအန်တီလေးရဲ့ချစ်သူပေါ့''

ဖန်လ်လုံး စကားဆုံးတော့ ဂျူဂျူး တခစ်ခစ် ရယ်လိုက်သည်။ ဖန်လ်လုံးပင် အူကြောင်ကြောင်ဖြစ်သွားကာ

''ဘာရယ်တာလဲ သမီးရ၊ ဦးဦးတကယ်ပြောတာ လုံးဝမညာဘူး''

''အဟင်း ခစ် ခစ် ခစ်၊ အဲဒီ မညာဘူးဆိုတာကိုက ညာနေတာမဟုတ်လား ဦးဦးရဲ့၊ တကယ်ဆို အန်တီလေးချစ်သူက ဦးဦးမဟုတ်ဘူး''

''ဒါဆို ဘယ်သူလဲ''

အလောတကြီး မေးလိုက်သော ဖန်လ်လုံးအမေးကို ဂျူဂျူးတင် မဖြေလိုက်ရ။

''သမီးဂျူး ဘာတွေလျှောက်ပြောနေတာလဲ အထဲဝင်စမ်း''



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိသော တေဇညို သည် ဖန်လ်လုံးနောက်မှာ ရောက်နေပြီ၊ ဆက်ပြောလာမည့် ဂျူဂျူးလေး ကို လှမ်းဟန့်လိုက်သည်။

ဂျူး ဖက်ကလေးပုကာ မျက်နှာငယ်လေးဖြင့် အထဲကိုဝင်သွား၏။ ဖန်လ်လုံး တေဇညိုကို လှည့်ကြည့်သည်။

"ခင်ဗျားက ဒီဆိုင်ပိုင်ရှင်လား"

"ဟုတ်တယ်"

"ဒါဆို အတော်ပဲ ကျွန်တော် ပုရစ်ဖူးနဲ့တွေ့ချင်လို့၊ ပုရစ်ဖူး ဒီဆိုင်မှာ အလုပ်လုပ်တယ်ဆိုတာ ကျွန်တော် သိထားပြီးသွားပြီမို့ လာ စုံစမ်းတာ"

"ပုရစ်နဲ့ ဘယ်လိုပတ်သက်လို့လဲ"

"ကျွန်တော်က သူ့ချစ်သူပါ၊ သူနဲ့ကျွန်တော် တွေ့ချင်တယ်"

"တွေ့ခွင့်မရှိဘူး ငါ့ညီ"

"ဘာ ဘာပြောတယ်၊ ကျွန်တော်က ကိုယ့်ချစ်သူကို ဘာ ကြောင့် တွေ့ခွင့်မရှိရမှာလဲ"

ဖန်လ်လုံး မကျေမနပ်ဖြစ်ကာ ဘုဆတ်ဆတ်ပြန်ပြောလိုက် သည်။

"ပုရစ်ဖူးက ကိုယ် လက်ထပ်တော့မယ့် ဇနီးလောင်းဖြစ်နေလို့ ပဲ"

"ဘာ ဟာ အဓိပ္ပာယ်မရှိတာ၊ ပုရစ်က ခင်ဗျားဇနီးလောင်း



ဘယ်လိုဖြစ်နိုင်မှာလဲ၊ ခင်ဗျားက သူ့အကြောင်းဘယ်လောက်သိလို့ လက်ထပ်ဖို့အထိ စဉ်းစားရတာလဲ"

"ပုရစ် အတိတ်မှာ ဘာတွေပဲဖြစ်ခဲ့ ဖြစ်ခဲ့ ငါနဲ့မှမဆိုင်တာ၊ သိလည်း မသိချင်ဘူး၊ စိတ်လည်းမဝင်စားဘူး"

"ဟာ တယ်လည်း အချစ်ကြီးတဲ့လူပါလား၊ အေးပေါ့လေ ပုရစ်က ခင်ဗျားကို ဘယ်လောက်တောင် အယုံသွင်းထားလဲမှမသိတာ၊ ပုရစ်ဟာ တစ်ချိန်က မာဆတ်မှာလုပ်တဲ့အနှိပ်သမဆိုတာ ခင်ဗျားသိရင် လက်ထပ်ဖို့အထိ စဉ်းစားမှာလား၊ သူ့ကို သူ့ရဲ့ကာစတန်မာ ဦးမင်းဆွေ က ကယ်တင်လာလို့ ဒီမြို့လေးမှာ သူ ရှောင်ပုန်းနေနိုင်ခဲ့တာ"

"ဘာ ပုရစ်က မာဆတ်မှာလုပ်တဲ့ အနှိပ်သမ ဟုတ်လား"

"ဟုတ်တယ်"

"ဦးမင်းဆွေ တူမ မဟုတ်ဘူးလား"

အတိတ်မှာ ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ဟု ကြွေးကြော်ထားပြီးကာမှ ထင်မှတ်မထားသော ပုရစ်အတိတ်ကြောင်းကို သိလိုက်ရ၍ စိတ်ထဲမှာ ဆော်တော်လေးတော့ တုန်လှုပ်သွားမိသည်။ အဓိက အကြောင်းအရင်းက တေဇညို နှချိန်ထိ အညာခံနေရခြင်းကိုပဲ ဖြစ်သည်။

သူ သိထားတာက ဦးမင်းဆွေ၏တူမ အတိတ်တစ်ချိန်က ဖန်လ် လုံးဆိုတဲ့ ယောကျ်ားတစ်ယောက်နဲ့ ငြိစွန်းခဲ့တာလည်း ရှိချင်ရှိနိုင်သည်။ သို့သော် သူ့ဦးလေးပါဟု ပြောထားသည့် ဦးမင်းဆွေဟာ ဘာသွေးသား ဆော်စပ်မှုမှမရှိဘဲနှင့် မာဆတ်မှာလုပ်တုန်းက ကာစတန်မာဖြစ်နေ၏

www.burmeseclassic.com



ပုရစ် အပျိုစင်တာ မစစ်တာထက် ခုလို ရှုပ်ထားသည့်ဖယားတွေက မိန်းမကောင်းတစ်ယောက်မဟုတ်ဘူးဆိုတာ သက်သေပြနေသလို ရင်ထဲမှာ ဒေါသတွေက ဆောက်တည်ရာမရ တစ်ရှိန်ထိုး ဆောင့်တက်လာသည်။

နူးညံ့သိမ်မွေ့သော မျက်နှာပေါ်မှာ နာကျင်ရိပ်ကြောင့် ခက်ထန်သွားသည်။ တေဇညို လှုပ်ခတ်မှားခဲ့သည်ပဲ။

''ဒီထက် အရေးကြီးတာတစ်ခု ပြောဖို့ကျန်သေးတယ်''

ပဟေဠိဆန်စွာ တစ်ခုချင်း ထုတ်ဖော်နေသော ဖန်လ်လုံးကို ဘာကျန်သေးလဲဟူသောအကြည့်ဖြင့် ကြည့်လိုက်သည်။

''အဲဒါက ပုရစ်ဟာ ကျွန်တော့်အစ်မ သီတာသွင်ကို သတ်ခဲ့တာပဲ''

''ဘာ''

မိုးကြိုးပစ်ချခံရသလို အသိစိတ်တွေ သိုလှောင်ထားသော အာရုံတွေ မွမွကြေသွားသည်။ မျှော်လင့်ချက်တွေ မီးမုန်တိုင်းဒဏ်သင့်သည့်နှယ်။

''ဒါ ဒါဆို ပု ပုရစ်က ဝရမ်းပြေးပေါ့ ဟုတ်လား''

''ဟုတ်တယ် လူသတ်ဝရမ်းပြေးတစ်ယောက်''

ဖန်လ်လုံးသည် ထိုသို့ပြောပြီး တေဇညိုနှင့်အနီးဆုံးနေရာသို့ ခပ်အေးအေး လျှောက်လာပြီး မျက်နှာချင်းဆိုင် ရပ်လိုက်သည်။ သွေးပျက်နေသော တေဇညို၏မျက်နှာကို ခပ်တည်တည်စိုက်ကြည့်လိုက်ပြီး





ဟက်ခနဲ ခပ်လှောင်လှောင် ရယ်လိုက်သည်။

''ကဲ ဘယ်လိုလဲ ခင်ဗျား ပုရစ်ကို မချစ်ရဲတော့ဘူးမဟုတ်လား''

တေဇညို ဘာမှပြန်မပြောနိုင်လောက်အောင် အံ့ဩစိတ်တွေက ရင်ထဲက အသစ်တစ်ဖန် ပြန်လည်မွေးဖွားလာသော အချစ်တွေကို အငြိုးတကြီး ခြေမွပစ်နေကြသည်။

''ဒါပေမဲ့ ကျွန်တော်ကတော့ ပုရစ်ဟာ လူသတ်ခဲ့ရုံတင်မဟုတ်ဘူး၊ လူသားစားတဲ့ သွေးစုတ်ဖုတ်ကောင်တစ်ကောင် ဖြစ်နေပါစေ ကျွန်တော် ပုရစ်ကိုချစ်တဲ့ အချစ်က တစ်ပြားမှလျော့မသွားဘူး၊ သူ့ကြောင့် ကျွန်တော့်အစ်မ သေခဲ့ရပေမယ့် ကျွန်တော် ပုရစ်ကို ဘယ်တုန်းကမှ မမုန်းခဲ့ဘူး၊ ဒါကြောင့် ပုရစ်ကို ရေဆုံးမြေဆုံး လိုက်ရှာနေတာပေါ့၊ ပြီးရင် လက်ထပ်မယ်''

မကြားချင်တော့ ကြားလည်းမကြားရဲတော့။ ဒီထက်ဆက်ပြီး ညှဉ်းထောက်ခံနေလျှင် ဒီထက်ဆိုးဝါးတာတွေ ဘာရှုတွေပေါ်လာဦးမလဲ မသိ။

''ဒီမှာ ဖန်လ်လုံး ကျေးဇူးပြုပြီး ပြန်ပါတော့၊ ငါနဲ့မင်း ပုရစ်အကြောင်း ဆက်ပြောဖို့ မလိုအပ်တော့ဘူး''

''အိုကေ ကြိုက်သွားပြီ ခင်ဗျားဘက်က တစ်ဖက်သက် အရှုံးပေးလိုက်ပြီဆိုတော့ ကျွန်တော်တို့ ယှဉ်ပြိုင်စရာ မလိုတော့ဘူးပေါ့၊ ကျွန်တော့်ကို သွားခွင့်ပြုဦး''



www.burmeseclassic.com

www.burmeseclassic.com



ထော့လုံးဝေါ့လုံးတွေဖြင့် အောင်နိုင်သူအပြုံးပြုံးကာ တေဇည်ကိုနှုတ်ဆက်ပြီး မီနီထဲမှ မှန်တံခါးကို တွန်းဖွင့်ပြီး ထွက်သွား၏။

"တောက် ကဲကွာ"

"ချလွမ် ခလွမ်"

ဖန်လိလုံး၏ကျောပြင်ကို ဒေါသဖြင့် မျက်စိတစ်ဆုံးလိုက်ကြည့်ပြီး ကောင်တာပေါ်ရှိ ပုရစ်ကိုယ်တိုင် လဲထားသည့် အလှပန်းအိုးကိုယူပြီး ခွဲပစ်လိုက်သည်။

ဘဝမှာ ထိုမျှလောက် တစ်ခါမှ ဒေါသမထွက်ဖူးဘူး။

■ ■ ■

## အခန်း (၃၈)

"မင်း ငါ့ကို ထပ်ပြီးလှည့်စားဖို့ မကြိုးစားနဲ့တော့ ပုရစ်၊ ခုချိန်မှာ မင်း ဘာပြောပြော ငါ မယုံတော့ဘူး။ ဟွန့် အေးပေါ့လေ လူတောင်သတ်ရဲမှတော့ လိမ်တာညာတာလောက်က မင်းအတွက် ထမင်းစားရေသောက်လောက်တောင် ခက်မှာမဟုတ်လောက်ပါဘူး"

တေဇည်ထံမှ တစ်ခါမှ မသုံးဖူးသည့် အရင့်သီးဆုံးစကားတွေဖြင့် ထိုးနှက်ခြင်းခံနေရ၍ ပုရစ်အတွက် ကမ္ဘာပျက်မတတ်ပါပဲ။ ငိုကြွေးနေရုံမှလွဲပြီး ပုရစ်အဖို့ ဘာများ စောဒကတက်ခွင့်ရှိဦးမှာလဲ။ သို့သော် ပုရစ် လူမသတ်ခဲ့တာကို ချစ်သူကို ရှင်းပြချင်၏။

"ပုရစ်ကို ကြိုက်သလိုသာပြောပါတော့ ကို၊ ပုရစ် လူမသတ်ခဲ့

www.burmeseclassic.com

တာမှန်ပေမယ့် တမင်ရည်ရွယ်ပြီးသတ်ခဲ့တာ မဟုတ်ဘူး၊ သူ့ဟာသူ အရှိန်လွန်ပြီး လှေကားပေါ်က ပြုတ်ကျတာပါ၊ ပုရစ်နဲ့အခြေအတင်ပြောကြရင်း ဖြစ်တာမို့လို့ ပုရစ် ပယောဂမကင်းတာပဲ ရှိတာပါ၊ ပုရစ်ကိုယ်တိုင် ကိုယ်ထိလက်ရောက် တွန်းချခဲ့တာမဟုတ်ပါဘူး၊ ဒါကို သူတို့က ပုရစ်သတ်တယ်လို့ စွပ်စွဲကြတာပါ၊ အမှန်ဆို ပုရစ် ကိုယ့်ကိုကိုယ် ငရဲခန်းထဲက ကယ်တင်ခဲ့ရတာပါ''

''အဟုတ် ခုတော့ တကယ်ဝန်ခံပြီပေါ့၊ အင်းပေါ့လေ မင်းလို အနှိပ်သမ တစ်ယောက်က အခကြေးငွေယူပြီး ယောကျ်ားတကာကို နှိပ်ပေးရတော့ ယောကျ်ားဆို အကြီးအငယ်အရွယ်အလတ် ဘယ်ရွေးတော့မလဲ၊ ငွေသာရရင် အရှက်တရားနဲ့ဆတူ လဲရကြမှာပေါ့၊ ဒါကြောင့်လည်း အန်ကယ် ဦးမင်းဆွေက ဒီမှာ တိတ်တိတ်ပုန်း လာဖွက်ထားပြီး လူကြားကောင်းအောင် တူမလို့ ညာပြောခဲ့ကြတာပေါ့ ဟုတ်လား''

''ရှင်''

ဒီတစ်ခါတော့ ပုရစ် ငြိမ်နေ၍မရတော့။ ပုရစ် ငြိမ်နေလျှင် ဝန်ခံရာကျသွားမည်မို့ မျက်ရည်ပြည့်မျက်ဝန်းဖြင့် တေဇညိုကို အသနားခံကြည့်ကာ

''ဟင့်အင်း ဦးလေးနဲ့ပုရစ်က ကိုထင်သလို ပတ်သက်ခဲ့တာ မဟုတ်ပါဘူး၊ သူက ပုရစ်ကို တူမလေးတစ်ယောက်လို စောင့်ရှောက်





ပေးခဲ့ရုံပါ၊ ပုရစ်ကလည်း ဦးလေးကို အဖေတစ်ယောက် ဦးလေးတစ်ယောက်လို လေးစားအားကိုးခဲ့တာပါ၊ ဦးလေးနဲ့ပုရစ်ကြားက မေတ္တာတရားက အရမ်းကိုရိုးသားပါတယ်၊ ပုရစ်အသက်နဲ့ တိုင်တည်ပြီး သစ္စာဆိုရဲပါတယ် ကို၊ အချိန်မရွေးလည်း ဖုန်းဆက်မေးလို့ရပါတယ်''

ပုရစ် အသနားခံ ရှင်းပြနေတာတောင် တေဇညို ယုံပုံမရသေး။

''အဟုတ် မင်းတို့ သွေးသားမတော်စပ်ဘူးဆိုတာ ထပ်ပြီး ဝန်ခံတယ်ပေါ့''

''ဟုတ်တယ် ဝန်ခံတယ်၊ ဒါပေမဲ့ ဦးလေးနဲ့ပုရစ်ကြားထဲက ပတ်သက်မှုက အရမ်းဖြူစင်ပြီး ရိုးရှင်းတယ်၊ ဘာတပ်မက်မှုမှ မပါဘူး၊ ဒါကိုမှ မယုံဘူးဆိုရင် ပုရစ်ကို ရာသက်ပန် ကျောခိုင်းသွားလို့ရတယ်''

''အေးပေါ့ မင်းက ယောကျ်ားတွေနဲ့ နေသားကျပြီးသားဆိုတော့ ငါနဲ့လမ်းခွဲလည်း ထူးပြီးခံစားရမှာမှမဟုတ်တာ၊ ငါ့မှာသာ မင်းကို မေ့လို့မရအောင် ချစ်မိသွားတဲ့အတွက် ပိုးစိုးပက်စက် ခံစားနေရပြီကွ''

ငိုသံခပ်အက်အက်ဖြင့် မရှုနိုင်မကယ်နိုင်ပြောနေသော တေဇညို၏စွပ်စွဲချက်တွေသည် ပုရစ်ကို အရှင်လတ်လတ် မသေမချင်း သတ်နေသလိုပါပဲ။ ဒါပေမဲ့ ပြီးဆုံးသွားပြီလို့တော့ ဆိုင်းဘုတ်မချိန်ပါရစေနဲ့ ကို။

ကွာဟနေတဲ့ ရပ်တည်မှုနှစ်ခုကြားမှာ အချစ်တွေ ပြိုယိုင်လဲခြင်း ပုရစ် ရင်ထဲက အချစ်တွေ လျော့သွားမှာမှ မဟုတ်တာ။

www.burmeseclassic.com



ပုရစ်အပေါ် အထင်သေး စက်ဆုပ်ရွံရှာတဲ့စကားတွေနဲ့ ဘယ်လောက်ပဲ အကြိမ်ကြိမ်ရိုက်ခတ်နေပါစေ၊ ကိုဟာ ပုရစ်ရင်ထဲမှာ ဘယ်တော့မှ မဆိတ်သုဉ်းနိုင်တဲ့ လတစ်စင်းအဖြစ် အမြဲထိန်ထိန်သာနေမှာပါ။

■ ■ ■

## အခန်း (၃၉)

"ပုရစ် ဒါက ဘယ်လဲ"

ခရီးဆောင်အိတ်ထဲကို အဝတ်တွေ ကပျာကသီ ထည့်နေသော ပုရစ်သည် အငိုမျက်ဝန်းဖြင့် မမနှင်းပန်းကိုလှည့်ကြည့်လိုက်သည်။ ဝမ်းနည်းကြေကွဲခြင်းတွေ လှိုက်ခနဲ တက်လာသည်မို့ အင့်ခနဲ ရှိုက်လိုက်ပြီး မမနှင်းပန်း ရင်ခွင်ထဲ တိုးဝင်လိုက်သည်။

"ပုရစ် ဒီက ထွက်သွားမှဖြစ်တော့မယ် မမရယ်၊ ဘဝလေး အည်ငြိမ်စပြုနေပြီလို့ ထင်ထားခဲ့ပြီး အတိတ်ကို ဥပေက္ခာပြု မေ့လျော့ခဲ့တယ်၊ အခု အဲဒီအတိတ်က ပုရစ် နှလုံးသားတွေကို သွေးစိမ်းရှင်ရှင်ထွက်အောင် လုပ်နေကြပြီ၊ ပုရစ်မှာ ရပ်တည်နိုင်တဲ့အင်အားတွေ မရှိဘူး မမရယ်၊ ကို ပုရစ်ကို မုန်းသွားပြီ"

ငိုသံနှောသောအသံဖြင့် ကြေကွဲစွာရင်ဖွင့်ငိုကြွေးနေသော ပုရစ်

www.burmeseclassic.com



၏ကူကယ်ရာမဲ့ဖြစ်နေသောပုံကိုကြည့်ပြီး မမနှင်းပန်း မျက်ရည်တို့ရစ်သိုင်းကာ သူ့ပါ ငိုကြွေးလိုက်၏။

"ညီမလေးရယ် တေဇညိုနဲ့သမီးလေးဂျူးဘဝထဲကနေ ဘယ်လိုအကြောင်းနဲ့မှ ထွက်မသွားပါနဲ့၊ ကိုယ်အများမလုပ်ထားတဲ့ပြဿနာတစ်ခုကို မရှင်းဘဲ ဒီလိုရှောင်ထွက်သွားရုံနဲ့ ပြေလည်ငြိမ်းအေးသွားမှာမှ မဟုတ်တာ၊ ဒါကြောင့် ထွက်မသွားပါနဲ့ မမ တောင်းပန်ပါတယ်၊ သူတို့ရဲ့အထီးကျန်ဘဝတွေကို ပြန်လည်အသက်သွင်းပေးနိုင်မယ့်သူက ညီမလေးပါ၊ သူတို့ဘဝမှာ ညီမလေး အရမ်းလိုအပ်နေတယ်"

"ဒါပေမဲ့ ကိုကမှ ပုရစ်ကို မလိုအပ်တော့တာ မမရယ်"

"အဲဒါက အမှန်တရားတစ်ခုကို မသိသေးလို့ပါ၊ ဒါကြောင့် ပုရစ်ကို အထင်လွဲနေတာပေါ့၊ သိပ်မကြာခင် ဦးမင်းဆွေ လာလိမ့်မယ် သူလာရင် ရှင်းသွားလိမ့်မယ်၊ နောက်ပြီး ဖန်လ်လုံးဆိုတဲ့လူ ညီမကို မနှောင့်ယှက်အောင် မမ ကာကွယ်ပေးမယ်"

ကျောပြင်ကိုသပ်ကာ အစ်မရင်းတစ်ယောက်လို နှစ်သိမ့်မှုတွေပေးနေသော မမနှင်းပန်း၏မေတ္တာတရား အစစ်အမှန်ကို တွေ့မြင်လိုက်ရ၍ ပုရစ် ပိုငိုချင်သွားသည်။

"ဒါပေမဲ့ ဒီကိစ္စတွေက မမနဲ့မှမဆိုင်တာ၊ ပုရစ်ကြောင့် မမကို မထိခိုက်စေချင်ဘူး၊ ဖန်လ်လုံးက လူကောင်းမဟုတ်ဘူး"

"သူ လူကောင်းမဟုတ်မှန်း မမသိတယ်၊ သူသာ လူကောင်းဆိုရင် မညီမလေး စနိုးဟာ ဒီလိုအသေဆိုးမျိုးနဲ့ သေရမှာမဟုတ်ဘူး





ဒါကြောင့် မိန်းကလေးတွေရဲ့ဘဝကို ဖျက်ဆီးတဲ့ဒင်းတို့ကို မမကိုယ်တိုင်ပြန်ကလဲ့စားချေရမယ်"

မမနှင်းပန်း၏မျက်လုံးတွေသည် နာကျင်မှုကြောင့်ထင်သည် အငြိုးကြီးစွာဖြင့် ရူးရဲတောက်ပနေသည်။

■ ■ ■

"ဒါဆို ဒီကိစ္စတွေက အမှန်ဆိုပေမယ့် ပုရစ်မှာအပြစ်လုံးဝမရှိဘူးပေါ့ ဟုတ်လား အန်ကယ်"

"ဟုတ်တယ် တေဇညို အမှန်တွေပါပဲ၊ ပုရစ်ဖူးက သိပ်ကိုနုံသားဖြူစင်တဲ့ မိန်းကလေးတစ်ယောက်ပါ၊ သူ့ရဲ့အရှက်တရားနဲ့သိက္ခာကို ခုချိန်ထိ ကာကွယ်နိုင်ခဲ့တဲ့ မိန်းကလေး၊ ဒါကြောင့်လည်း အန်ကယ့်အနေနဲ့ ဒီမိန်းကလေး မာဆတ်က ထွက်ပြေးလာတော့ လုံခြုံနိုင်မယ်လို့ထင်တဲ့ ဒီမြို့လေးကို လာဖွက်ထားတာပေါ့၊ သူပြောခဲ့သလို အန်ကယ့်အနေနဲ့ သူ့ကိုသမီးလေးတစ်ယောက်လို စောင့်ရှောက်ပေးခဲ့တာကလွဲပြီး ဘယ်လိုပတ်သက်မှုမျိုးမှ မရှိခဲ့ပါဘူး"

ခုမှပင် ရင်ထဲက အပူမီးတွေကို ရေနဲ့ဖျန်းလိုက်သလို ရှဲခနဲငြိမ်းသွားတော့၏။

"ဒါဆို ပုရစ် လူသတ်ခဲ့တယ်ဆိုတာလည်း မဟုတ်ဘူးပေါ့"

ဦးမင်းဆွေ ခေါင်းခါပြပြီး

"မဟုတ်ဘူး သီတာသွင်ဆိုတဲ့ မိန်းမ လေ့ကားပေါ်က ပြုတ်ကျခဲ့ပေမယ့် မသေပါဘူး၊ ပေါင်တစ်ဖက်ကျိုးသွားလို့ ဝှီးချဲလ်နဲ့ နေနေရ



www.burmeseclassic.com

www.burmeseclassic.com



တာပဲရှိတယ်''

''ဒါနဲ့များ ဖန်လုံးဆိုတဲ့ကောင် ပုရစ်ကို လှသတ်ခဲ့တယ်လို့ စွပ်စွဲသေးတယ်၊ တော်တော်မိုက်ရိုင်းတဲ့ကောင်''

''အဲဒါကတော့ ပုရစ်ကို အကျပ်ကိုင်ပြီး သူနဲ့ပေါင်းသင်းအောင် စွဲဆောင်ဖို့အကွက်ဆင်တာနေမှာပေါ့''

ဖာတ်ရည်က တဖြည်းဖြည်းလည်လာပြီမို့ အထင်သေးခြင်းတွေ ပလုံစီနေသော ဒေါသတွေသည် အမုန်တရားတစ်ခုအဖြစ် ရုတ်ချည်း ပြောင်းလဲသွားသည်။ ပုရစ်အပေါ် အမှားကြီးကျူးလွန်မိပြီဟူသော အသိတရားက ကိုယ့်ကိုယ်ကို အကြိမ်ကြိမ် ကျိန်ဆဲပစ်လိုက်သည်။

အမုန်တရားတစ်ခုကို အရင်မရှာဖွေဘဲ သူများပြောတာကို နားယောင်မိသည့် ကိုယ့်ရဲ့ဆင်ခြင်တုံတရားမဲ့မှုကြောင့် ပုရစ် ဘယ်လောက်ခံစားရရှာမလဲ။

သနားစရာကောင်းလိုက်သည့် မိန်းကလေး။

■ ■ ■



## အခန်း (၄၀)

''ဒီအရုပ်ကလေးကို ပုရစ် မမဆီမှာ ထားခဲ့ပါရစေ''

စနိုးပေးသွားသည့် မွေးပွရုပ်ကလေးကို မမနှင်းပန်း လက်ထဲကို ထည့်ပေးလိုက်သည်။

''မဟုတ်ဘူး ညီမ၊ ဒီအရုပ်ကို စနိုးပေးခဲ့တာ အကြောင်းတစ်ခုတော့ရှိရမယ်''

''ရှင်''

အရုပ်ကလေးကို သေချာကြည့်ပြီးပြောနေသော မမနှင်းပန်း ဘာကိုဆိုလိုသည်ဆိုတာ ပုရစ် နားမလည်။

''ဟုတ်တယ် စနိုး ဒီအရုပ်ကိုပေးခဲ့စဉ်တုန်းက ပုရစ်ကို ဘာတွေမှာသွားလဲ''



www.burmeseclassic.com

www.burmeseclassic.com



မမနှင်းပန်းအဖုံးကြောင့် စနိုး ဘာပြောသွားသည်ဆိုတာကို ပုရစ် ပြန်ပြီး စဉ်းစားလိုက်သည်။ အာရုံထဲသို့ စနိုးပြောသွားသည့်စကား တွေ ခပ်ရေးရေး ပြန်ကြားလာရသလို

"ငါ ငါ နေရတော့မယ် မထင်ဘူး၊ ဒါကြောင့် ငါ့ရဲ့ကိုယ်ပိုင် ပစ္စည်းလေးကို နင့်ဆီမှာ အပ်ခဲ့ချင်တယ်၊ ဒီအရုပ်ထဲမှာ ငါပိုင်တဲ့ပစ္စည်း တချို့ရှိတယ်၊ နင် လိုသလိုသုံးပေါ့"

စနိုးအသံသည် ပွဲတင်ထပ်သလို အာရုံထဲမှာ ဖျတ်ခနဲ ဖျတ်ခနဲ ပြန်ကြားနေရသည်။

ဟုတ်သားပဲ စနိုးပြောသွားခဲ့သည့် ထိုစကားလုံးတွေကို ပုရစ် ဘာကြောင့်မေ့နေရတာလဲ။

"မမ ဒီ ဒီအရုပ်ထဲမှာ စနိုး တစ်ခုခုထည့်ထားပုံပဲ"

ခုမှပဲ သတိရရသလား ပုရစ်ရယ်ဟူသော အကြည့်ဖြင့် နှင်းပန်း ခပ်ဖျော့ဖျော့ ပြုံးလိုက်ပြီး ပုရစ်ထံသို့ ထိုအရုပ်ကလေး လှမ်းပေး၏။

"ဒါဆိုကြည့်လေ ရော့"

ကမ်းပေးသော အရုပ်ကိုပြန်ယူကာ အနောက်မှ ဇစ်ကလေး ကို ဖွင့်လိုက်သည်။

"ဟင် ဒါ ဒါ ဘာပိုက်ဆံတွေလဲ၊ အို ဒီမှာလည်း ဆွဲကြိုးတစ် ကုံး"

ဒါတင်မကသေး ရှုံအိတ်ကလေးနှင့်ထည့်ထားသော စိန်လက် စွပ်တစ်ကွင်းကိုပါ တွေ့ရ၍ ပုရစ် မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွား





သည်။

"မမ ဒါ စနိုးပစ္စည်းတွေ"

"ဟုတ်တယ် ပုရစ်၊ အဲဒီ စိန်လက်စွပ်နဲ့ဆွဲကြိုးလိုပုံစံမျိုး မမ မှာလည်းရှိတယ်၊ မမတို့ညီအစ်မတွေကို ဖေဖေနဲ့မေမေ ဝယ်ပေးခဲ့တာ လေ"

မမနှင်းပန်း အသံတွေသည် အက်ကြောင်းရာထင်ကာ တုန် ယင်နေသည်။

"ဒီ ဒီဟာတွေက"

"ဒါ မြန်မာပိုက်ဆံမဟုတ်ဘူး၊ ဒေါ်လာတွေလေ ဒါတွေကိုတော့ စနိုး ဘယ်ကရခဲ့သလဲဆိုတာ မမ မသိဘူး၊ သူ့ ကာစတန်မာတွေဆီက ရခဲ့တာလည်း ဖြစ်မှာပေါ့လေ"

ဘယ်လိုပဲ ဖြစ်နေ ဖြစ်နေ စနိုးပစ္စည်းတွေကို ပုရစ် ဆက်ပြီး ထိန်းသိမ်းချင်တော့။

"ရော့ မမ ဒါတွေအားလုံး မမဆီကို ပြန်အပ်ပါတယ်၊ မမပဲ ဆက်ပြီး ထိန်းသိမ်းပေးပါ"

"ဟင့်အင်း မမလည်း ဒီဟာတွေကို ထိန်းသိမ်းပေးလို့ မရ တော့ဘူး၊ ဒီဟာမှမဟုတ်ဘူး လောကမှာ မမ အရမ်းမြတ်နိုးရတဲ့အရာ တွေ အချစ်တွေ မေတ္တာတရားတွေ အို အားလုံး အားလုံးကို မမ စွန့်လွှတ်လိုက်ရတာ ကြာခဲ့ပြီပဲ၊ မမဟာ လောကကြီးက ပေးတဲ့အခွင့်အရေး တွေအားလုံးကို ပိုင်ဆိုင်ထိတွေ့ခွင့်မရတော့တဲ့သူတစ်ယောက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မမ ဘာတွေပြောနေတာလဲ၊ ပုရစ် ဘာမှနားမလည်ဘူး"

"ခု နားလည်ဖို့ မလိုသေးပါဘူး။ ပုရစ် နားလည်လာမယ့်အချိန်က တောဇည်ု့နဲ့သမီးလေးဘဝထဲကို အပြီးအပိုင် ဝင်လိုက်တဲ့အချိန်ပဲ"

"ကဲ ဒါတွေပြန်သိမ်းထားလိုက်ပါတော့၊ ဒီနေ့ကစပြီး ဒီပစ္စည်းတွေရဲ့ ပိုင်ရှင်အသစ်က ပုရစ် ဖြစ်သွားပြီ"

ပုရစ် ဘာမှမမက်မောပါဘူးဟု ပြောချင်ပေမယ့် ရင်ထဲမှာရှုပ်ထွေးနေဆဲ ပုစ္ဆာတွေ သောကတွေ မပြေပျောက်သေး၍ မမနှင်းပန်းစကားကို မလွန်ဆန်ချင်။

အမှန်ဆို ပုရစ်ဘဝမှာလိုအပ်နေတာ ကိုအချစ်တစ်ခုတည်းပါ။ အဲဒီအချစ်တွေသာ ပြန်ရကြည့် ပုရစ်ဘဝမှာ ဘာမှမလိုအပ်တော့ပါဘူး။

■ ■ ■

## အခန်း (၃၁)

အဝတ်အိတ်ဆွဲပြီး ခြံထဲမှထွက်လာသော ပုရစ်၏ခြေလှမ်းတွေသည် ဖန်လိပ်လုံးကို ခြံပြင်တွင် တွေ့လိုက်ရ၍ တရွေ့ သရဲတစ်ကောင်တွေ့သလို တုန်လှုပ်ချောက်ချားခြင်းတွေဖြင့် ရပ်တန့်သွားသည်။

ပထမတစ်ခါတွေ့တုန်းကလို မမနှင်းပန်းများ တစ်နေရာကပေါ်လာပြီး ကယ်ထုတ်သွားပေးမလားဟူသော အားကိုးစိတ်ကလေးဖြင့် ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်သည်။ မမနှင်းပန်း၏ အရိပ်အယောင်တောင် မတွေ့ရ။

"ဒီတစ်ခါ ထွက်မပြေးနဲ့တော့ ပုရစ်၊ ဟိုတစ်ခေါက်တုန်းကမင်းအပြေးမြန်ပေမယ့် ဒီတစ်ခေါက်တော့ ပြေးလို့မရတော့ဘူး။ မကြာခင်မင်းကိုဖမ်းဖို့ ရဲတွေရောက်လာတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ရဲတွေဆို၍ တုန်လှုပ်သွားသည်။ လူတစ်ကိုယ်လုံး နုတ်ဝင်သည် တစ်ယောက်လို တုန်ခိုက်လာသည်။

"မကြောက်ပါနဲ့ မင်းသာ ငါနဲ့လိုက်ခဲ့မယ်ဆိုရင် ရဲတွေရောက် မလာခင် တစ်နေရာရာကို အတူထွက်ပြေးပုန်းရှောင်နေလို့ရတယ်၊ ငါ မင်းကိုကာကွယ်ပေးနိုင်တယ်"

ရဲတွေဖမ်းမှာကြောက်ပေမယ့် ဖန်လိလုံးနောက်ကိုတော့ ပုရစ် ဘယ်လိုမှ မလိုက်နိုင်ပါ။

"ဟင့်အင်း ငါ နှင်နဲ့မလိုက်နိုင်ဘူး"

"ကျွတ် ဘာလို့စိမ်းကားနေတာလဲ ပုရစ်ရယ်၊ နှင်နဲ့ငါနဲ့က ချစ်သူတွေလေ"

ဖန်လိလုံး၏ခြေလှမ်းတွေသည် ပုရစ်နားသို့ တဖြည်းဖြည်း လျှောက်လာ၏။

"ဘာချစ်သူတွေလဲ၊ နှင့်ကိုငါ ဘယ်တုန်းကမှ မချစ်ခဲ့ဘူး"

"ဟာကွာ ပုရစ် အဲလိုစကားမျိုး ခုမှလာမပြောနဲ့တော့၊ ငါ မင်းကိုမျှော်လင့်ရှာဖွေခဲ့ရတဲ့အချိန်တွေက ကြာခဲ့ပြီကွ၊ မင်းပြောတဲ့စကား စိမ်းစိမ်းကြီးတွေနဲ့ ငါ့အချစ်တွေ ငါ့မျှော်လင့်ချက်တွေကို အပိုင်းပိုင်းကျိုး ကျေပျက်စီးအောင် ရိုက်ချက်မပြင်းလိုက်ပါနဲ့၊ ငါ တကယ်မခံစားနိုင်ဘူး မင်းနဲ့မတွေ့ခင်မှာ ငါဟာ ဗီလိန်တစ်ကောင်ဖြစ်ချင်ဖြစ်ခဲ့လိမ့်မယ်၊ ဒါပေမဲ့ မင်းကိုတွေ့ပြီးတဲ့အချိန်ကစပြီး ငါဟာ အချစ်သမားတစ်ယောက် ဖြစ်ခဲ့





ခဲ့တယ်ဆိုတာ ယုံလိုက်စမ်းပါ"

သူ့ရင်ဘတ်ကို တဘုန်းဘုန်းရိုက်ပြီး ပုရစ် ယုံအောင် ပြောနေသော ဖန်လိလုံး၏မျက်နှာပေါ်မှာ ပုရစ်ကို နှင့်နှင့်နဲနဲ ချစ်သောအချစ်တွေ ဖိတ်လျှံကျနေ၏။

ဒါကို ပုရစ် စိတ်မဝင်စား။ သူ ပုရစ်ကို ဘယ်လောက်ချစ်ချစ် ပုရစ် သူ့ကိုဗီလိန်တစ်ကောင်လို မြင်တဲ့အမြင်က အရိုးစွဲနေပြီမို့ ဘယ်တော့မှ အချစ်တွေဖြစ်ပေါ်လာမှာမဟုတ်။

"လာ ကားပေါ်တက် အချိန်မရှိတော့ဘူး၊ ရဲတွေ ရောက်လာတော့မှာ၊ ခေါင်းမမာစမ်းပါနဲ့ ပုရစ်ရယ်၊ ငါတို့ကမ္ဘာသစ်လေးတစ်ခု အတူတူ ထူထောင်ကြရအောင်"

ရှေ့တိုးကာ ပုရစ် လက်ကို အတင်းဆွဲခေါ်လေပြီ။

"ဟင့်အင်း နှင် နှင် ငါ့အသားကို မထိနဲ့၊ ငါ နှင်နဲ့မလိုက်ဘူး၊ ထောင်အကျခံလိုက်မယ် သိလား"

ဖန်လိလုံး လက်ထဲမှ ပုရစ် ရအောင်ရုန်းသည်။ ယောကျ်ားအား နှင့်မိန်းမအားမို့ အင်အားချင်းကမမျှ။

ထိုအချိန်တွင် ရပ်ထားသော ဖန်လိလုံးကားနောက်မှ တေဇညို အား ထိုးရပ်လိုက်သည်။

ကားပေါ်မှ ဦးမင်းဆွေနှင့်တေဇညို ဒရောသောပါး ဆင်းလာ ကာ ရှန်းရင်းဆန်ခတ် ဖြစ်နေသော ပုရစ်နှင့်ဖန်လိလုံးနားသို့ ရောက်လာ သည်



www.burmeseclassic.com

www.burmeseclassic.com



"ဖန်လ်လုံး မင်း ပုရစ်ကို ဘယ်မှခေါ်သွားစရာမလိုဘူး"

ပြတ်သားတင်းမာသော ဦးမင်းဆွေ စကားကို ဖန်လ်လုံးအရေး မစိုက်။

"ကျုပ်ချစ်သူကို ကျုပ်ခေါ်တာ ခင်ဗျားနဲ့ဘာဆိုင်လဲ"

"မဟုတ်ဘူး ပုရစ်သူ့ချစ်သူမဟုတ်ဘူး"

"ခွပ်"

"အား"

တေဇညို ဘာစကားမှမပြော။ ဖန်လ်လုံး မျက်နှာပေါ်ကိုသာ ခပ်ပြင်းပြင်း လက်သီးတစ်ချက် ပစ်လွှတ်လိုက်သည်။ ဖန်လ်လုံး မြေကြီးပေါ် ဖင်ထိုင်လဲကျသွားသည်။

"မင်း ငါ့ကိုကလိန်ကျပြီး ပုရစ်အကြောင်း မမှန်တာတွေ လာပြောသွားတယ်"

"မမှန်တာ မဟုတ်ဘူး၊ ဒါ အမှန်တရားပဲ"

"ဘာ ကဲကွာ ညာပြောဦး"

"ခွပ် ခွပ်"

လက်သီးချက်တွေသည် ဖန်လ်လုံး၏ပါးပေါ်သို့ အပြိုင်အဆိုင် ဆက်တိုက်ကျသွား၏။

"တေဇညို ဒီကောင့်ကို မင်းလက်အနာခံပြီး ဆုံးမမနေနဲ့ မိန်းကလေးတစ်ယောက်ကို နှောင့်ယှက်မှု လိမ်လည်ပြောဆိုမှု၊ တရားမဝင်မာဆတ်ခန်းဖွင့်မှုနဲ့ ရဲစခန်းကို ဖုန်းဆက်လိုက်မယ်"



ဦးမင်းဆွေ ဖုန်းထုတ်ပြီး ရဲစခန်းကို ဖုန်းဆက်ရန် ဟန်ပြင်ခြိမ်းခြောက်လိုက်သည်။

"ဘာ ကျုပ်က လိမ်လည်ပြောဆိုမှု ဟုတ်လား။ အဟက် ကျုပ်က အမှန်တရားကိုပြောတာ"

"ဘာ ဒါဆိုရင် မင်းအစ် သီတာသွင် မသေဘဲနဲ့ ဘာကြောင့် သေသွားတယ်ဆိုပြီး ပုရစ်ကို ညာပြောရတာလဲ"

ဦးမင်းဆွေ စကားကြောင့် ပုရစ် တအံ့တသြ ဖြစ်သွားပြီး ဦးမင်းဆွေနားသွားပြီး

"ဦးလေး ဘယ်လိုပြောလိုက်တယ်၊ မသီတာသွင် မသေဘူး ဟုတ်လား၊ ဒါ တကယ်လား တကယ်လားဟင်"

အငမ်းမရမေးနေသော ပုရစ်၏ အားမလိုအားမရ အပြုအမူကြောင့် ဦးမင်းဆွေ အမှန်တရားတစ်ခုကို ရှင်းပြလိုက်သည်။

"ဟင် ဒါ ဒါဆိုရင် မသီတာသွင် မသေဘူးပေါ့၊ ပုရစ်ကို ရဲတွေ ဖမ်းမယ်ဆိုတာ မဟုတ်ဘူးပေါ့ ဟုတ်လား။ တောက် ယုတ်မာလိုက်တာ"

ဖန်လ်လုံးရှိရာဘက်သို့ နာကျည်းစွာ ခပ်စိမ်းစိမ်းလှည့်ကြည့်ပြီး

"ဖန်လ်လုံး နင် အရမ်းယုတ်မာတယ်၊ အပြစ်မဲ့တဲ့မိန်းကလေးတွေကို ခိုင်းစေပြီး အမြတ်ကြီးထုတ်ကြတဲ့ နင်တို့မောင်နှမနှစ်ယောက်လုံး လောကကြီးမှာ ရှိမနေသင့်ဘူး"

"မဟုတ်ဘူး မဟုတ်ဘူး ပုရစ်၊ နင်ပြောတာတွေ မှန်သင့်သ

www.burmeseclassic.com

www.burmeseclassic.com



လောက်မှန်ပေမယ့် နင့်ကိုတော့ ငါ အဲလို ခိုင်းမစားခဲ့ဘူးလေ၊ ငါ နင့်ကိုအရမ်းချစ်တာဟ၊ နင့်ကိုငါ မစွန့်လွှတ်နိုင်လို့ မမ သေပြီလို့ ညာပြောပြီး နင် ငါ့ကိုအားကိုးစေချင်ခဲ့တာ''

''သေလိုက် အဲဒီမှာ ပိုးစိုးပက်စက်နဲ့ ဘုန်းခနဲ လဲသေလိုက် လောကကြီးမှာ နင်မရှိရင် အရမ်းကို သာယာသွားမှာ''

ဒီတစ်ခါ သွေးပျက်ခဲ့သူက ဖန်လိလုံးပင် ဖြစ်သည်။

''ဟင့်အင်း ငါ မသေနိုင်သေးဘူး၊ နင့်ရဲ့အချစ် နင့်ရဲ့ဘဝကို ငါ မပိုင်ဆိုင်ရသေးဘဲနဲ့ လောကကြီးထဲက ထွက်မသွားနိုင်ဘူး၊ လာ နင် ငါနဲ့ပဲလိုက်ခဲ့ရမယ်၊ ငါကလွဲပြီး နင့်ကို ဘယ်သူမှ မပိုင်ဆိုင်ရဘူး''

သွေးရူးသွေးတန်း အော်ဟစ်ကာ ပုရစ်ကို ကားရပ်ထားရာနေရာသို့ ဆွဲခေါ်ရန် ကြိုးစား၏။

''ဟင့်အင်း မလိုက်ဘူး လွှတ်''

''အား''

ပုရစ် ရုန်းမရသည့်အဆုံး ဖန်လိလုံးလက်ကို ဖိကိုက်ပစ်လိုက်သည်။ နာကျင်သောကြောင့် ဖန်လိလုံး ပုရစ်ကို အယောင်ယောင်အမှားမှား လွှတ်လိုက်၏။ ပုရစ် တေဇညီအနား ပြန်ပြေးလာလိုက်သည်။

ထိုစဉ် ဖန်လိလုံး၏ကားသည် ဂုံးဆင်းအတိုင်း ဖန်လိလုံးရှိရာဘက်သို့ တဖြည်းဖြည်း လိမ့်လာရင်းမှ အရှိန်မြင့်လာပြီး

''ဝုန်း''

''အား''



ကားမှာ ဆင်ခြေလျှောအတိုင်း လိမ့်ဆင်းပြီး ကားလမ်းမပေါ် ရောက်နေပြီဖြစ်သော ဖန်လိလုံးကို ဝင်၍တိုက်လိုက်၏။

မျက်စိတစ်မှိတ်အတွင်းမှာ ဖြစ်ပျက်သွားသော မြင်ကွင်းကြောင့် အားလုံး မင်တက်သွားကြ၏။

ကံကြမ္မာက ဝင်ဆုံးဖြတ်ပေးလိုက်သည့်ပွဲလေးအဖြစ် အဆုံးသတ်သွားပြီ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၂)

အချစ်တွေဟာ သစ္စာတရားတွေနဲ့အတူ အမှန်တကယ် ရှိသား ခဲ့ကြလျှင် အဲဒီရိုးသားမှုနဲ့ထုပ်ပိုးထားတဲ့သစ္စာတရားက ချစ်ကြသူနှစ် ဦးကို ရက်ရက်စက်စက် ခွဲကြမှာမဟုတ်ပါဘူး။ အဲဒါဟာ ဘာဖြစ်လို့လဲ ဆိုတော့ သစ္စာတရားကလည်း တန်ခိုးရှိလို့လေ။

"ကဲ ပုရစ်အပေါ်မှာ ကိုယ် ပြောမှားဆိုမှားမိတာတွေကို ဝန်ခံ တောင်းပန်ပြီးပြီဆိုတော့ ကိုယ်တို့လက်ထပ်ပွဲလေးကို ဒီရက်ထဲမှာပဲ စီစဉ် လိုက်ကြရအောင်နော်"

အပြစ်တွေ ကျေအေးပေးရန် အနမ်းတွေခြွေချကာ တစ်လက် စတည်း လက်ထပ်ဖို့ပါ ရင်ဖွင့်တောင်းဆိုလိုက်သည်။ ဒီတစ်ခါအချိန်ထပ် ဆွဲ၍ မဖြစ်တော့။



"အင်းပါ ကိုသဘောပါ၊ ပုရစ်လည်း ဘဝကို တစ်ယောက်ထဲ ရပ်တည်လျှောက်လှမ်းရတာ ကြောက်သလိုလို ဖြစ်လာပါပြီ၊ ဒါကြောင့် ကိုဘေးမှာ ဖနီးမယားကောင်းတစ်ယောက်အဖြစ်နဲ့ မှီခိုပါရစေတော့"

ရိုကျိုးစွာ တောင်းဆိုလာသော ပုရစ်၏စကားသည် ဘဝသစ် တစ်ခု ထပ်ထူထောင်ဖို့ အင်အားတွေဖြစ်စေ၏။

"ပြောဖို့ လိုနေသေးလို့လား ပုရစ်ရယ်၊ ပုရစ်နဲ့ကိုယ့်ကြားက သံသယတွေ ကင်းရှင်းသွားပြီမို့ ဖြစ်နိုင်ရင် ခုချက်ချင်းတောင် လက်ထပ် လိုက်ချင်တာ၊ ဒြော် နေဦး ပုရစ်ကို မင်္ဂလာအကြို လက်ဖွဲ့ပေးထားတဲ့သူ တစ်ယောက်ရှိတယ်"

ကောင်တာ အံဆွဲထဲမှ ကတ္တီပါဘူးလေးတစ်ဘူးကို ထုတ်ယူပြီး ပုရစ်ကို ပြသည်။

"ဘယ်လို ကို၊ မင်္ဂလာအကြိုလက်ဖွဲ့ ဟုတ်လား၊ ဘယ်သူလဲ ဟင် အဲဒီလူကို ပုရစ် သိလား"

"မသိဘူး ပုရစ် မြင်တောင်မမြင်ဖူးလိုက်ဘူး"

လက်ဖွဲ့ပစ္စည်းကို မက်မောတာထက် လက်ဖွဲ့ကြိုဖွဲ့ထားတဲ့သူ ကို သိချင်စိတ်က ပုရစ်စိတ်တွေကို မရိုးမရွဖြစ်စေသည်မို့ ကမ်းပေးလာ သော ကတ္တီပါဘူးကို ဖွင့်ကြည့်လိုက်သည်။

"ဒီ ဒီဆွဲကြိုးက ဘယ်သူဖွဲ့တာလဲဟင်"

စနိုး သူ့ကိုပေးခဲ့သည့် ဆွဲကြိုးနှင့်တစ်ပုံစံထဲမို့ ပုရစ် အတိုင်း အဆမရှိ အံ့သြသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကိုယ့်ဇနီး ဂျူးလေးရဲ့အမေက ကြိုဖွဲ့ခဲ့တာလေ"

ရင်ထဲမှာ ဒိန်းခနဲ ဆောင့်ခုန်သွားသည်။

"ဘုရားရေ တိုက်ဆိုင်လိုက်တာ"

"ဘာကိုတိုက်ဆိုင်တာလဲ ပုရစ်ရဲ့"

"ဒီ ဒီဆွဲကြိုးမျိုး ပုရစ်မှာလည်းရှိတယ်"

ဒါတင်မကသေး မမနှင်းပန်းဆီမှာလည်း ရှိနေတယ်ဆိုတော့ မမနှင်းပန်းနဲ့စနိုး ပတ်သက်နေသလို ကို့ဇနီးနဲ့လည်း ပတ်သက်နေသည် ဆိုသည့်သဘောပေါ့။

"ပုရစ်မှာလည်း ဒီလိုဆွဲကြိုးမျိုးရှိတယ် ဟုတ်လား၊ ပုံစံဆင်တာ ဖြစ်မှာပါ"

"ဟင့်အင်း မဟုတ်ဘူး၊ တစ်ပုံစံတည်းပဲ၊ ဒါပေမဲ့ ပုရစ်ရဲ့ကိုယ်ပိုင်ပစ္စည်းတော့ မဟုတ်ဘူး၊ စနိုး လက်ဆောင်ပေးခဲ့တာ"

ဒီတစ်ခါ အံ့သြရသူက တေဇည်။ စနိုးက ပုရစ်နဲ့ဘယ်လိုပတ်သက်ရပြန်တာလဲ။ လောကကြီးက အဲလောက်ကျဉ်းမြောင်းရသလား။

"စနိုးနဲ့ပုရစ်က"

"မာဆတ်မှာတုန်းက သိခဲ့ကြတာ၊ ဒီဆွဲကြိုးမျိုးကို သူ မသေခင်က ပေးခဲ့တာ"

"ဘာ စနိုးဆုံးပြီ ဟုတ်လား၊ ဟာကွာ စိတ်မကောင်းလိုက်တာ"

တေဇည် ဟန်မဆောင်နိုင်လောက်အောင်ကို မျက်နှာပေါ်မှာ စိတ်မကောင်းခြင်းတွေ ပြိုဆင်းလာ၏။ ကံဆိုးလိုက်တဲ့ ညီအစ်မတွေပါ





လား။ ငယ်ငယ်ရွယ်ရွယ်နဲ့ လောကကြီးထဲက မရှေးမနှောင်း ထွက်ခွာခဲ့ကြရတယ်လို့။

"ဒါနဲ့ စနိုးနဲ့ကို့ဇနီးကရော ဘာတော်လဲ"

"ညီအစ်မအရင်းတွေလေ"

"ဒါဆို ညီအစ်မ သုံးယောက်ရှိတာပေါ့"

ကိုယ်မသိလိုက်ဘဲ ထုံးနေသော ပုစ္ဆာတွေ အချိန်ကျလာ၍ တဖြည်းဖြည်း ဖြေကျလာပြီ။

"ဟင့်အင်း ညီအစ်မ နှစ်ယောက်ထဲရှိတာ"

"ဒါဆို မမနှင်းပန်းကရော"

"ဟင် ဘယ်လို နှင်းပန်း ဟုတ်လား"

"နှင်းပန်းကို ဘယ်လိုလုပ်သိလဲ"

"ဒီရောက်မှသိတာလေ၊ ပုရစ်တို့ခြံဘေးက တိုက်ပျက်ကြီးမှာ နေတယ်၊ ပုရစ်တစ်ယောက်ထဲ အထီးကျန်နေတဲ့အချိန်မှာ မမက ပုရစ်ကို အမြဲအဖော်လာလုပ်တယ်၊ ကိုနဲ့ပုရစ်တို့ အချစ်ခရီးလမ်း ဖြောင့်ဖြူးစေချင်တဲ့သူတွေထဲမှာ မမနှင်းပန်းက ထိပ်ဆုံးကပဲ၊ မမကပြောတယ်၊ ကိုနဲ့ဂျူးလေးဘဝထဲကို ပုရစ်ဝင်မှရမှာမို့လို့ ကိုတို့သားအဖကို ထားမသွားဖို့ အကြိမ်ကြိမ်ပြောရှာတာ"

မမနှင်းပန်းအကြောင်း ရေပက်မဝင်အောင် ပြောပြနေချိန်မှာ တေဇည်မှာ အရုပ်ကြိုးပြတ်ဖြစ်ပြီး ကောင်တာစားပွဲပေါ်မျက်နှာအပ်၍

www.burmeseclassic.com



တရှုံ့ရှုံ့ငိုကြွေးနေ၏။ ပုရစ် မြင်လိုက်တော့ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင် ပျာယာခတ်သွားသည်။ ပုရစ် ပြောတဲ့အထဲမှာ ဘာအမှားမှ မပါတာ ပုရစ်အသိဆုံးပါ။

"ကို ကို ဘာဖြစ်လို့လဲဟင်၊ ပုရစ်ကိုပြောပါ လန့်လိုက်တာ ကိုရယ်"

"ကိုယ် ကိုယ် ဘယ်ကစပြောရမှန်းတောင် မသိတော့ဘူး ပုရစ်ရယ်၊ ကိုယ့်ကို ပုရစ်ရဲ့မမနှင်းပန်းနေတဲ့ခြံကို ခေါ်သွားပေးပါလား ကိုယ် သူနဲ့တွေ့ချင်တယ်၊ တွေ့ခွင့်ရချင်တယ်၊ တစ်စက္ကန့်လေးဖြစ်ဖြစ် တွေ့ခွင့်ရရင် ကိုယ် ကျေနပ်တယ်"

ဘာကြောင့် ခုလိုပုံစံမျိုးပြောနေရတာလဲဆိုတာ ပုရစ် နားမလည်ပေမယ့် ခံစားနေရသော ကိုကိုကြည့်ပြီး ရှင်းလင်းအောင် မမေးရက်တော့။ ကိုပုံစံက တော်တော်လေး နင့်နင့်သီးသီး ခံစားနေရပုံ။

ကို ဘာဖြစ်သွားတာလဲ။ ကို့ဆီမှာ စောစောက တွေ့နေရသည့် ကြည်နူးကျေနပ်စရာ စကားလုံးတွေ ဘယ်ရောက်ကုန်ပြီလဲ။

ဘယ်လိုကြမ္မာဆိုးတွေက ပုရစ်ရဲ့အနာဂတ်မှာ စောင့်ကြိုနေပြန်ပြီလဲ။ ပုရစ် စိတ်မောလိုက်တာ။

ဒီတစ်ကြိမ်လည်း ကိုနဲ့ပုရစ် မခွဲခွာရပါစေနဲ့။

■ ■ ■



## အခန်း (၃၃)

"ဟင် ဒီ ဒီခြံထဲက အိမ်အိုကြီး ဘယ်ရောက်သွားပြီလဲ"

"အရင်ကတည်းက ဒီခြံက မြေကွက်သက်သက်ပဲရှိတာလေ ပုရစ်ရဲ့၊ ဘာအိမ်မှမရှိဘူး ပုရစ်ရဲ့"

"အို မဟုတ်တာ၊ အဲဒီအိမ်ထဲ ပုရစ်တောင် ရောက်ဖူးတယ်၊ ဟိုတစ်ခါ ဖန်လိပ်လုံးနဲ့တွေ့တော့ မမနှင်းပန်းကိုယ်တိုင် ပုရစ်ကို အဲဒီ အိမ်ကြီးထဲမှာ ဖွက်ထားခဲ့တာ"

ချုံနွယ်ပိတ်ပေါင်းတွေနှင့်ရှုပ်ထွေးပွေလီနေသော ခြံကြီးကိုကြည့်ပြီး မမနှင်းပန်း၏အိမ်အိုကြီးက ဘယ်ရောက်သွားရတာလဲဆိုတာ ပုရစ် ဆိုးစား၍မရ။

"မမနှင်းပန်းကို တစ်စက္ကန့်လေးဖြစ်ဖြစ် တွေ့ရရင် ကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတဲ့ကို့ကို ယုံအောင် ဘယ်လိုပြောရပ့ါမလဲ၊ ပုရစ် ပြောတာ ယုံပါ ကိုရယ်၊ မမနှင်းပန်း ဒီခြံကြီးထဲမှာနေတာ ခုကျမှ အိမ်ကြီးက ဘယ်လိုလုပ်ပျောက်သွားရတာလဲ''

''ပုရစ် မျက်စိမှားတာ ဖြစ်မှာပါကွာ''

မျှော်လင့်ချက် မဲ့သွားသောအသံဖြင့် ပုရစ်ကို ပြန်လည်နှစ်သိမ့်ပေးနေသော တေဇညိုကိုကြည့်ပြီး ပုရစ် စိတ်တွေ ပို၍ရှုပ်ထွေးလာသည်။ ဒါ ဘယ်လိုဖြစ်တာလဲ၊ ကိုပြောသလို မျက်စိမှားတယ်ပဲထားဦး တစ်ကြိမ် တစ်ခါပဲ မှားမှာပေါ့၊ ခုဟာက ပုရစ် ဒီမြို့လေးကိုရောက်ကတည်းက ဒီ အိမ်ကြီးနဲ့မမနှင်းပန်းကို ရင်းနှီးခဲ့တာ၊ ဒါကိုယုံအောင် ပုရစ်မှာ သက်သေ ပြစရာလည်းမရှိတော့။

''မမနှင်းပန်း မမ မမရေ''

ဒီတော့ မမနှင်းပန်းကို တကြော်ကြော်အော်ခေါ်လိုက်၏။ ဘာ တုံ့ပြန်သံမှ မကြားရ။ အမှန်ဆို မမနှင်းပန်း ပုရစ်ရှိနေတဲ့နေရာကို ရောက်လာရမှာ။

ပုရစ်ကို တစ်ချိန်လုံး အားပေးနှစ်သိမ့်ခဲ့တဲ့ မမ ခုဘယ်ရောက် နေလဲ။ ဘာကြောင့် အရိပ်အယောင်လေးတောင် မတွေ့ရတာလဲ။

''နေဦး ကို၊ ပုရစ် ခြံထဲသွားဝင်ကြည့်မယ်''

''မလိုတော့ဘူး ပုရစ်၊ တကယ်တော့ ပုရစ်အမြင်မှားနေတာ ပုရစ်ဆီကို ကိုယ်ရောက်လာတိုင်း အဲဒီခြံမှာ ဘာအိမ်မှရှိမနေတာ ကို လည်းသိတာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီခြံပိုင်ရှင်က ကိုယ်ဖြစ်နေလို့''



''ရှင်''

ထင်မှတ်မထားသောကိစ္စတွေ တော်တော်များများ ပုရစ်အပေါ် ပိကျလာသလို ပုရစ် အသက်တောင် ခပ်ဝဝရှူ၍မရတော့။ နားမလည် နိုင်းပွစ္စာတွေက ဝက်ပါတစ်ခုထဲရောက်သွားသလို ထွက်ပေါက်ပိတ်နေ၏။

''ကဲပါ အခြေအနေတွေအားလုံးကို ကိုယ်အဖြေရှာတွေ့သွား ပြီ ပြန်ကြရအောင်၊ အိမ်ရောက်ရင် ပုရစ် သိချင်တာတွေရဲ့အဖြေရှိတယ်''

''ဒါ ဒါပေမဲ့ မမနှင်းပန်းကိုမှ ရှာမတွေ့တာ''

''ဟင့်အင်း ပုရစ် ဘယ်တော့မှ ရှာတွေ့တော့မှာ မဟုတ်ဘူး၊ သူ ကိုယ်တို့သားအဖနဲ့အတူ နေခွင့်မရလို့ ဒီမှာတစ်ချိန်လုံး ဒုက္ခပင်လယ် ထဲနေရမှာပေါ့၊ ခုတော့ သူ ငြိမ်းချမ်းသွားပြီနေမှာပါ''

''ကို ဘာတွေပြောနေတာလဲ၊ ပုရစ် နားမလည်ဘူး၊ မမနှင်းပန်း ဘာဖြစ်လို့လဲ၊ ဘာဖြစ်သွားလို့လဲ ပြောပါဦး''

ပုရစ် အမေးကို မဖြေတော့ဘဲ ကားရှိရာသို့ လေးလံသော ခြေလှမ်းတွေဖြင့် လျှောက်သွား၏။

ပုရစ်အနောက်မှ ခြေလှမ်းခပ်ကြဲကြဲလှမ်းပြီး လိုက်သွားလိုက် သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၄)

"ဟင် ဒါ ဒါ ကိုဖနီး ဟုတ်လား"

"ဟုတ်တယ် ပုရစ်၊ သူ့နာမည်က နှင်းပန်းဖြူ တဲ့၊ ပုရစ် သိထားတဲ့ နှင်းပန်းနဲ့သူဟာ တစ်ယောက်ထဲပေါ့"

"ဘုရားရေ ဒီ ဒီလိုကိစ္စမျိုးတွေ တကယ်ရှိတယ် ဟုတ်လား"

"ဟုတ်တယ် ဖြူဟာ သူ လူ့လောကကြီးထဲကနေ ထွက်သွား ရပေမယ့် ကိုယ်နဲ့သမီးလေးဂျူးကို ခွဲလမ်းတဲ့စိတ်နဲ့ မကျွတ်မလွတ်ထဲ ဘဝမျိုးနဲ့ အဲဒီခြံကြီးထဲမှာ မှီခိုနေရတာဖြစ်မယ်၊ သနားစရာကောင်း လိုက်တဲ့ ဖြူရယ်၊ မောင် ဘယ်လိုဖြေရမလဲ"

တဆက်တည်းမှာပင် ဖြူ့ကို ကြေကွဲစွာ တမ်းတလိုက်မိသည်။

ထိုအဖြစ်အပျက်သည် အမှန်တရားတစ်ခု မဟုတ်နိုင်ဟု ပုရစ် ထင်သည်။ မမနှင်းပန်းဟာ ဝိညာဉ်တဲ့လား။ ဒါဆို ပုရစ်ဟာ ဝိညာဉ် စကားတွေပြောခဲ့ရတာပေါ့။





"ဟင့်အင်း မဖြစ်နိုင်ဘူးထင်တယ်၊ မမနှင်းပန်းက ဝိညာဉ် မဟုတ်ဘူး လူပါ၊ ပုရစ်ကို အစ်မတစ်ယောက်လို ကာကွယ်စောင့်ရှောက် ပေးတာ ပုရစ် အသိဆုံး"

"အမှန်တရားတစ်ခုကို လက်ခံလိုက်ပါ ပုရစ်ရယ်"

ပုရစ် တသိမ့်သိမ့်ရှိုက်ငိုလိုက်သည်။ ပုရစ် အစ်မတစ်ယောက် လို ခင်တွယ်အားကိုးခဲ့ရတဲ့ မမနှင်းပန်းက ပရလောကသားတစ်ယောက် တဲ့လား။ ဒါကြောင့် မမကို ခုမတွေ့ရတော့တာလား။

"ဒါဆို ကို ပုရစ်ဆီလာတိုင်း တံခါးဂျက်ပွင့်နေတယ်ဆိုတာ ဘုရားရေ ဒါ ဒါဆို မမက ကိုနဲ့ပုရစ်ကို နီးစပ်အောင် အမိကပ့်ပိုးနေတဲ့ သူပေါ့၊ ဟုတ်လား ကို"

"ဟုတ်တယ် ကိုယ်လည်း အဲဒီလိုပဲ ယူဆမိပါတယ်"

အာရုံတွေ ထုံထိုင်းမှိုင်းသွားအောင် မမနှင်းပန်းသည် ပုရစ်ကို သံယောဇဉ်ကြိုးတွေ အနိုင်အမာ ချည်နှောင်ခဲ့လေပြီ။

"ဒါဆို ဖန်လ်လုံးကို ဆေးရုံမှာ အတွင်းလူနာဖြစ်အောင် အပြစ် ပေးခဲ့သူဟာ လူမပါဘဲ ကားတရွေ့ရွေ့ လိမ့်လာအောင် အခြေအနေတစ်ခု ကို ဖန်တီးတဲ့သူဟာ မမနှင်းပန်းပေါ့"

"သူ တစ်ချိန်လုံး ကိုယ်တို့သားအဖနဲ့ ပုရစ်ကို စောင့်ရှောက်နေ ခဲ့တာကို ယုံလိုက်ပါတော့ ပုရစ်ရယ်"

တေဇည္သိ မျက်ရည်တွေ ကျနေသည်။ သိပ်ချစ်ခဲ့ရတဲ့ ဖြူဝိ ညာဉ်လွှန်ရောက်နေတာတောင် သမီးလေး ဂျူးကို အမေအရင်းပိုချစ်



www.burmeseclassic.com

နိုင်မယ့်မိခင်မျိုးကို ရှာပေးသတဲ့။

အချစ်ကြီးလိုက်တဲ့ ဖြူရယ်။ ပုရစ်ကို လက်ထပ်လိုက်ပေမယ့် မောင် ဖြူ့ကိုချစ်တဲ့အချစ်က မြူတစ်မှုန်စာတောင် လွင့်ပျယ်မသွားပါဘူး

ပုရစ် ရင်ထဲမှာ ရှုပ်ထွေးစွာဖြင့် ဟိုးခပ်ဝေးဝေးကို အဓိပ္ပာယ်မဲ့ ငေးကြည့်လိုက်သည်။

ဖန်သားပြင်လို တစ်ဖက်ကို ထွင်းဖောက်မြင်ရသော မမနှင်းဆီ၏ ပုံရိပ်သည် ကျေနပ်သောအပြုံးနုတို့ဖြင့် ပုရစ်ကို လက်ပြနှုတ်ဆက်ပေးသလိုလို၊

စိတ်ထဲမှာ ဝမ်းနည်းလှိုက်ဖိုလာကာ မျက်ရည်တို့မဆည်နိုင် ဖြစ်ရပြန်သည်။ ထို့ကြောင့် စိတ်ထဲမှပင်

"မမရယ် မမသိပ်ချစ်တဲ့ ယောကျ်ားကို ပုရစ်ဘဝထဲ ပုံအပ် ပေးခဲ့တဲ့ မမရဲ့မြင့်မြတ်တဲ့မေတ္တာတရားကို ပုရစ် အမြဲတမ်း အတူ ပြီး ကိုနဲ့သမီးလေး ဂျူးကို တစ်သက်လုံး စောင့်ရှောက်သွားပါမယ်"

စိတ်ထဲမှပင် ကတိတွေ အထပ်ထပ်ပေးကာ ကြည်ဖြူ အပ်နှင်းခဲ့သည့် ရင်ခွင်ထဲကို နွေးထွေးစွာ ခိုလှုံလိုက်သည်။

ပရိသတ်အတွက်

အမြဲတမ်း

ဗျူး

ဗျူး ၁၇၆၀